www.burmeseclassic.com

# ကျောက်စိမ်း

## နိုင်ငံတော် လျှို့ဝှက်မှုကြီး

### နိုင်ဦး

JADE;
MYANMAR'S "BIG STATE SECRET"

OCTOBER 2015

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ယဉ်မျိုးစာအုပ် - ၁၆၆

ယဉ်မျိုးစာပေ

အမှတ် ၂၇၄ B၊ လမ်း ၄၀ (အပေါ်လမ်း) ကျောက်တံတားမြို့နယ်
ဖုန်း - ၀၉ - ၇၃၂၀၁၉၈၆၊ ၀၉ - ၃၁၂၇၆၈၉၁
yinmyo13@gmail.com
Facebook.com/Yin Tun

www.burmeseclassic.com

www.burmeseclassic.com

ယဉ်မျိုးစာပေ

# ကျောက်စိမ်း

## နိုင်ငံတော်လျှို့ဝှက်မှုကြီး

နိုင်ဦး

# JADE

## MYANMAR'S "BIG STATE SECRET"

OCTOBER 2015

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ

**အုပ်ရေ**
၅၀၀
**မျက်နှာဖုံး**
ညီပုချေ
**အတွင်းကွန်ပြူတာစာစီ**
ယဉ်မျိုး
**အတွင်းဖလင်**
ထွန်းထွန်း
**စာအုပ်ချုပ်**
ကိုမြင့်လွင်
**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဦးဝင့်ဗိုလ်ဗိုလ် (နှန်းသဇင်ပုံနှိပ်တိုက် – ၀၀၄၄၁)
၁၉၄/၁၉၆၊ ၃၉ လမ်း
ကျောက်တံတားမြို့နယ်။
**ထုတ်ဝေသူ**
ယဉ်ထွန်း(ယဉ်မျိုးစာအုပ်တိုက် – ၀၁၁၇၆)
အမှတ်၊ ၂၇၄/B၊ လမ်း ၄၀ အပေါ်လမ်း
ကျောက်တံတားမြို့နယ်။

**တန်ဖိုး**
၁၅၀၀ ကျပ်

ထုတ်ဝေသည့်ကာတ်တလောက်အညွှန်း CIP

၈၉၅.၈၃
နိုင်ဦး
ကျောက်စိမ်း – ရန်ကုန်၊
ယဉ်မျိုးစာပေ၊ ၂၀၁၆၊
စာ ၁၄၂၊ အလျား – ၁၃.၃၄ စင်တီ၊ အနံ ၂၀.၉၆ စင်တီ
(၁)ကျောက်စိမ်း

www.burmeseclassic.com


www.burmeseclassic.com

# မာတိကာ

အစီရင်ခံစာအကျဉ်း ၂
အခန်း (၁)
ဘယ်လောက်တန်ကြေးရှိလဲ၊ ဘယ်လိုအလုပ် လုပ်နေကြလဲ ၃၁
အခန်း (၂)
ဘယ်သူတွေ ချမ်းသာနေသလဲ ၃၃
အခန်း (၃)
ဘယ်သူတွေ ဆုံးရှုံးနစ်နာနေသလဲ ၉၁
အခန်း ၄
ကျောက်စိမ်းနှင့် လက်နက်ကိုင်ပဋိပက္ခ ၁၀၇

www.burmeseclassic.com

www.burmeseclassic.com




ကချင်ပြည်နယ်နှင့် တရုတ်နိုင်ငံတွင်းမှ ကျောက်စိမ်းရောင်းဝယ်ရေးစင်တာများ

www.burmeseclassic.com

www.burmeseclassic.com

## အစီရင်ခံစာအကျဉ်း

*စစ်အာဏာရှင်များ အုပ်ချုပ်ခဲ့သော မြန်မာနိုင်ငံသည် ကမ္ဘာ့အသိုင်းအဝိုင်းအပြင် ရောက်နေသည်မှာ ကြာခဲ့ပြီ။ ၂၀၁၁ ခုနှစ်တွင် ယူနီဖောင်းချွတ်လိုက်သော အရပ်သားအစိုးရက နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း ကမ္ဘာကို အသိပေးခဲ့သည်။*

ပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ အရေးကြီးသော အခန်းကဏ္ဍများတွင် အမှတ်တကယ် ပြုပြင်ပြောင်းလဲတာတွေ ရှိခဲ့ပါသည်။ ဥပမာ အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခြင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များနှင့် ငြိမ်းချမ်းရေးအတွက် ဆွေးနွေးတာတွေဖြစ်သည်။ သို့ရာတွင် ပို၍ အရေးကြီးသော ကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှု မရှိသလောက်ပင်။ အထူးသဖြင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း ဖြစ်သည်။

ယခု အစီရင်ခံစာကို စုံစမ်းလေ့လာရေးသားရာတွင် ကျောက်စိမ်းတူးဖော်ရောင်းဝယ်ရေးလုပ်ငန်းကို စစ်ဘက်အာဏာရအသိုက်အဝန်းအပါအဝင် အမေရိကန်မှ စီးပွားရေးပိတ်ဆို့ထားသော မူးယစ်ဂိုဏ်းခေါင်းဆောင်များနှင့် ခရိုနီကြီးများက အဘယ်သို့ သိမ်းဆည်းလက်ဝါးကြီးအုပ်ထားသည်ကို ပထမဆုံးအကြိမ် ဆန်းစစ်တင်ပြထားပါသည်။

စစ်အစိုးရက ကျောက်စိမ်းတူးဖော်ရောင်းချခွင့် ပေးထားသည်ဆိုသော ငင်းကုမ္ပဏီကြီးများက ကျောက်စိမ်းလုပ်ငန်းမှ ရရှိနေသော ဒေါ်လာသန်း ထောင်ပေါင်းများစွာကို တင်းကျပ်စွာ ချုပ်ကိုင်ထားသည်။ ဆိုခဲ့ပါ ကျောက်စိမ်းတူးဖော်



www.burmeseclassic.com

www.burmeseclassic.com



ရောင်းဝယ်ရေးကုမ္ပဏီများကို ဗိုလ်ချုပ်မှူးကြီးဟောင်း ဦးသန်းရွှေအပါအဝင် နာမည်ဆိုးနှင့် ကျော်ကြားကြကုန်သော ဗိုလ်ချုပ်ဟောင်းကြီးများက ပိုင်ဆိုင်ထားကြပြီး မြန်မာနိုင်ငံ၏ အဖိုးအတန်ဆုံး သဘာဝအရင်းအမြစ်နှင့် ကမ္ဘာပေါ်တွင် အတောက်ပဆုံးနှင့် အကောင်းဆုံး ကျောက်မျက်ရတနာတို့ကို စိတ်ကြိုက်ထုတ်၍ အမြတ်ထုတ်နေကြသည်။ သို့ရာတွင် ဖားကန့်ကျောက်စိမ်းတွင်းများရှိရာ ကချင်ပြည်နယ်မှ တိုင်းရင်းသားများအတွက်သော်လည်းကောင်း၊ မြန်မာနိုင်ငံသားများအတွက်သော်လည်းကောင်း အကျိုးအမြတ် ပမာဏ၏ အလွန်နည်းပါးသော ပမာဏလောက်သာ ရနေကြပါ၏။

မြန်မာနိုင်ငံတွင် သမိုင်းတွင်မည့် ရွေးကောက်ပွဲတစ်ခုဆီ ရောက်ရှိလာနေရာ ယခု လေ့လာဆန်းစစ်မှုများကား နိုင်ငံ၏ အနာဂတ်အတွက် မည်မျှအရေးပါမည်ကို ပြောဖို့ ခက်ပါသည်။ ကျွန်ုပ်တို့၏ လေ့လာဆန်းစစ်ချက်များအရ ပွင့်လင်းမြင်သာမှုရှိသော အနာဂတ်တွင် စစ်အာဏာရှင်အသိုက်အဝိုင်းအတွက် နေရာရှိမှာ မဟုတ်သော်လည်း လောလောဆယ်တွင် ကျောက်စိမ်းကဏ္ဍမှ မြောက်များစွာသော ငွေတွေကို အလွယ်တကူရနေကြရာ ပြုပြင်ပြောင်းလဲရေး လုပ်နေပါသည်ဆိုသော အစိုးရနှင့် ၎င်းတို့၏ နိုင်ငံတကာ စီးပွားဘက်ကြီးများကို အရေးတကြီး မေးစရာမေးခွန်းတွေ ရှိလာပါသည်။

*ကျောက်စိမ်းတူးဖော်ရောင်းဝယ်ရေးမှ ရရှိလာသော ငွေတွေကို ဘယ်နေရာမှာ အသုံးပြုနေကြပါသလဲ၊*
*အိမ်ခြံမြေ ရောင်းဝယ်ရေးလုပ်ငန်းတွေမှာလား၊*
*ပြိုင်ကားနှင့် ကြီးကျယ်ခမ်းနားသော ပါတီပွဲတွေမှာလား၊ သို့မဟုတ် နိုင်ငံရေးရည်ရွယ်ချက်အတွက် ဘုံးဘောလအော အသုံးပြုနေပါသလား။*




www.burmeseclassic.com

www.burmeseclassic.com





မှူးယစ်ဆေးဝါးသုံးစွဲနေသူတစ်ဦး



ဖားကန့်ပတ်ဝန်းကျင်တစ်ခုလုံး ပျက်စီးနေသော မြင်ကွင်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



"ဖားကန့်ဟာ ကမ္ဘာပေါ်မှာ အဖိုးတန်ဆုံး နေရာတွေထဲက တစ် နေရာပါပဲ။ ဖားကန့်မြေ ကျဉ်းကျဉ်းလေးတစ်ကွက်ကနေ ငွေတွေ သန်းထောင်ချီ ရပါတယ်။ ဒါပေမဲ့ အဲဒီအမြတ်တွေကို တော့ လက်တဆုပ်စာ လူနည်းစုကပဲ ခံစားခွင့် ရှိနေပါတယ်"။

ကချင်ခေါင်းဆောင်တစ်ဦး၊ ကချင်ပြည်နယ်

ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦး၏ အဆိုအရ နိုင်ငံတော် ထိတ်တန်း လျှို့ဝှက်ချက်ကြီးတွင် လည်ပတ်နေသော စုစုပေါင်း ငွေပမာဏမှာ အံ့သြစရာ ကောင်းလောက်အောင် များလှသဖြင့် ယခုအချိန်အထိ ကျောက်စိမ်းလုပ်ငန်း တစ်ခုလုံး၏ တန်ဖိုးကို အကဲဖြတ်ဖို့ ခက်ပါသည်။ သို့ရာတွင် တရုတ်နိုင်ငံ၏ သွင်းကုန်အချက်အလက်များအရ ၂၀၁၄ ခုနှစ်၊ တစ်နှစ်ထဲမှာပင် အမေရိကန် ဒေါ်လာ ၁၂ ဘီလျံရှိကြောင်း Globle witness ၏ စုံစမ်းလေ့လာမှုများက ခန့် မှန်းခဲ့သည်။ လုပ်ငန်းတစ်ခုလုံး၏ တန်ဖိုးအရဆိုလျှင် ဒေါ်လာ ၃၀ ဘီလျံခန့်ရှိရာ ၎င်းကိန်းဂဏန်းကား ကျန်းမာရေးအသုံးစရိတ်၏ ၄၆ ဆနှင့် GDP(တရားဝင် အသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး)၏ ၄၈ ရာခိုင်နှုန်း ရှိပါသည်။

သို့ရာတွင် ကျောက်စိမ်းလုပ်ငန်းကို ပွင့်လင်းမြင်သာမှု ရှိ၍ ရေရှည်အကျိုး အတွက် မျှော်မြင်လုပ်ကိုင်ကြမည်ဆိုလျှင် ကချင်ပြည်နယ် ပြည်သူတို့၏ဘဝကို လုံးဝ ပြောင်းလဲသွားနိုင်သလို တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်စေမည့် တွန်းအားလည်း ဖြစ်စေပါသည်။ လက်တွေ့တွင်မူ ကချင်လူထုတစ်ရပ်လုံး အသက်မွေးဝမ်းကျောင်း လုပ်ငန်းတွေ ပျောက်ဆုံးနေသလို အဖိုးတန် သဘာဝအမွေအနှစ်များနှင့် ပထဝီ အနေအထားများ ပျက်စီးပြောင်းလဲနေပါသည်။ တစ်ဆက်တည်းမှာပင် ကျောက်စိမ်း တွင်းများ၏ အခြေအနေများမှာ ဆိုးဆိုးဝါးဝါး အန္တရာယ်တွေနှင့် ကြုံတွေ့နေသည့် ဟိုင် စက်ယန္တယားကြီးများနှင့် တူးဖော်နေသည်ကို ကန့်ကွက်နေသူများသည်လည်း မြေသိမ်းယာသိမ်းမှုတွေ၊ အကြမ်းဖက်ခြိမ်းခြောက်မှုတွေနှင့် ရင်ဆိုင်နေကြရသည်။ ဆိုခဲ့သလို မတော်မတရား စီမံခန့်ခွဲမှုများကြောင့် တည်ငြိမ်မှု လုံးဝ မရှိသော ဒေသတွင် မကျေမချမ်းနှင့် အုံကြွမှုတွေ ဖြစ်လာခဲ့သည်။ ကျောက်စိမ်းလုပ်ငန်း များကြောင့်ပင် ဗဟိုအစိုးရနှင့် KIA/KIO တို့ကြား စစ်ရေးပဋိပက္ခတွေ ပြင်းမားလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရာ အသက်ပေါင်းများစွာ စွန့်ခဲ့ရပြီး လူပေါင်းတစ်သိန်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်နေရသည်။

သို့ရာတွင် နှစ်ဘက်စစ်တပ်၏ ကုန်ကျစရိတ်များကိုကား ကျောက်စိမ်းမှ ထုတ်ယူခဲ့ကြသည်။ ကျောက်စိမ်းတွင်းများနှင့် ပတ်သက်သော အရပ်ရပ်အခြေအနေများက ဆိုးဝါးလာနေသော်လည်း အမှန်တကယ် ပြောင်းလဲချင်သည်ဆိုလျှင် အခွင့်အရေးများလည်း ရှိနေပါသည်။ အစိုးရအဖွဲ့အတွင်း ပြုပြင်ပြောင်းလဲရေး လုပ်သူများအနေနှင့် ဦးစွာ အကျင့်ပျက်ခြစားမှုတွေကို တိုက်ဖျက်ရပါလိမ့်မည်။ သို့ဖြစ်၍ မြန်မာနိုင်ငံအနေနှင့် (EITI) သဘာဝသယံဇာတအရင်းအမြစ်များ ထုတ်ယူရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအစီအစဉ်တွင် ပါဝင်ရန် လက်မှတ်ထိုးထားပါသည်။ KIA/KIO တို့နှင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဆောင်ရွက်နေပါသည်။ အဆိုပါဆောင်ရွက်ချက်များမှာ ကောင်းမွန်၍ အလားအလာ ရှိသော်လည်း အရေးအကြီးဆုံးမှာ သဘာဝသံယံဇာတတို့ကို တရားမျှတစွာ စီမံခန့်ခွဲနိုင်မည့် စနစ်တစ်ခု လိုနေပါသည်။ ၎င်းစနစ်ဖြင့် တိုက်ရိုက်ကိုင်တွယ် ဖြေရှင်းမှု မရှိသရွေ့ နှစ်ဘက်စလုံးအတွက် အန္တရာယ်များလာနိုင်ပါသည်။

မြန်မာအစိုးရကို ထောက်ပံ့နေသော အနောက်နိုင်ငံ အစိုးရများအနေနှင့် အထူးသဖြင့် အမေရိကန်ကား အဆိုပါကိစ္စတွင် ပါဝင်ဖို့ အဓိကဖြစ်ပါသည်။ အမေရိကန်အစိုးရသည် ယခုအစီရင်ခံစာတွင် နာမည်နှင့်တကွ ဖော်ပြထားသူတို့ကို အရေးယူပိတ်ဆို့တာတွေ လုပ်နေသလို (EITI) လုပ်ငန်းစဉ်တွင်လည်း အရေးပါသောနေရာတွင် ရှိနေပါသည်။ သို့ဖြစ်၍ စစ်တပ်ထဲက သဘောထားတင်းမာသူတွေနှင့် ခရိုနီကုမ္ပဏီတွေကို ကျောက်စိမ်းလုပ်ငန်းထဲက ဆွဲထုတ်နိုင်သော အခြေအနေတစ်ခု ရရှိထားပါသည်။ အမေရိကန်အနေနှင့် အချိန်ဆွဲမနေဘဲ ဘာကြောင့် ချက်ချင်း လုပ်သင့်သည်ဆိုသော အကြောင်းတရားတို့ကို ယခု အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကချင်ပြည်နယ်က ပြောင်းလဲဖို့ တောင်ဆိုသံများ

ဥပဒေလက်လွတ် လုပ်ကိုင်နေသော ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများကို အရေးယူပေးဖို့ တိုင်ကြားထားသော စာကို ဖားကန့်ဒေသနေ ပြည်သူ ၄၉၂၃ ယောက်က လက်မှတ်ရေးထိုးပြီး ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် သမ္မတထံ ပေးပို့ခဲ့သည်။ ၎င်းစာတွင် ကုမ္ပဏီများ၏ စည်းလွတ်ဝါးလွတ် လုပ်ကိုင်နေမှုကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေ လူမှုဘဝ ထိခိုက်မှုတွေကို ယခုလို အသေးစိတ် ရေးသားထားသည်။

*"ဖားကန့်ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း၏ တစိတ်တဒေသအားဖြင့် လုပ်ကွက်များကို နီးစပ်သူတွေကိုသာ ပေးခဲ့ပြီး ဒေသခံ တိုင်းရင်းသားအုပ်စုတွေကို လုံးဝ မပေးပါဘူး၊ တချို့ကုမ္ပဏီတွေဟာ တိုင်းရင်းသားအုပ်စုတွေနဲ့ စပ်ဆက်နေပေမယ့် အမည်ခံမျှသာဖြစ်ပြီး နိုင်ငံခြားသားတွေက ချုပ်ကိုင်ထားကြတာ ဖြစ်ပါတယ်။ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီတွေဟာ စာချုပ်သက်တမ်းမကုန်မီ ကျောက်စိမ်းများများရဖို့ တောင်တွေ တောင်ကုန်းတွေကို မိုင်းခွဲပြီး ရှာကြပါတယ်။ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းဟာ ရေရှည်လုပ်ငန်းဖြစ်ပေမယ့် ဖြတ်လမ်းလိုက်ပြီး စီးပွားရှာဖို့ ကြိုးစားနေကြပါတယ်။ ဒါကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးပြီး ဒေသခံတွေအတွက် ရောဂါဘယနဲ့ ဘေးအန္တရာယ်တွေများပြီး သေကျေပျက်စီးမှုတွေ များလာစေပါတယ်"၊*

*"ကျောက်စိမ်းတူးတဲ့ နေရာမှာ ပတ်ဝန်းကျင် မထိခိုက်မပျက်စီးအောင် လုပ်ကိုင်ရမှာ ဖြစ်ပေမယ့် အခုလို ဗရမ်းဗတာ လုပ်နေတဲ့အတွက် ကျင်းကြီးတွေနဲ့ ရေလှောင်ကန်ကြီးလို ဖြစ်နေပါတယ်၊ မိုးအခါ ရေလှောင်ကန်ကြီးတွေ ပြိုကျတာမျိုးတွေ၊ တမင်ဖျက်ဆီးတာတွေကြောင့် ကျွဲနွားတိရိစ္ဆာန်တွေ သေဆုံးပြီး ထိခိုက်ပျက်ဆီးမှုတွေ အများကြီး ကြုံနေရပါတယ်၊ ဒါပေမဲ့ အဲဒီကိစ္စတွေကို ဘယ်ကုမ္ပဏီမှ တာဝန်မယူခဲ့ကြပါဘူး။ ကုမ္ပဏီဟာ စက်ယန္တရားကြီးတွေနဲ့ လောဘဇောတိုက်ပြီး*



www.burmeseclassic.com

www.burmeseclassic.com



တူးနေတဲ့အတွက် အဖိုးမဖြတ်နိုင်တဲ့ တောတောင်၊ သဘာဝ အရင်းအမြစ်တွေ၊ ကျောက် မျက်ရတနာတွေ ကုန်ခမ်းလု ဖြစ်လာနေပါပြီ၊ မိုင်းခွဲတာတွေကြောင့် လေထုညစ်ညမ်းမှုတွေ ဖြစ်လာပြီး ဒေသခံလူထု ကျန်းမာရေးတွေ ဆိုးဆိုးဝါးဝါး ထိခိုက်လာနေပါတယ်''။

ဖားကန့်ဒေသ မော်ဇာတွင် ဗိုလ်ချုပ်မှူးကြီး(ဟောင်း) သန်းရွှေ မိသားစုပိုင် 'ကြိုင် အပြည်ပြည်ဆိုင်ရာကုမ္ပဏီ'ကြောင့် ထိခိုက်နစ်နာမှုများကို လေ့လာစုံစမ်းခဲ့ရာ ဒေသခံအမျိုးသမီးကြီးတစ်ဦးက ယခုလို ပြောပြခဲ့သည်။

''၁၉၉၁ ခုနှစ်ကနေ ၂၀၀၅ ခုနှစ်အထိ ကျောက်စိမ်းအရောင်း အဝယ် အနည်းအကျဉ်းလုပ်ပြီးတော့ မိသားစုဝင်ငွေရှာဖို့ အခွင့်အရေးကောင်းတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီကုမ္ပဏီ ရောက်လာပြီးတော့ လျော်ကြေးငွေ ၁၀ သိန်းယူပြီး ကျမတို့ အိမ်နေရာ ဖယ်ပေးရမယ်လို့ အကြောင်းကြားလာပါတယ်။ ကျမ လက်မခံပါဘူး၊ ဒါပေမဲ့ နောက်ရက်အနည်းငယ်မှာ မြေကော်တဲ့ စက်ကြီးတွေ ရောက်လာပြီးတော့ ကျမတို့ အိမ်ကို ဖျက်ဆီးလိုက်ပါတယ်။ မိုးတွင်းဆိုတော့ ကျမတို့ မိသားစုမှာ နေစရာ မရှိခဲ့ပါဘူး။ တခြား မိသားစုတွေလဲ ကျမတို့လိုပါပဲ။ ၂၀၁၂ ခုနှစ်မှာ ကုမ္ပဏီအလုပ်တွေ ခဏရပ်သွားတော့ ကုမ္ပဏီပိုင်မြေထဲမှာ ရေမဆေးကျောက်သမားတွေ တူးထားတဲ့ ကျောက်စိမ်း နည်းနည်းပါးပါး အရောင်းအဝယ်လုပ်ဖို့ ကျမ အတွက် အခွင့်အရေးတချို့ ရခဲ့တယ်။ ဒါပေမဲ့ ၂၀၁၄ မှာ ကုမ္ပဏီအလုပ်တွေ ပြန်စလာပြီး ကျောက်သမားတွေကို ရဲတွေ လိုက်ဖမ်းပါတယ်''

ကချင်ခေါင်းဆောင်တစ်ဦးကလည်း ယခုလို သုံးသပ်ခဲ့သည်။

''ကျောက်စိမ်းလုပ်ငန်းက ရတဲ့ဝင်ငွေရဲ့ ၁ ရာခိုင်နှုန်းလောက်ကိုပဲ ကချင်ပြည်နယ် ကျန်းမာရေးနဲ့ ပညာရေးလုပ်ငန်းတွေမှာ အသုံးချ မယ်ဆိုရင်တောင် ကချင်ပြည်နယ်ကို လုံးဝပြောင်းလဲသွားအောင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီကထွက်တဲ့ အကျိုးအမြတ်အားလုံးက လူနည်းစုဆီပဲ ရောက်သွားတယ်"။

***

ဘယ်သူတွေလဲ၊ ဘယ်လောက်ထိ ယူနေကြလဲ

မြန်မာ့ကျောက်စိမ်း တူးဖော်ရောင်းဝယ်ရေးလုပ်ငန်းကား နှစ်ပေါင်းများစွာ လျှို့ဝှက်မှုတွေနဲ့ လုပ်ကိုင်လာခဲ့ကြသည်။ သတ္တုတူးဖော်ရေးလိုင်စင်တွေကို ဘယ်ကုမ္ပဏီတွေ ရထားလဲ၊ ကုမ္ပဏီပိုင်ရှင်ဆိုသူတွေက ဘယ်သူတွေလဲ၊ ဘယ်နည်း၊ ဘယ်ပုံနှင့် လိုင်စင်တွေကို ချပေးခဲ့တာလဲ၊ စာချုပ်ထဲမှာ ဘယ်လိုစည်းကမ်းတွေပါသလဲ . . . . . စသဖြင့်ကို သာမန်ပြည်သူတွေ မသိခဲ့ကြပါ။

လိုင်စင်ရဖို့ အစိုးရကို ဘာတွေပေးခဲ့သလဲ၊ ကျောက်တွင်းက ကျောက်စိမ်းတွေကို ဘယ်လောက်အထိ ထုတ်နေသလဲဆိုတဲ့ လျှို့ဝှက်ချက်တွေ ရှိပါသေးသည်။ ဆိုခဲ့သလို လျှို့ဝှက်ချက်များကြောင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများမှ ဘယ်သူတွေ၊ ဘယ်လောက်အကျိုးအမြတ် ရသည်ကို မသိကြ (သို့မဟုတ်) စိတ်ဝင်စားမှုနည်းပါးနေသဖြင့် တိုင်းပြည်ပြုပြင်ပြောင်းလဲရာတွင် ကျောက်စိမ်းကဏ္ဍသည် မည်သည့်ကဏ္ဍမှ ပါဝင်သည်ကို စိတ်ဝင်စားမှု နည်းနေတာလည်း ဖြစ်နိုင်ပါသည်။ ယခုစာတမ်းတွင် ကျောက်တူးဖော်ရေးကုမ္ပဏီများ၏ နောက်ကွယ်မှ ကြိုးကိုင်ထားသူတို့ကို ဦးဆုံး ရှာဖွေဖော်ထုတ်၍ ၎င်းတို့ကို ပြောင်းလဲဖို့ ရည်ရွယ်ထားပါသည်။

ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းလိုင်စင် ချပေးသော စနစ်သည်ပင် လာဘ်ယူလာဘ်စားဖို့ အခွင့်အလမ်းတွေ ရှိနေပြီး ခရိုနီတွေအတွက် ဖွင့်ပေးထားသော လုပ်ငန်းတစ်ခုလို ဖြစ်နေသည်။ လိုင်စင်ချပေးသော ဒေသမှာ အစိုးရတပ်များ ထိန်းချုပ်ထားသော ကချင်ပြည်နယ် ဖားကန့်ဒေသဖြစ်သည်။ ဗဟိုမှ ထိန်းချုပ်ထားသော စနစ်နှင့် လုပ်ကွက်တွေ ချပေးသော ကိစ္စနှင့်ပတ်သက်၍ လုပ်ငန်းရှင်တစ်ဦးက ယခုလို အခိုင်အမာ ပြောခဲ့သည်။

"လေလံဆွဲတဲ့နေရာမှာ ထိပ်ပိုင်းက ရာထူးကြီးကြီးတစ်ယောက် ပါဝင်ပတ် သက်နေရင်တော့ သေချာတယ်၊ သူတို့ပဲ လေလံ



www.burmeseclassic.com

www.burmeseclassic.com



ရမှာပဲ''

ယနေ့ ကျောက်စိမ်းတူးဖော်ရောင်းဝယ်ရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူ တော်တော်များများမှာ စစ်အစိုးရအဖွဲ့ဝင်ဟောင်းတွေပဲ ဖြစ်သည်။ အာဏာရှင်ဟောင်း ဦးသန်းရွှေ၏ မိသားစုအပြင် အောက်ပါပုဂ္ဂိုလ်များလည်း ပါဝင်နေသည်ကို တွေ့ရသည်။

– မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန
**ဝန်ကြီး ဦးအုန်းမြင့်**
– ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေ အတွင်းရေးမှူး
**ဦးမောင်မောင်သိမ်း (ဗိုလ်မှူးချုပ်ဟောင်း)**
–လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
**ဒုတိယဝန်ကြီး ဦးဘုန်းဆွေ (ဗိုလ်မှူးချုပ်ဟောင်း)**
–ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးပစ္စည်း ဝယ်ယူရေးဌာန
**ညွှန်ကြားရေးမှူးဟောင်း ဦးဝင်းသန်း(ဗိုလ်ချုပ်ဟောင်း)**

အထက်ပါ ပုဂ္ဂိုလ်များသည် ကျောက်စိမ်းလုပ်ငန်းမှ ငွေအမြောက်အများ ရရှိနေကြောင်း Globel Wilness ၏ လေ့လာစူးစမ်းမှုအရ သိရသည်။ ကျောက်စိမ်းလုပ်ငန်း လုပ်ပိုင်ခွင့်များကို ဦးသန်းရွှေ ဦးမောင်မောင်သိမ်းနှင့် ဦးအုန်းမြင့် မိသားစုများက ချုပ်ကိုင်ထားပြီး ၂၀၁၄ ခုနှစ်၊ ကျောက်စိမ်း အရောင်းပြပွဲတွင် အခွန်မဆောင်မီ ရောင်းရငွေ ဒေါ်လာ ၆ဂ သန်း ရရှိခဲ့ကြသည်။ ၂၀၁၃/၂၀၁၄ အရောင်းပြပွဲများတွင် ဦးသန်းရွှေမိသားစု ပါဝင်နေသည်ဟု ယူဆရသော ကုမ္ပဏီတစ်ခုတည်းက ဒေါ်လာ သန်း ၁၅၀ ဖိုး ရောင်းချခဲ့သည်။

မြန်မာနိုင်ငံသည် နိုင်ငံရေးအပြောင်းအလဲတစ်ခုကို ရှေးရှုနေရာ သဘောထား တင်းမာသူများက ငွေကြေးအမြောက်အများ သုံးစွဲပြီး နည်းမျိုးစုံနှင့် ညစ်ပတ်မှာကို စိုးရိမ်နေကြသည်။ သို့ဖြစ်၍ ကျောက်စိမ်းလုပ်ငန်းမှ ရရှိသော ငွေတွေ ဘယ်ရောက်သွားသည်ကို မြန်မာပြည်သူများအနေနှင့် အမြန်ဆုံး ပြန်လည်ဖို့ လိုနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



စစ်အစိုးရသည် မြန်မာဦးပိုင်လီမိတက်နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှတဆင့် ကျောက်စိမ်းလုပ်ငန်း လုပ်ပိုင်ခွင့်များကို ချုပ်ကိုင်ထားသည်။ Globel Wilness ၏ ၂၀၁၄ ကျောက်မျက်ရောင်းပွဲအပေါ် လေ့လာဆန်းစစ်မှုအရ ကုမ္ပဏီတွေက အရည်အသွေးအကောင်းဆုံး ကျောက်စိမ်းတွေကို ရောင်းချခဲ့ရာ မျှမ်းမျှ ၁ ကီလိုဂရမ်အတွက် ဒေါ်လာ ၁၃၀၀၀ ကျော် ရခဲ့ကြောင်း သိရသည်။ စစ်တပ်ပိုင် ကုမ္ပဏီများ၏ ရောင်းချမှုမှာ ၂၀၁၃ တွင် ဒေါ်လာ သန်း ၁၀၀ နှင့် ၂၀၁၄ တွင် ဒေါ်လာ သန်း ၁၈၀ ရခဲ့ပြီး ၎င်းငွေများကို ကာကွယ်ရေးဦးစီးချုပ်၏ ပြင်ပဘတ်ဂျတ်အဖြစ် သတ်မှတ်ထားသည်။ KIA/KIO တို့ကို တိုက်ခိုက်နေသော စစ်ပွဲများတွင် ကျောက်စိမ်းလုပ်ငန်းမှ ရရှိသော ဝင်ငွေများသည် မြန်မာစစ်တပ်အတွက် အထောက်အပံ့ဖြစ်နေသည်ဟု ကချင်အများစုက လက်ခံထားသည်။

စစ်အစိုးရလက်ထပ်မှစ၍ အလျှိုလျှိုပေါ်လာသော ခရိုနီကုမ္ပဏီများသည် ကျောက်စိမ်းလုပ်ငန်းတွင် အဓိကနေရာက ပါဝင်နေရာ အထင်ရှားဆုံးမှာ လော်စစ်ဟန်နှင့် ဦးတေဇတို့၏ အေးရှားဓဝါလ်နှင့် ထူးလုပ်ငန်းစုတို့ ဖြစ်ကြသည်။ လူသိနည်းသေးသော်လည်း လက်တံရှည်သော ကုမ္ပဏီမှာ Ever winer ဖြစ်သည်။ ၎င်းကုမ္ပဏီသည် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း ၁၂ ခုတွင် ပါဝင်နေပုံရပြီး ၂၀၁၃-၂၀၁၄ ကျောက်စိမ်းအရောင်းပွဲများတွင် ဒေါ်လာ သန်း ၃၁၀ ကျော် ရရှိခဲ့သည်။ ကုမ္ပဏီပိုင်ရှင်များမှာ KBZ လုပ်ငန်းစုခေါင်းဆောင် ဦးအောင်ကိုဝင်းနှင့် Skynet မီဒီယာမှ ဦးကျော်ဝင်းတို့အပါအဝင် ရာထူးကြီးကြီး ရထားသူတချို့နှင့် ပတ်သက်ကြောင်း သိရသည်။

မူးယစ်ဂိုဏ်းခေါင်းဆောင် ဝေဆွေးကျန်မှာ ဝ'ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်နှင့် ပါတီ UWSA/UWSP တို့ကို နစ်ရှည်လရှည် ဘဏ္ဍာရေးထောက်ပံ့ပေးခဲ့ပြီး အမေရိကန်ဒေါ်လာ ၂ သန်းဖြင့် ဖမ်းဝရမ်းထုတ်ထားသူဖြစ်သည်။ လက်ရှိ ကျောက်စိမ်းလုပ်ငန်းကို လွှမ်းမိုးထားသော ကုမ္ပဏီလုပ်ငန်းစုကို ၎င်းက ထိန်းချုပ်ထားကြောင်း ခိုင်လုံသော အထောက်အထားတွေ ရရှိထားသည်။ ဝေဆွေးကျန်ဦးဆောင်သော ကုမ္ပဏီများနှင့် UWSA/UWSP အဆက်အနွယ်များသည် ၁၉၉၀ ခုနှစ်မှ စ၍ လက်ဝါးကြီးအုပ်လာခဲ့ကြသည်။ ၂၀၀၀ ပြည့်နှစ်၊ နှစ်လယ်တွင် အမေရိကန်၏ ပိတ်ဆို့မှုကြောင့် အခြေအနေအပြောင်းလဲတချို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေခဲ့သော်လည်း ယခုအချိန်တွင် ဝေဆူးကျွန်ပိုင် ကျောက်စိမ်းလုပ်ငန်းအတွက် လျှို့ဝှက် အလုပ်လုပ်ပေးနေသော ကုမ္ပဏီ ၅ ခုရှိကြောင်း Globel Wilness စုံစမ်းမှုအရ အတည်ပြုနိုင်ခဲ့သည်။ ၎င်းကုမ္ပဏီများ၏ ၂၀၁၃–၂၀၁၄ ရောင်းရငွေမှာ အခွန်မဆောင်မီဟန်ဖိုး ဒေါ်လာသန်း ၁၀၀ ရှိခဲ့သည်။

ကျောက်စိမ်းအရောင်းအဝယ်လုပ်ငန်းတွင် တသီးပုဂ္ဂလနှင့် အဖွဲ့အစည်းတွေ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာခြင်းသည် မြန်မာနိုင်ငံအတွက် တည်ငြိမ်အေးချမ်း၍ သာယာဝပြောသော အနာဂတ်တည်ဆောက်ရေးတွင် ပါဝင်သူများအဖို့ သတိထားသင့်သော အချက်ဖြစ်သည်။ ယခုကိစ္စကား နိုင်ငံရေးအရ စိုးရိမ်ရသည်သာမက ကျောက်စိမ်းလုပ်ငန်းတွင် ခိုးကြောင်ခိုးဝှက်နှင့် အလွဲသုံးစားတွေ ရှိနေခြင်းသည် နိုင်ငံတွင်း လည်ပတ်နေသော နိုင်ငံတကာစီးပွားရေးများအတွက်လည်း ပြဿနာဖြစ်စေနိုင်ပါသည်။

ဥပမာ CoCa Cola Company နှင့် Caterpillar Inc တို့ နှစ်ခုလုံးနှင့် ပတ်သက်၍ ပြည်တွင်းမှ စီးပွားဘက်များနှင့် တွဲဖက်လုပ်ငန်းရှင်များအကြောင်း မကြာသေးမီက အချက်အလက်သစ်တွေ ထွက်လာခဲ့သည်၊ CoCa Cola Company ၏ ပြည်တွင်းစီးပွားဘက်မှာ စစ်တပ်ပိုင်စီးပွားရေး ဦးပိုင်ကုမ္ပဏီ ဖြစ်သည်။ ၎င်းတို့နှစ်ဦး နှစ်ရှည်လက်တွဲ လုပ်ကိုင်ခဲ့သော်လည်း ကျောက်စိမ်းလုပ်ငန်းက အကျိုးအမြတ်တွေ ရနေတာနှင့်ပတ်သက်၍ ဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပါ။

ကိုလာအချိုရည် ထုတ်နေသော ကုမ္ပဏီကြီးက "ကျနော်တို့ရဲ့ ဖက်စပ်လုပ်ငန်းနဲ့ မြန်မာနိုင်ငံမှာ ဆောင်ရွက်နေတာနဲ့ပတ်သက်ပြီး ပွင့်လင်းမြင်သာမှု ရှိပါတယ်၊ ဒီလိုပဲ မြန်မာနိုင်ငံအတွင်း တာဝန်သိ ရင်းနှီးမြှုပ်နှံသူတွေအတွက် အမေရိကန်နိုင်ငံခြားရေးဌာနက သတ်မှတ်ထားတဲ့ လိုအပ်ချက်တွေအတိုင်း ပြည့်မီဖို့ ဆက်ပြီး လုပ်သွားမှာပါ"ဟု ပြောခဲ့သည်။

တဆက်တည်းမှာပင် မူးယစ်ဂိုဏ်းခေါင်းဆောင် ဝေဆူးကျွန် ချုပ်ကိုင်ထားသည်ဟု ယူဆထားသော Caterpillar Inc သည်လည်း ကျောက်စိမ်းလုပ်ငန်းတွေမှာ အကူအညီပေးနေကြောင်း စုံစမ်းသိရသည်။



www.burmeseclassic.com

www.burmeseclassic.com







ကချင်ပြည်နယ်အတွင်းမှ ပဋိပက္ခများမှာ ဒေသခံပြည်သူများကို ကျောက်စိမ်းကဏ္ဍမှ စနစ်တကျ ဖယ်ထုတ်ထားသည့် စနစ်ကြောင့်ဖြစ်ပြီး မြန်မာစစ်တပ်နှင့် KIA/KIO တို့ နစ်ဖက်စလုံး၏ အဓိက မဟာဗျူဟာဖြစ်နေသည်။



ဖားကန့်ရှိ ကုမ္ပဏီကြီးများ၏ တရားလက်လွတ်လုပ်ရပ်တွေကို ကန့်ကွက်နေသော ဖားကန့် ဒေသခံများ

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းနှင့် လက်နက်ကိုင်ပဋိပက္ခ

ကျောက်စိမ်းသည် ကချင်ပြည်နယ်ပဋိပက္ခများနှင့် ခွဲမရအောင် ဆက်စပ်နေသည်။ စစ်အာဏာရှင်အသိုက်အဝန်းတစ်စု ထိန်းချုပ်ထားသော လိုင်စင်ရကုမ္ပဏီများက ကချင်ပြည်နယ် သဘာဝအရင်းအမြစ်နှင့် ကျောက်မျက်များကို တဖြည်းဖြည်း ဝါးမျိုနေသည်တို့ကို လက်ပိုက်ကြည့်နေရသော ကချင်လူမျိုးတို့အတွက် မကျေမချမ်းမှုတွေလည်း ကြီးထွားလာသည်။ ကိုယ့်ခြံထဲက အသီး၊ ကိုယ်စားခွင့်မရှိတဲ့ ဘဝလို့လည်း မြင်လာခဲ့ကြရာ ၎င်းအချင်းအရာတို့သည်ကား ကချင်လူမျိုးတို့ လက်နက်ကိုင်တော်လှန်ရသော အကြောင်းတစ်ခုလည်း ဖြစ်ပါ၏။ လက်နက်ကိုင်ပဋိပက္ခနှင့် ကျောက်စိမ်းလုပ်ငန်းတို့ ဆက်စပ်နေသော အခြား အကြောင်းအရင်းမှာ ယခုလို ဖြစ်ပါသည်။

- အခွင့်အရေး တန်းတူရှိသော ငြိမ်းချမ်းရေးစာချုပ်တစ်ခု ချုပ်ဆိုနိုင်ချိန်မှာ ကျောက်စိမ်းတွင်းပေါင်းများစွာ ပိုင်ဆိုင်ထားသော စစ်ဗိုလ်ချုပ်ကြီးများ၏ မိသားစုပိုင်နှင့် အခြားကုမ္ပဏီကြီးများအနေနှင့် လက်လွှတ်ဆုံးရှုံးရမည့်အရာတွေ အများကြီး ရှိပါသည်။ သို့ဖြစ်၍ ဖားကန့်ကို ဗဟို အစိုးရမှ ထိန်းချုပ်နိုင်သော အခြေအနေ မရောက်မချင်း တိုက်ပွဲတွေ ဆွဲဆန့်ဖို့ ငွေကြေးနှင့် နိုင်ငံရေးအကြံအဖန်တွေ ရှိနိုင်ပါသည်။

-ကချင်ပြည်နယ်တွင် တာဝန်ကျနေသော စစ်တပ်အရာရှိများအနေနှင့် ကျောက်စိမ်းလုပ်ငန်းတွေမှာ ဝင်စွက်၍ ငြိမ်းခြောက်ငွေညှစ်ခြင်းဖြင့် စီးပွားရှာနိုင်ရာ သူတို့စစ်တပ်တွေကို ကချင်ပြည်နယ်အတွင်း တာဝန်ချထားဖို့ အကြောင်းပြချက် ရှိနေကြသည်။ ထိုနည်းဖြင့် ကျောက်စိမ်းလုပ်ငန်းမှ ငွေတွေ ဆက်လက်ဝင်နေသည်။

-ကျောက်စိမ်းသည် KIA/KIO အတွက် အဓိက ဝင်ငွေအရင်းအမြစ်ဖြစ်သည်။ ထို့ကြောင့် ကျောက်စိမ်းတွင်းတွေကို ထိန်းချုပ်ဖို့ စစ်တိုက်ခြင်းသည် နှစ်ဖက်စလုံးအတွက် မဟာဗျူဟာ ဦးစားပေးလုပ်ငန်း ဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါအကြောင်းအရာများနှင့် ပတ်သက်၍ ကျောက်စိမ်းကုမ္ပဏီပိုင်ရှင်တစ်ဦးကလည်း ယခုလိုအမြင် ရှိထားသည်။

*"ဒါတွေအားလုံး ပဋိပက္ခဖြစ်စေတဲ့ အကြောင်းရင်းတစ်ခုပါပဲ၊ ကမ္ဘာပေါ်မှာ ဖားကန့်က အကြီးဆုံးကျောက်စိမ်း ဒေသဆိုတာ အစိုးရ သိထားတယ်၊ ဒါကြောင့် ပဋိပက္ခတွေ ဆက်ရှိနေဦးမှာပဲ၊ ဒေသခံတွေအတွက်တော့ ကျောက်စိမ်းဟာ မြင်သာမြင်ရ မကြင်ရပေါ့ဗျာ"*

ကချင်ပြည်နယ် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းကို ဘယ်သူတွေက စီမံခန့်ခွဲနေသည်၊ အကျိုးအမြတ်တွေကို ဘယ်သူတွေ ရနေကြသည်တို့ကို ရှင်းရှင်း သိထားဖို့ လိုပါသည်။ အထက်ပါမေးခွန်းတွေကို အဓိပ္ပါယ်ရှိရှိ မဖြေရှင်းနိုင်သော မည်သည့် ငြိမ်းချမ်းရေးသဘောတူညီချက်မျှ ရေရှည်ခံစားနိုင်မှာ မဟုတ်ပါ။

**ပြုပြင်ပြောင်းလဲရေးတွေအတွက် အခွင့်အလမ်းများနှင့်**
**နိုင်ငံတကာလုပ်ငန်း မိတ်ဖက်များ၏ အခန်းကဏ္ဍ**

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို ပံ့ပိုးဖို့ရာအတွက် နိုင်ငံတကာ အစိုးရများအနေနှင့် အမြောက်အများ ရင်းနှီးမြှုပ်နှံထားပြီး ဖြစ်ပါသည်။ ဤသို့ လုပ်ဆောင်မှုများသည် မှန်ကန်သော်လည်း အလှူရှင်များ၏ ကြိုးစားအားထုတ်မှုများသည် ရလဒ်ကောင်းတွေ ရရှိဖို့ လိုသလို အစိုးရနှင့် ဆက်ဆံရေး ချောမွေ့ဖို့လည်း လိုပါသည်။ အနာဂတ်ပြုပြင်ပြောင်လဲရေးများအတွက် ကျောက်စိမ်းလုပ်ငန်းကို ပြုပြင်သင့်သော်လည်း မြန်မာအစိုးရနှင့် မိတ်ဆွေသစ်နိုင်ငံများအကြား ဆွေးနွေးမှုများတွင် ယခုအထိ ကျောက်စိမ်းလုပ်ငန်းအကြောင်း မပါသေးသဖြင့် ထုတ်ဖော်ပြောပြဖို့ လိုနေပါသည်။

သို့ဖြစ်၍လည်း ကချင်ဒေသခံခေါင်းဆောင်တစ်ဦးက *"ကျောက်စိမ်းကိစ္စဟာ ကမ္ဘာမှာ ပွင့်လင်းမြင်သာမှု မရှိသလောက် လုပ်ငန်းပါပဲ"*ဟု ဝေဖန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ တွင် သမ္မတအိုဘာမားက "မြန်မာနိုင်ငံသာ အောင်မြင်အောင် လုပ်နိုင်ရ ကျနော်တို့ အထူးလိုက်ရှာစရာ မလိုတဲ့ မိတ်ဖက်တစ်ဦး ရလာသလို ဖြစ်လာမှာပါ" ပြောခဲ့သည်။ လက်တွေ့တွင် အမေရိကန်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြ ပြောင်းလဲမှုတွေအတွက် နိုင်ငံတကာဘက်မှ အဆုံးအဖြတ်ပေးနိုင်သဖြင့် အမေရိက ၏ ချဉ်းကပ်နည်းသည် အဓိကနေရာ ရောက်လာမှာ သေချာပါသည်။ ၎င်းအချက်ဂ ဝါရှင်တန်နှင့် နေပြည်တော်အစိုးရတို့လည်း သဘောပေါက်ထားကြသည်။ တစ်ဖ ကလည်း တိုင်းရင်းသားလူနည်းစုတို့၏ ရပိုင်ခွင့်များကို အမေရိကန်သံအမ များကလည်း တတွတ်တွတ် ပြောဆိုခဲ့သလို ကချင်ပဋိပက္ခကို ဖြေရှင်းနိုင်ရေးအတွ အပြုသဘောဆောင်သည့်နေရာမှ ပါဝင်နိုင်ဖို့ ကြိုးစားနေကြသည်။ သို့ဖြစ် ၎င်းတို့ဘက်က ကျောက်စိမ်းလုပ်ငန်း အထွေထွေပြဿနာများကို ရှုးစိုက်ဖို့ လိုလ ပါသည်။

အမေရိကန်နှင့် အခြားအလှူရှင်နိုင်ငံများအနေနှင့် ကျောက်စိမ်းကဏ္ဍ လွှမ်းမိုးနိုင်မည့် အဓိကလမ်းကြောင်း ၃ ခုရှိရာ ၎င်းတို့ကား (EITI)၊ ငြိမ်းချမ်းရေ ဆွေးနွေးပွဲများနှင့် အရေးယူပိတ်ဆို့မှုတွေပဲ ဖြစ်သည်။

## EITI (Extractive Industries Trans Parency Intiative)

သမ္မတဦးသိန်းစိန်အစိုးရက (EITI) ကို လက်မှတ်ထိုးခြင်းဖြင့် အရေးကြ သော ခြေလှမ်းကို စတင်ခဲ့ပါသည်။ လောင်စာဆီ၊ သဘာဝဓာတ်ငွေ့နှင့် သတ္တု တူးဖော်ရေးလုပ်ငန်းများ ဖွင့်ပေးဖို့ရာအတွက် နိုင်ငံတကာ အသိအမှတ်ပြု သဘာ အရင်းအမြစ်များ ထုတ်ယူမှုဆိုင်ရာ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအစီအစဉ် (EITI) တွင် ပါဝင်ဖို့ လိုပါသည်။ (EITI) လှုပ်ရှားမှုကို အခိုင်အမာ ဖြစ်စေဖို့ရ အတွက် အမေရိကန်၊ နော်ဝေ၊ ယူကေနှင့် ဩစတေးလျအပါအဝင် အနောက်အုပ် ကလည်း တွန်းအားပေး၍ ကူညီပံ့ပိုးခဲ့ကြသည်။

သို့ရာတွင် ကျောက်စိမ်းလုပ်ငန်းတွင် (EITI) ကို ဘယ်လို အကောင် အထည် ဖော်မလဲဆိုသည်မှာ အစိုးရကတိပြုထားသော ပြုပြင်ပြောင်းလဲရေးဆိုင်ရာ စမ်းသက်ချက်တစ်ခု ဖြစ်လာပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



(EITI) ကို အကောင်အထည်ဖော်ခြင်းဖြင့် ကျောက်စိမ်းတူးဖော်ခွင့်လိုင်စင်တွေကို ဘယ်ကုမ္ပဏီတွေ ရထားသည်၊ အဆိုပါ ကုမ္ပဏီတွေကို ဘယ်သူတွေက ချုပ်ကိုင်ထားသည်များ သိလာမည် ဖြစ်သည်။ ၎င်းအပြင် ထုတ်ယူခဲ့သော ကျောက်စိမ်းပမာဏကား အခွန်နှင့် ခိုင်းကြေးတို့မှ ရလာသော ဘဏ္ဍာငွေများကို ဖော်ပြနိုင်သည်။ အရပ်ဖက်အဖွဲ့အစည်းများ လုပ်ကိုင်နိုင်ရန်အတွက် ကာကွယ်ရမည့် အချက်များ ထုတ်ပြန်နိုင်သည်။ အကျင့်ပျက်ခြစားမှုများနှင့် ဘဏ္ဍာငွေ အလွဲသုံးစားလုပ်နေသော ကုမ္ပဏီနှင့် အရာရှိများကို ဒေသခံလူထုအဖွဲ့အစည်းများက တာဝန်ခံနိုင်သည်။ အကယ်၍ ကျောက်စိမ်းလုပ်ငန်းတွင် ဆိုခဲ့သလို အခြေခံမှုတွေ အသုံးမပြုပါက အခွင့်အရေးတွေ ဆုံးရှုံးသွားပြီး မြန်မာနိုင်ငံ၏ (EITI) ဂုဏ်သိက္ခာလည်း ဆိုးဆိုးဝါးဝါး ပျက်စီးသွားပါလိမ့်မည်။

ကျောက်စိမ်းလုပ်ငန်း ကိုယ်စားလှယ်တစ်ဦးကတော့ (EITI) နှင့် ပတ်သက်၍ ယခုလို သုံးသပ်ပြခဲ့သည်။

*"ဒါတွေကြောင့် (EITI) ဆွေးနွေးပွဲတွေမှာ ကျောက်စိမ်းလုပ်ငန်းကိုယ်စားလှယ်တွေကို ပါဝင်ဖို့ အစိုးရက ဖိတ်မှာ မဟုတ်ပါဘူး၊ အကြောင်းကတော့ စည်းလွတ်ဝါးလွတ် အကျင့်ပျက်လုပ်ရပ်တွေ ပေါ်လာပြီး ကမ္ဘာက သိသွားမှာ စိုးရိမ်လို့ပဲ"*

(EITI) ကို အကောင်အထည်ဖော်ရာတွင် မျှော်လင့်မထားသော နေရာမှ ထွက်ပေါ်လာသော အပြုသဘောလုပ်ငန်းတွေ ရှိလာတတ်ပါသည်။ ကျောက်စိမ်းလုပ်ငန်းများ ဖွံ့ဖြိုးလာဖို့ အချို့သော အရာရှိများတွင် ဆန္ဒရှိကြပါသည်။ သို့နှင့် အညီ မူဝါဒများနှင့် ဆောင်ရွက်ပုံ အကြောင်းချင်းရာတို့ကို မျှဝေလာကြပါသည်။ အထူးသဖြင့် ကျောက်စိမ်းတွင်းတွေကို ထိန်းချုပ်ထားသော ကုမ္ပဏီတွေပဲ ဖြစ်သည်။ သို့နှယ် ဆောင်ရွက်မှုများသည် ကျောက်စိမ်းနှင့် သဘောဝသယံဇာတများကို ထုတ်ယူနေသူများမှာ ဘယ်သူတွေဖြစ်ကြောင်း သတင်းထုတ်ပြန်နိုင်သဖြင့် (EITI) ကို အကောင်အထည်ဖော်ရာတွင် အရေးကြီးသော ခြေလှမ်းတစ်လှမ်း ဖြစ်ပါ၏။

(EITI) အရ ထုတ်ပြန်ရန် လိုအပ်သော အချက်အလက်များကို အချို့ကုမ္ပဏီကြီးများကကိုယ်တိုင် ထုတ်ပေးပြီး ဖြစ်သည်။ ဦးစွာ အုံ့ညြဖို့ကောင်းလောက်အောင် ပွင့်လင်းမြင်သာမှု ရှိသူကား "ထူး"အုပ်စုဖြစ်သည်။ ဦးတေဇပိုင် ကုမ္ပဏီကြီးတစ်ခု ဖြစ်သော "ထူး"လုပ်ငန်းစုက ကျောက်စိမ်းတူးဖော်ရေး လုပ်ကွက်များနှင့်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို အချက်အလက်များ အစောဆုံး ဖော်ထုတ်ပေးခဲ့သည်။ ကုမ္ပဏီ၏ ဝင်ငွေနှင့် (EITI) စံနှုန်းနှင့်အညီ ထပ်ခဲ့သော ကျောက်စိမ်းလုပ်ကွက် တစ်ခုချင်းစီ၏ အခွန်များကိုပါ အသေးစိတ် ဖော်ပြခဲ့သည်။ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းရှင် "ပတ္တမြားနဂါး"အုပ်စုသည်လည်း ပိုင်ဆိုင်မှု အချက်အလက်တချို့ကို ထုတ်ပြောခဲ့သည်။ အမည်များ၊ ရှယ်ယာရှင်တို့၏ မှတ်ပုံတင်နံပါတ်များ၊အပါအဝင် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ နောက်ကြောင်းရာဇဝင်ကိုပါ စစ်ဆေးနိုင်သော အသေးစိတ် အချက်အလက်များကို ဖော်ပြခဲ့သည်။

အမှန်အားဖြင့် မြန်မာနိုင်ငံ ကျောက်စိမ်းလုပ်ငန်းရှင်များအနေနှင့် လိုအပ်သော အထောက်အပံ့နှင့် မက်လုံးတွေ ရှိနေသရွေ့ ပွင့်လင်းမြင်သာမှုကို ဟန့်တားစေသော အရာတွေ ရှိမှာ မဟုတ်တော့ပါ။ ၂၀၁၆ ခုနှစ်တွင် (EITI) အစီရင်ခံစာကို စတင် ထုတ်ပြန်ရမည် ဖြစ်ပါသည်။ ၎င်းတွင် လုပ်ငန်းလိုင်စင်တွင်ပါဝင်သော သတ်မှတ်ချက်များ၊ လိုင်စင်ကိုင်ဆောင်ထားသူများ၊ ထုတ်လုပ်မှုအဆင့်အတန်းနှင့် ဝင်ငွေ စသည်တို့ကို အများသိအောင် လုပ်၍ အစိုးရအနေနှင့် ပွင့်လင်းမြင်သာမှုကို ပြနိုင်မည် ဖြစ်ပါသည်။ ဆိုခဲ့သလို ရလဒ်ကောင်းများ ထွက်ပေါ်လာစေရန်အတွက်လည်း ကမ္ဘာ့ဘဏ်၊ အမေရိကန်၊ ယူကေနှင့် အခြားအလှူရှင်နိုင်ငံများက ၎င်းတို့ အရှိန်အဝါကို အသုံးပြု၍ ဆောင်ရွက်သင့်ပါသည်။

❋❋❋

## ငြိမ်းချမ်းရေးဆွေးနွေးပွဲများ

ဗဟိုအစိုးရနှင့် KIA/KIO တို့ ငြိမ်းချမ်းရေး ဆွေးနွေးလာခြင်းသည် အလားအလာရှိသော ပွင့်လင်းမြင်သာမှု ဖြစ်ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် (EITI) နှင့်အတူ အမေရိကန်နှင့် အခြားအစိုးရများအနေနှင့် အမြောက်အများ ရင်းနှီးမြှုပ်နှံထားကြသည်။ ၎င်း၌ သတိပြုရမည့်အချက်မှာ ကချင်ပြည်နယ်၏ ကျောက်စိမ်းလုပ်ငန်းများ၊ လက်နက်ကိုင်ပဋိပက္ခတို့ကို အစိုးရနှင့် ၎င်း၏စီးပွားဖက်များဘက်က ယခုတစ်ကြိမ် မသိကျိုးကျွံပြုထားပါက ငြိမ်းချမ်းရေးစာချုပ်သည်လည်း တစ်ခဏသာ တည်တံ့နိုင်သည်ဆိုသော အချက်ဖြစ်ပါသည်။

ကနဦးခြေလှမ်းများ စတင်ဖို့ အစိုးရနှင့် KIO တို့တွင် တာဝန်ရှိပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ဒေသခံ ပြည်သူ့အသံတွေကိုလည်း ဖယ်ထား၍ မရပါ။

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်တွင် သဘာဝသံယံဇာတ အရင်းအမြစ်များ ခွဲဝေမှုဆိုင်ရာဝါဒများ မည်သို့ ဖြစ်သင့်သည်ကို ကချင်တိုင်းရင်းသား လူမှုအဖွဲ့အစည်းတွေက အကြံပြု ထားပါသည်။

ယခု အစီရင်ခံစာတွင် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကွန်ရက် အုပ်စုမှ လက်တလောအဆိုပြုထားသော ကောက်နှုတ်ချက်များကို နောက်ဆက်တွဲ အဖြစ် ထည့်သွင်းထားပါသည်။ ပဋိပက္ခတွင် ပါဝင်နေသူ နှစ်ဘက်အဖွဲ့အစည်းများ အနေနှင့် ကျောက်စိမ်းလုပ်ငန်းနှင့်ပတ်သက်သော ပိုင်ဆိုင်မှု ခွဲဝေရေး၊ စီမံခန့်ခွဲမှု နှင့် ဝင်ငွေဖြန့်ဝေမှု ပုံစံသစ်တို့ကို စတင် ဆွေးနွေးသင့်ပါသည်။ ဆွေးနွေးရာမှာလည်း ကချင်ပြည်နယ် အရပ်ဘက်အဖွဲ့အစည်းအားလုံး ပါဝင်သင့်သဖြင့် ဆိုခဲ့သလို အခြေခံအုတ်မြစ်တွေကို အရေးတကြီး တည်ဆောက်သင့်ပါသည်။

ကချင်ပြည်နယ် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒဆွေးနွေးမှုစာတမ်းတွင်လည်း 'အောက်ခြေမှ အထက်သို့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တွင် ဒေသခံတို့ ပါဝင်သော ဆုံးဖြတ်ချက်များသည် ဒေသတွင်းအတွက် အကျိုးဖြစ်စေပါသည်။ သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲရေး လုပ်ငန်းစဉ်တွင် ပြည်သူတို့ မပါလျှင် နိုင်ငံရေးပြဿနာတွေ များလာပြီး ငြိမ်းချမ်းရေး ကိုလည်း ထိခိုက်စေပါသည်။

## အမေရိကန်၏ အရေးယူပိတ်ဆို့မှု

(EITI) နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှစ်ခုစလုံးသည် အနောက်နိုင်ငံများ ၏ လှူဒါန်းငွေများကို ဆွဲဆောင်နေပါသည်။ ဤကိစ္စသည် ထိရောက်သော ပြောင်းလဲမှုများကို တွန်းအားပေးရန် အလှူရှင်နိုင်ငံများအတွက် အထူးအခွင့်အရေး ဖြစ်ပါသည်။ သို့ရာတွင် ဖြစ်တန်ရာခြေ အန္တရာယ်တစ်ခုမှာ အချို့သော အနောက် နိုင်ငံများအနေနှင့် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ပြုပြင်ပြောင်းလဲမှုများ ကို ထုတ်ဖော်ကြည့်ဖို့ ဆန္ဒရှိသော်လည်း ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်တွင် လက်တွေ့ ရင်ဆိုင်နေရသော အခက်အခဲတွေကို ဖုံးကွယ်ထားတာပဲ ဖြစ်သည်။

ကချင်ပြည်နယ်၏ လက်နက်ကိုင်ပဋိပက္ခနှင့် ကျောက်စိမ်းလုပ်ငန်းများ



www.burmeseclassic.com

www.burmeseclassic.com



နည်းတူ အခြားကဏ္ဍများသည်လည်း ခက်ခဲသောကိစ္စတွေဖြစ်၍ မည်သည်ကိုမှ တိမ်းရှောင် မရနိုင်ပါ။

အမေရိကန်အနေနှင့် အရေးယူပိတ်ဆို့မှုတွေလုပ်ဖို့ ထူးခြားသော အခြေအနေတစ်ရပ်ကို ပိုင်ဆိုင်ထားပါသည်။ ကျောက်စိမ်းတင်သွင်းခြင်းကို တားမြစ်သော အမေရိကန်၏ JADE ဥပဒေသည် လူ့အခွင့်အရေးတို့ကို ဆက်တိုက်ချိုးဖောက်နေသော နဝတအစိုးရကို သက်ဆိုးရှည်အောင် ထောက်ပံ့နေသော ငွေကြေးစီးဆင်းမှုတွေ ရပ်သွားအောင် ရည်ရွယ်ရေးဆွဲထားသော ဥပဒေဖြစ်ပါသည်။ စစ်အစိုးရကို ငွေကြေးထောက်ပံ့နေသူများကိုပင်လျှင် ယခု ကျောက်စိမ်းလုပ်ငန်းဖြင့် စီးပွားတက်နေသူတွေဖြစ်ကြောင်း စုံစမ်း သိရပြီးပါပြီ။

အမေရိကန်ဘဏ္ဍာရေးဌာနကလည်း ခရိုနီတွေကို အရေးယူပိတ်ဆို့တာတွေ၊ မူးယစ်ဂိုဏ်းခေါင်းဆောင်တွေကို ပစ်မှတ်ထား အရေးယူနေပါသော်လည်း ၎င်းတို့သည်ပင် ကျောက်စိမ်းလုပ်ငန်းကို အပိုင်စီးထားကြပါသည်။ သို့ရာတွင် အရေးယူပိတ်ဆို့တာတွေကို အလျှင်စလို ဖြေလျှော့ပေးတာမျိုး မဖြစ်သင့်သလို အမြဲတမ်း ပိတ်ဆို့ခြင်းသည်လည်း မသင့်တော်ကြောင်း Globel Wilness က ယုံကြည်ပါသည်။ အလားတူ လုံးဝ တင်းကျပ်ထားရာမှ လုံးဝ အကာအကွယ်မပေးနိုင်တော့သည့် အနေအထားမျိုး ဆိုက်ရောက်သွားမှာကိုလည်း အထူးသတိပြုသင့်ပါသည်။

အမေရိကန်အစိုးရအနေနှင့် လုပ်ငန်းစဉ်ကို သေချာ သိထားပြီး ဖြစ်ပါသည်။ ပဋိပက္ခဖြစ်ပွားပြီးစ နိုင်ငံများတွင် အရေးယူမှုများကို အတိုင်းအတာတစ်ခုအထိ ဆက်လက် ထားသင့်ပါသည်။ အဆိုပါနိုင်ငံများတွင် သဘာဝသယံဇာတ အရင်းအမြစ်လုပ်ငန်းများနှင့် လက်နက်ကိုင် အကြမ်းဖက်မှုတွေ၊ အကျင့်ပျက်လာဘ်စားမှုတွေနှင့် လုံးထွေးရစ်ပတ်နေတတ်သဖြင့် အရေးယူပိတ်ဆို့မှု တစ်စုံတရာသည် အဓိပ္ပါယ်ရှိသော ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ အကောင်းဆုံး အာမခံချက်တစ်ခုဖြစ်ကြောင်း လိုင်ဘေးရီးယားအတွေ့အကြုံအရ သိထားပြီး ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို လိုးလားသော ပြည်တွင်းပြည်ပ အင်အားစုတွေအတွက် အခွင့်အလမ်းတစ်ခု ရှိပါသည်။ ၎င်းမှာ အရေးယူဆောင်ရွက်မှုများနှင့် ပြီးမြောက်သွားသော လုပ်ငန်းတို့ကို သဘောတူဖို့ပင် ဖြစ်သည်။ ဆိုလိုသည်မှာ ကျောက်စိမ်းလုပ်ငန်းတွင် ပွင့်လင်းမြင်သာပြီး အကျိုးအမြတ်တွေကို



www.burmeseclassic.com

www.burmeseclassic.com




အညီအမျှ ခွဲဝေလာသည်နှင့်အမျှ အရေးယူပိတ်ဆို့မှုတွေကိုလည်း လျော့ချရမည် ဆိုသော အချက်ကို သဘောတူဖို့ပဲ ဖြစ်သည်။ ဆိုခဲ့သလို တိတိကျကျ လုပ်ကိုင်ဆောင်ရွက်ရာတွင် ထည့်သွင်းဆောင်ရွက်ရမည့် အချက်တို့ကို အကြံပြုချက်တွင် ဖော်ပြထားပါသည်။




www.burmeseclassic.com

www.burmeseclassic.com






တောက်ပကြွယ်ကုမ္ပဏီပိုင်းထဲတွင် ရုပ်ပျက်ဆင်းပျက် သေဆုံးသွားသော ရေမဆေးကျောက် ကောက်သူကြောင့် ကန့်ကွက်ဆန္ဒပြသူများ



ဘိန်းဖြူရောင်းချသူတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



## အကြံပြုချက်များ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအတွက်

၁။ နှစ်ဦးနှစ်ဖက်လုံး နားလည်မှုဖြင့် ချုပ်ဆိုရမည့် ငြိမ်းချမ်းရေးစာချုပ်၏ အစိတ်အပိုင်းအဖြစ် အောက်ပါလုပ်ငန်းများ ရှိသင့်ပါသည်။ ကျောက်စိမ်းအပါအဝင် သဘာဝသယံဇာတဆိုင်ရာ စီမံအုပ်ချုပ်မှု၊ ဝင်ငွေခွဲဝေမှု အစီအစဉ်သစ်တို့ကို KIA/ KIO အပါအဝင် ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်သင့်သည်။ ဆောင်ရွက်ရာတွင် ဒေသခံနှင့် နိုင်ငံသားအားလုံး၏ လူမှုရေးနှင့် စီးပွားရေးအကျိုးအမြတ်များ ပိုမိုဖြစ်ထွန်းစေဖို့ အာမခံချက်ရှိရမည်။ ပတ်ဝန်းကျင်နှင့် အနာဂတ်မျိုးဆက်များအတွက် လိုအပ်ချက်တို့ကိုလည်း ထည့်သွင်း စဉ်းစားရပါမည်။

၂။ ကျောက်စိမ်းလုပ်ငန်းတွင် (EITI) က အကောင်အထည်ဖော်နေသော လုပ်ငန်းများကို ဦးစားပေးရပါမည်။ အလားတူ အချက်အလက်များကို အများသိစေရန် ထုတ်ပြန်ခြင်း၊ ကျောက်စိမ်းလုပ်ငန်းဆိုင်ရာ လေလံများ၊ လက်ရှိ လိုင်စင်ကိုင်ဆောင်ထားသူများ စာရင်း၊ ကိုင်ဆောင်ထားသော လိုင်စင်အမျိုးအစားများ၊ ကျောက်စိမ်းထုတ်လုပ်မှု ပမာဏ၊ ကျောက်စိမ်းမှ ရရှိသော ဝင်ငွေ *(စီမံကိန်းအလိုက် အသေးစိတ်ဖော်ပြရန်)*၊ နိုင်ငံပိုင်လုပ်ငန်းများမှ အစိုးရရှယ်ယာ ရရှိနေသော ဝင်ငွေများ အပါအဝင် ကျောက်စိမ်းလုပ်ငန်းမှ ရရှိသော အခြားဝင်ငွေများ၊ *(သဘာဝပတ်ဝန်းကျင်နှင့် လူမှု ရေးအကာအကွယ်များ)*စာချုပ်အပြည့်အစုံနှင့် လိုင်စင်ပါ သတ်မှတ်ချက်များ၊ နိုင်ငံပိုင်လုပ်ငန်းများနှင့် စီမံဆောင်ရွက်မှုတွေကို ထုတ်ပြန်ရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



၃။ (EITI) ၏ အကြံပြုချက်အရ ကျောက်စိမ်းတွင်း လုပ်ပိုင်ခွင့် ရရှိထားသူများ၊ လေလံရထားသော ကုမ္ပဏီများဘက်က ပိုင်ဆိုင်သူများ (သို့မဟုတ်) ထိန်းချုပ်ထားသူများ မည်သူမည်ဝါဖြစ်ကြောင်း အများသိစေရန် ထုတ်ပြန်ရပါမည်။ အစိုးရအရာရှိများ၊ ယခင် (သို့မဟုတ်) ယခုတိုင် ပတ်သက်နေသူများကို ဖော်ထုတ်ခြင်း၊ ယခင်က အကျင့်ပျက်ခြစားမှုများ၊ ပတ်ဝန်းကျင် (သို့မဟုတ်) လူ့အခွင့်အရေး အလွဲသုံးစားမှုများနှင့် ၎င်းတို့ကို မည်သို့ ကိုင်တွယ်ဖြေရှင်းခဲ့သည်ဆိုသော အသေးစိတ်အချက်အလက်တွေကို ထုတ်ဖော်ရပါမည်။

၄။ အထက်ဖော်ပြပါ (EITI) ပြဋ္ဌာန်းချက်တို့ကို သတ္တုတူးဖော်ရေး၊ ကျောက်မျက်ရတနာနှင့် ကျောက်စိမ်းလုပ်ငန်းကို ထိန်းချုပ်ထားသော အခြားဥပဒေသစ်များတွင် ပါဝင်ရန် ထည့်သွင်းရပါမည်။

၅။ ကျောက်စိမ်းလုပ်ငန်းဆိုင်ရာ လေလံလုပ်ငန်းစဉ်များ ပွင့်လင်း၍ တရားမျှတမှု ရှိစေဖို့ ကချင်/မြန်မာ အရပ်ဘက်အဖွဲ့အစည်းများနှင့် တိုင်ပင်၍ သုံးသပ်ချက်များ၊ ပြင်ဆင်ချက်များကို ချက်ချင်း ဆောင်ရွက်ရပါမည်။

၆။ ကုမ္ပဏီရှယ်ယာရှင်များ၏ အသေးစိတ်အချက်အလက်များကို ထည့်သွင်း၍ ကုမ္ပဏီကို နောက်ဆုံးပိုင်ဆိုင်သူ၏ အချက်အလက်တွေကို ကြေညာပေးရပါမည်။

၇။ နိုင်ငံပိုင်လုပ်ငန်းများ၏ စာရင်းများ၊ စစ်တပ်မှ တစိတ်တပိုင်းဖြစ်စေ၊ အားလုံးဖြစ်စေ ပိုင်ဆိုင်သောလုပ်ငန်းများ အပါအဝင် ကျောက်စိမ်းလုပ်ငန်းမှ ရရှိသောဝင်ငွေအသေးစိတ်ကို အစိုးရထံ ပေးပို့၍ အစိုးရက လွတ်လပ်စွာ စရင်းစစ်၍



www.burmeseclassic.com

www.burmeseclassic.com



ကြေညာပေးရပါမည်။

၈။ ကျောက်စိမ်းလုပ်ငန်းမှ ဝင်ငွေများ ဘယ်နေရာမှာ အဆုံးသတ်ရောက်သွားသည်ကို ဒေသခံတွေသိဖို့ အစိုးရအသုံးစရိတ်များကို အသေးစိတ်တခုချင်းစီ ထုတ်ပြန်ကြေညာပေးရပါမည်။

၉။ EITI ၏ အရပ်ဘက်အဖွဲ့အစည်းများ ကျင့်ဝတ်များနှင့် ကိုက်ညီစေဖို့ ကျောက်စိမ်းလုပ်ငန်းစီမံခန့်ခွဲမှုအပိုင်းနှင့် ဆောင်ရွက်မှုများကို အရပ်ဘက်အဖွဲ့အစည်းနှင့် မီဒီယာများက သုံးသတ်တာ တွေ၊ ပြင်ဆင်တာတွေကို မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ လုပ်ရပါမည်။

၁၀။ ပုဂ္ဂလိကကဏ္ဍ၊ ဒေသခံအစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းတို့မှ ကူညီမှုဖြင့် ကျောက်စိမ်းဝင်ငွေခွန်များကို ရှင်းလင်းဖော်ထုတ်ခြင်းနှင့် အထူးသဖြင့် မိုင်းတွင်းများတွင် အခွန်ရှောင်လွှဲနေသူများ ပပျောက်စေရန် ဝင်ငွေကို တစုတစည်းထဲ ကောက်ခံသောစနစ်ကို အပြည့်အဝ ကျင့်သုံးရပါမည်။

၁၁။ ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်သော အကျင့်ပျက်ခြစားမှုများကို ကျူးလွန်ရာတွင် စစ်တပ်၊ ရဲ၊ အစိုးရအရာနှင့် ကုမ္ပဏီများ ပါဝင်ပူးပေါင်းကြံစည်ခြင်းရှိမရှိ ဖော်ထုတ်၍ ရှိလည်း အားလုံးကို တရားစွဲရပါမည်။

၁၂။ မတော်မတရားနည်းဖြင့် ရရှိထားသော (သို့) ဥပဒေကို ချိုးဖောက်သော (သို့) လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အလွဲသုံးစားပြုသူတို့၏ လိုင်စင်များကို ပယ်ဖျက်ပစ်ရပါမည်။

၁၃။ ကျောက်စိမ်းလုပ်ငန်းကို လွှမ်းမိုးထားသော ဥပဒေများ



www.burmeseclassic.com

www.burmeseclassic.com



မူဝါဒများ၊ လိုင်စင်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝအတွက် အကာအကွယ်များ ကို ထည့်သွင်းရပါမည်။

၁၄။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝအကာအကွယ်များကို အမြင့်ဆုံးနှင့် အပြည့်ဝဆုံး ဆောင်ရွက်ရပါမည်။ လွတ်လပ်သော စောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့၍ စည်းကမ်းချိုးဖောက်သူများကို အရေးယူ၍ သတင်းများကို ချက်ချင်းထုတ်ရပါမည်။

၁၅။ စစ်တပ်၊ ရဲနှင့် အခြားလုံခြုံရေးအဖွဲ့အစည်းများနှင့် တာဝန် ထမ်းဆောင်နေသော အရာရှိများအနေနှင့် ကုမ္ပဏီ တည်ထောင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်း (သို့) ရှယ်ယာအကျိုး အမြတ်ရယူနေတာမျိုးတွေ မရှိစေဖို့ ဥပဒေဖြင့် တားမြစ်ရပါမည်။

❋❋❋

## အလှူရှင်အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မြန်မာအစိုးရ၏ စီးပွားဖက် များအတွက်

၁။ မြန်မာအစိုးရကို ငွေကြေးနှင့် အခြားအကူအညီတွေ ပေးရပါမည်။

၂။ EITI ကို အကောင်အထည်ဖော်ဖို့ မြန်မာအစိုးရကို နည်းပညာ အကူအညီများ ပေးရပါမည်။

၃။ ငြိမ်းချမ်းရေးသဘောတူညီမှု တစိတ်တပိုင်းအဖြစ် ကျောက်

www.burmeseclassic.com

www.burmeseclassic.com



စိမ်းနှင့် အခြားသယံဇာတပစ္စည်းများ ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲရေး၊ ဝင်ငွေခွဲဝေခြင်း အစီမံသစ်များအတွက် အစိုးရ၊ KIA/ KIO နှင့် ကချင်အရပ်ဘက်အဖွဲ့အစည်းတွေကို နည်းပညာအကူ အညီပေးရပါမည်။

၄။ သဘာဝသယံဇာတများ စီမံခန့်ခွဲရာတွင် ဖြေရှင်းလုပ်ဆောင် နိုင်စွမ်းရှိလာစေဖို့ ကြိုးပမ်းနေသော ကချင်နှင့် အခြားအရပ် ဘက် အဖွဲ့အစည်းများအား ငွေကြေးနှင့် နိုင်ငံရေးဆိုင်ရာ အကူအညီတွေပေးရပါမည်။

KIA/KIO အတွက်

၁။ KIO/ KIA ၏ အခွန်စနစ်၊ အသုံးစရိတ်နှင့် ကြီးကြပ်မှုအသေးစိတ် အကြောင်းအရာများအပါအဝင် EITI လုပ်ငန်းစဉ်နှင့်အညီ KIA/ KIO အာဏာပိုင်များ၏ ကျောက်စိမ်းကဏ္ဍစီမံခန့်ခွဲရေး အချက်အလက် များကို ထုတ်ပြန်ပေးရပါမည်။

၂။ ကချင်ပြည်နယ်အရပ်ဘက်အဖွဲ့အစည်းများထံမှ အကြံဉာဏ်များနှင့် အတူ ပြည်ထောင်စုစနစ်တစ်ခုအောက်တွင် ကချင်ပြည်နယ်အနေနှင့် ကျောက်စိမ်းလုပ်ငန်းနှင့်ပတ်သက်သော စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒတစ်ခုကို ရေးဆွဲရပါမည်။

၃။ ကျောက်စိမ်းလုပ်ငန်းတွင် KIA/KIO အရာရှိများ ပါဝင်ပတ်သက်နေ သော အကျင့်ပျက်ခြစားမှုများကို စီစစ်၍ ကျူးလွန်သူတွေကို တရားစွဲရ ပါမည်။ တာဝန်ရှိသူများကိုလည်း တာဝန်ခံခိုင်းရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်း တူး/ ရောင်းဝယ်ကုမ္ပဏီများအတွက်

၁။ EITI သတ်မှတ်ချက်များနှင့်အညီ အချက်အလက်များ ထုတ်ပြန်ရပါမည်။ ၎င်းအချက်အလက်များတွင် ကျောက်စိမ်းလုပ်ပိုင်ခွင့်ရထားသူများက အစိုးရကို ပေးရမည့် အခွန်နှင့် အခြားပေးသွင်းမှုများ၊ ပိုင်ဆိုင်သူများ (သို့) ထိမ်းချုပ်သူများ၏အမည်နှင့် အထောက်အထားအချက်အလက်များ၊ ကျောက်စိမ်းတူးဖော်ခွင့်စာချုပ်နှင့် လိုင်စင်သက်တမ်းများ ပါဝင်ရပါမည်။ စစ်တပ်ပိုင် ကုမ္ပဏီများအပါအဝင် နိုင်ငံပိုင်လုပ်ငန်းများသည် EITI နှင့်အညီ ကျောက်စိမ်းတူးဖော်ရေးတွင် ၎င်းတို့၏ ပါဝင်ပိုင်ဆိုင်မှုများ၊ အခြားဌာနခွဲများထံ အစိုးရက ငွေလွှဲပြောင်းပေးခြင်းတို့ကို ဖော်ပြသင့်ပါသည်။

၂။ လက်ရှိတူးဖော်နေသော လုပ်ငန်းရှင်များဘက်က သဘာဝပတ်ဝန်းကျင်၊ လူမှုဘဝ၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာအလုပ်သမားအခွင့်အရေးတို့ကို ချိုးဖောက်လျှင် ချက်ချင်းစစ်ဆေးပြီး အရေးယူရပါမည်။

၃။ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်စည်းကမ်းများ၊ လုံခြုံရေးနှင့် လူ့အခွင့်အရေးအရ မိမိသဘောဆန္ဒအလျောက် ဆောင်ရွက်ရမည့် အခြေခံမှုများ၊ ရေရှည်ဖွံ့ဖြိုးမှုအတွက် မူဘောင်နှင့် သတ္တုတွင်းဆိုင်ရာ အခြေခံမှုများအပါအဝင် နိုင်ငံတကာစံချိန် စံညွှန်းများနှင့်အညီ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း၏ ပတ်ဝန်းကျင်လူမှုဘဝနှင့် လူ့အခွင့်အရေးထိခိုက်မှုများ လျော့နည်းစေရန် မူဝါဒနှင့် လမ်းညွှန်တွေ ရေးဆွဲအကောင်အထည်ဖော်ရပါမည်။

မြန်မာနိုင်ငံအတွင်း လက်ရှိ (သို့) ဖြစ်လာနိုင်မည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ အတွက်

၁။ ကျောက်မျက်ရတနာကဏ္ဍတွင် ရှိနှင့်ပြီးသား (သို့) ၎င်းကဏ္ဍနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်နွယ် လုပ်ကိုင်ရန် အလားလာရှိသော ပြည်တွင်းအကျိုးတူ စီးပွား ဖက်များနှင့် အထူး ဝိရိယစိုက်ဆောင်ရွက်သင့်သည်။

၂။ ပြည်တွင်းလုပ်ငန်းရှင်များတွင် ရှယ်ယာပိုင်ရှင်များ (သို့) ထိမ်းချုပ်ထား သူအားလုံး၏ အမည်နှင့် အမျိုးသားမှတ်ပုံတင်များကို ၎င်းတို့၏ နောက်ခံ ကိုယ်ရေးအချက်အလက်များနှင့်အတူ ထုတ်ပြန်ရပါမည်။




www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်မှူးကြီးသန်းရွှေ



ဝန်ကြီးဦးအုန်းမြင့်



ဝေဆွးကျန်



အိုင်လင်ထွေး



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)
## ဘယ်လောက်တန်ကြေးရှိလဲ၊ ဘယ်လိုအလုပ် လုပ်နေကြလဲ

ကချင်ပြည်နယ် ဖားကန့်ဒေသကား ကမ္ဘာတွင် တန်ဖိုးအကြီးဆုံး ကျောက်စိမ်းတို့ ထွက်ရာမြေဖြစ်သည်။ သို့ပေမဲ့ အစိုးရက တူးဖော်ရေးလုပ်ငန်း လိုင်စင်တွေကို ပေးရာမှာမူ ညီမျှမှု မရှိ။ လာဘ်ပေးလာဘ်ယူမှုတွေနှင့် ဖောင်းပွနေပြီး အမြတ်ငွေအများစုသည်လည်း စစ်အာဏာရှင်နှင့် အသိုင်းဝိုင်းတွေအိတ်ထဲရောက်ဖို့လောက်သာ လုပ်နေကြသည်။ အမြတ်ငွေ၏ အလွန်နည်းပါးသော အရေအတွက်ကိုသာ ကချင်နှင့် မြန်မာလူထုတရပ်လုံး၏ ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းတွေမှာ သုံးစွဲခဲ့ကြသည်။ ဗဟိုအစိုးရနှင့် KIA/KIO တို့ ငြိမ်းချမ်းရေးအတွက် အကြိမ်အခါခါ ဆွေးနွေးလာချိန်မှာ နိုင်ငံရေးအခြေအနေပြောင်းသွားမှာကို တွက်ဆပြီး လိုင်စင်ရကုမ္ပဏီများက စက်ကြီးယန္တရားတွေနှင့် မဟားဒယား ထုတ်ယူနေကြသည်။

ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်၍ သတင်းပလင်းတို့ကို အချိန်တော်တော် စောကတည်းက လျှို့ဝှက်ထားခဲ့သော်လည်း မြန်မာနိုင်ငံတော်၏ အထူးလျှို့ဝှက်မှုကြီးတစ်ခုအဖြစ် စုံစမ်းဖော်ထုတ်နိုင်ခဲ့ပါပြီ။

၂၀၁၄ ခုနှစ် တရုတ်အစိုးရ၏ သွင်းကုန်စာရင်းဇယားများအရ မြန်မာနိုင်ငံမှ ဝယ်ယူခဲ့သော ကျောက်စိမ်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂. ၃ ဘီလျံရှိကြောင်း သိရသည်။ ငွေကြေးပမာဏမှာ အံ့ဩစရာများပြားလှပါသည်။ သို့ရာတွင် ရောင်းချခဲ့သော ကျောက်စိမ်း ၅၀ (သို့) ၈၀ ရာနှုန်းကိုမူ တရုတ်ပြည်နယ်စပ်မှ မှောင်ခိုတင်သွင်းခဲ့ကြောင်း ကျောက်စိမ်းကုမ္ပဏီအတော်များများထံမှ သိခဲ့ရသည်။ တရုတ်ပြည်သည် မြန်မာ့ကျောက်စိမ်းတုံးတွေ ခရီးဆုံးဖြစ်သော်လည်း သုံးပုံတစ်ပုံသာ တရားဝင်ရောက်ခဲ့ကြောင်း တရုတ်အကောက်ခွန်စာရင်းဇယားတွေက ညွှန်ပြ



www.burmeseclassic.com

www.burmeseclassic.com



နေကြသည်။ ၁၂. ၃ ဘီလျံဒေါ်လာဆိုသည်မှာ နည်းနည်းနောနော ပမာဏမဟုတ်။ သို့ရာတွင် မြန်မာနိုင်ငံ ကျောက်စိမ်းထုတ်လုပ်မှုတစ်ခုလုံး၏ တန်ဖိုးအရ အစိတ်အပိုင်းတစ်ခုမျှသာ ရှိပါသေးသည်။ သို့ဖြစ်၍ ကျောက်စိမ်းလုပ်ငန်းမှ ရရှိနေသော တန်ဖိုးအမှန်ကို သိနိုင်ရန်အတွက် Global witness က တရားဝင်မထုတ်ပြန်ခဲ့သော အချက်အလက်များကို အခြေခံ၍ စုံစမ်းလေ့လာခဲ့ပါသည်။ တရားဝင် ကျောက်စိမ်းထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၄ ခုနှစ် တနှစ်တည်းမှာပင် ဒေါ်လာ ၃၁ ဘီလျံရရှိခဲ့ပြီး ၂၀၀၅ မှ ၂၀၁၄ အထိ ဒေါ်လာ ၁၂၂.၈ ဘီလျံ ရှိခဲ့မကြောင်း ခန့်မှန်းရပါသည်။ ဒေါ်လာ ၃၁ ဘီလျံမှာ မြန်မာတနိုင်ငံလုံး အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၄၈ ရာနှုန်းရှိပြီး ၂၀၁၄–၁၅ ခုနှစ် နိုင်ငံတစ်နိုင်ငံလုံး ကျန်းမာရေးအသုံးစရိတ်၏ ၄၆ ဆ ဖြစ်ပါသည်။ ကချင်ပြည်နယ်ထဲက ပြည်သူတွေကို ဝေပုံချရလျှင် အနိမ့်ဆုံးတစ်ဦးကို ဒေါ်လာ ၂၁, ၀၀၀ ရကြမည် ဖြစ်ပါသည်။

ဤမျှ ငွေပမာဏမြောက်များစွာ ရနေသည်မှာလည်း အကြောင်းရှိပါသည်။ မြန်မာသည် ကမ္ဘာမှာ အရည်အသွေးကောင်းသော ကျောက်စိမ်းထွက်ရာဒေသ ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံကျောက်မျက်ပြပွဲမှာ နိုင်ငံတကာဝယ်လက်တွေအတွက် အထူးစိတ်ဝင်စားခဲ့ကြပြီး အစိုးရ၏ တရားဝင်ဈေးမှာ အရည်သွေးပြည့်ဝသော ကျောက်စိမ်းတစ်ကီလိုဂရမ်ကို အမေရိကန်ဒေါ်လာ ၂. ၈၉ မီလျံဖြင့် ရောင်းချခဲ့ပါ သည်။ အကောင်းဆုံးကျောက်စိမ်းများဆိုလျှင် ထိုထက်မက အဆများစွာ ဈေးမြင့်သွားပါသည်။ ကျောက်စိမ်းရောင်းဈေး/ဝယ်ဈေးများကို ယခုအစီရင်ခံစာနောက်ဆက်တွဲ (၁) တွင် အသေးစိတ်တွက်ချက်ပြထားပါသည်။ တွက်ချက်ရာတွင် အစိုးရကျောက်စိမ်း ထုတ်လုပ်ရေးမှ ရရှိထားသော အချက်အလက်များနှင့် ၂၀၁၄ ခုနှစ် ကျောက်မျက်ပြပွဲမှ ရရှိထားသော ရောင်းဈေးတို့ကို ပေါင်းစပ်ထားပါသည်။ ၂၀၁၃ ခုနှစ်နှင့် ၎င်းမတိုင်မီ ကျင်းပခဲ့သော ကျောက်မျက်ပြပွဲမှ ရရှိခဲ့သော အချက်အလက်များ၊ ၂၀၁၄ ခုနှစ် ပြည်တွင်းဈေးကွက်တွင် အရေအသွေးနိမ့်ကျောက်စိမ်း ရောင်းချရငွေတို့ကို တပေါင်းတည်းထည့်သွင်းထားပါသည်။ မှောင်ခိုရောင်းဝယ်ခြင်းဆိုသည်မှာ အကောင်းဆုံးနှင့် အလယ်အလတ်အရည်အသွေးရှိ ကျောက်စိမ်းများ၊ တန်ဖိုးများနှင့် တရားဝင် ကျောက်မျက် ရောင်းချပွဲမှ ရရှိသော အရောင်းစာရင်းဇယားများ ကွာဟနေခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ကျောက်စိမ်းထုတ်လုပ်မှုတစ်ခုလုံး၏ ရှယ်ယာအဖြစ် ဈေးလျှော့တွက်ထားတာဖြစ်သည်။

သို့ဖြစ်၍ ကျွန်ုပ်တို့၏ တွက်ချက်မှုတွင် Harvard Ash Center နှင့် Proximity Designs တို့၏ ၂၀၁၃ ခုနှစ် စီးပွားရေးအကဲဖြတ်ချက်မှ ရရှိထားသော အရည်အသွေးအရွယ်အစားအမျိုးမျိုးရှိသော ကျောက်များ၏ ပျှမ်းမျှတန်ဖိုးရာခိုင်နှုန်းကို အသုံးပြုထားပါသည်။

မြန်မာ့ကျောက်စိမ်းလုပ်ငန်းတွင် ကွယ်ဝှက်ပိတ်ဆို့နေသော ကိစ္စများမှာ အချက်အလက်များ ပြည့်စုံစွာ မရခြင်း။ ကျောက်စိမ်းတန်ဖိုးတို့ကို ကိုယ်နည်းကိုယ့်ဟန်အမျိုးမျိုးနှင့် တွက်ချက်နေတာတွေပဲ ဖြစ်သည်။ ၂၀၁၄ ခုနှစ် ကျောက်စိမ်းထုတ်လုပ်မှုကို တန်ဖိုးဖြတ်ရာတွင် နည်းစနစ်သစ်ကို အသုံးပြုထားရာ တန်ဖိုးအရ ၃၀ ဘီလျံကျော် ခန့်မှန်းခဲ့သည်။ ၂၀၁၄ ခုနှစ် တရုတ်အစိုးရထုတ်ပြန်သော စာရင်းဇယားများအရ ကျောက်စိမ်းတစ်ကီလိုကရမ်၏ တန်ဖိုးကို တွက်ချက်ကြည့်လျှင် စုစုပေါင်း ၃၈ ဘီလျံဒေါ်လာရှိမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ခန့်မှန်းခြေတန်ဖိုးများသည် တရားဝင်ထုတ်လုပ်သော အချက်အလက်များတွင် အခြေခံထားသဖြင့် မြန်မာအာဏာပိုင်များဘက်က နိုင်ငံကိုလုံးဝ အသိမပေးခဲ့သော ကျောက်စိမ်းထွက်ရှိမှု တော်တော်များများကို ကိုယ်စားပြုလိမ့်မည် မဟုတ်ပါ။ သို့ဖြစ်၍ ကျွန်ုပ်တို့၏ တွက်ချက်ခန့်မှန်းမှုများသည် မြန်မာ့ကျောက်စိမ်းထုတ် လုပ်မှုတစ်ခုလုံး၏ တန်ဖိုးရင်းထက် နိမ့်နေနိုင်စရာ ရှိပါသည်။ ကျွန်ုပ်တို့၏ တွက်ချက်မှုများမှာ ခန့်မှန်းခြေသာ ဖြစ်ပါသည်။ ရနိုင်သမျှ အချက်အလက်များအပေါ်မှာ အခြေခံတွက်ချက်ထားသော ကိန်းဂဏန်းများကို ပြည်သူကို့ထံ အသိပေးရသော ကျွန်ုပ်တို့ ရည်ရွယ်ချက်တစ်ခု ရှိပါသည်။ နောင်အခါ ကိကျစွာ တန်ဖိုးဖြတ်ရန်အတွက် လူထုအတွက် သတင်းအချက်အလက်တွေ ပြည့်ပြည့်စုံစုံ လိုအပ်နေရာ ယင်းတို့ကို ရရှိဖို့ တွန်းအားပေးရန် ရည်ရွယ်ပါသည်။

ကျောက်စိမ်းလုပ်ငန်းမှ ရရှိနေသော ဒေါ်လာဘီလျံပေါင်းများစွာကို ဘယ်သူတွေ ယူသွားသလဲ၊ ငွေတွေ ဘယ်ရောက်သွားသလဲ၊ အချက်လက်တွေကို လျှို့ဝှက်ထားတာနှင့်ပတ်သက်ပြီး ကျောက်စိမ်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ယခုလို မေးဖန်ခဲ့သည်။

"ကျောက်စိမ်းအချက်အလက်တွေကို အစိုးရက လျှို့ဝှက်ထားမှာ



www.burmeseclassic.com

www.burmeseclassic.com



*ပေါ့၊ မဟုတ်ရင် ဒေသခံတွေ တစ်ပြားမှမရကြဘူးဆိုတာ ကမ္ဘာကြီးက သိသွားမယ်လေ၊ အခွန်ငွေတွေကို အစိုးရ ဘယ်လိုရနေသလဲ ဆိုတာလဲ သိသွားကြလိမ့်မယ်၊ ဒါကြောင့် သူတို့ လျှို့ဝှက်ထားတာပါ"*

ကျောက်စိမ်းလုပ်ငန်းလုပ်ပြီဆိုလျှင် လစဉ်ကြေး၊ တူးဖော်ခွင့်မြေခွန်နှင့် အခြားအခွန်အခတွေ အစိုးရကို ပေးဖို့လိုပါသည်။ ၎င်းတို့တွင် ကျောက်စိမ်းတွင်းမှာ ပင် ပေါက်သော တန်ဖိုး၏ ၂၀ ရာနှုန်း လိုင်စင်နှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဝန် ဆောင်ခ၊ အရောင်းပြပွဲ အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ကူးသန်းရောင်းဝယ်ရေး အခွန်တို့ ပါဝင်ပါသည်။ ၎င်းအပြင် မြန်မာအစိုးရပိုင် မြန်မာ့ကျောက်မျက်လုပ်ငန်း Myanmar Gems Enterprise (MGE) နှင့် စီးပွားရေး ဦးပိုင်လီမိတက်ကဲ့သို့သော စစ်တပ်ပိုင်ကုမ္ပဏီများ၏ ရှယ်ယာအများစုကလည်း ကျောက်စိမ်းမိုင်းတွင်းတွေမှာ တော်တော်များများရှိရာ ၎င်းတို့အတွက် ရောင်းခွန်ဆောင်ပြီး ကျန်ငွေ၏ ၄၀ ရာနှုန်း ရနေခဲ့သည်။

အစိုးရက ကန့်သတ်ထုတ်ထားသော အချက်အလက်များကို အခြေခံ၍ တွက်ချက်ရာတွင် ၂၀၁၄ ခုနှစ် တရားဝင် ကျောက်စိမ်းရောင်းရငွေမှ နိုင်ငံတော် အနေနှင့် ၃၇၄ မီလျံဒေါ်လာနီးပါး ရနိုင်ပါသည်။ သို့ရာတွင် မြန်မာဘတ်ဂျက်နှင့် အသုံးဆိုင်ရာ စာရင်းဇယားများ တိတိကျကျ မရှိသေးသည့်အတွက် ကျောက်စိမ်း ရောင်းရငွေတွေ ဘယ်ရောက်သွားသလဲဆိုတာ ခြေရာကောက်ဖို့ မဖြစ်နိုင်သလောက် ရှိပါသည်။ အလားတူ ကချင်ပြည်နယ်အပါအဝင် အခြားဒေသဖွံ့ဖြိုးရေးလုပ်ငန်း တွေအတွက် ဘယ်နေရာတွေမှာ အသုံးပြုနေသလဲဆိုတာ မသိနိုင်ပါ။ သို့ပေမဲ့ ကျောင်းစိမ်းရောင်းရငွေမှ အမြတ်တော်တော်များများကို မြန်မာစစ်တပ်က ရနေ သည်မှာ သေချာပါသည်။ ဦးပိုင်ကဲ့သို့ စစ်တပ်ကုမ္ပဏီများ၏ အစုရှယ်ယာ တော်တော်များများ ကျောက်စိမ်းမိုင်းတွင်းလုပ်ငန်းတွင် ထည့်ဝင်ထားကြသလို ပင်စင်စားဗိုလ်ချုပ်ကြီးများ၏ မိသားစုတွေ့ကလည်း ကျောက်စိမ်းလုပ်ငန်းရှင်ကြီး တချို့၏ နောက်ကွယ်မှနေ၍ ကျောက်စိမ်းရောင်းရငွေ တော်တော်များများကို အိတ်ထဲ ဘယ်ပုံဘယ်နည်း ထည့်နေကြသည်ကို ယခုအထိ မသိနိုင်ကြသေးပါ။

မြန်မာ့ရေနံလုပ်ငန်းကို ပြုပြင်ပြောင်းလဲဖို့ နိုင်ငံတကာအထောက်အပံ့များ နှင့် ကြိုးပမ်းခဲ့ပြီးနောက် သဘာဝဓာတ်ငွေ့ရောင်းချမှုတစ်ခုတည်းမှာ ၂၀၁၄ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၄၀၂ ဘီလျံရရှိခဲ့ရာ နိုင်ငံစီးပွားရေး၏



www.burmeseclassic.com

www.burmeseclassic.com



အဓိက မောင်းနှင်အားတစ်ခု ဖြစ်လာခဲ့သည်။ သို့ပေမဲ့ ကျောက်စိမ်းဝင်ငွေနှင့် ယှဉ်လျှင် ဓာတ်ငွေ့လုပ်ငန်းကား ပိစိကွေးလေး ဖြစ်သွားသည်။ မည်သို့ရှိစေ အကျင့်ပျက်ခြစားမှုတွေကို ဦးတည်တိုက်ဖျက်သင့်သလို လုပ်ငန်းမှ ရရှိသော အကျိုးအမြတ်တို့ကိုလည်း တကယ်လိုအပ်သောနေရာတွေကို အရောက် ပေးပို့သင့်ပါသည်။ ကျောက်စိမ်းမှ ရရှိသော အကျိုးမြတ်များကို တကယ်လိုအပ်နေသော ဖွံ့ဖြိုးမှုတွေမှာ သုံးစွဲမှုသာလျှင် အမှန်တကယ် ပြောင်းလဲမှု ဖြစ်နိုင်ပါသည်။

ဒေသတွင်း နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာတို့၏ ပျမ်းမျှသက်တမ်းမှာ အနိမ့်ဆုံးဖြစ်သည်နှင့်အညီ ကချင်တိုင်းရင်းသားအများစုသည်လည်း ပြည်တွင်းစစ်ဒဏ်ကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရပါသည်။ အရည်အသွေးကောင်းသော ကျောက်စိမ်း တစ်ကီလိုဂရမ်ရောင်းရငွေဖြင့် ကချင်ပြည်နယ်တွင် ကျန်းမာရေးဆေးခန်းပေါင်း ၁၄၇ ခန်းကို ဆောက်လုပ်လည်ပတ်နိုင်ပါသည်။

သဘာဝအရင်းအမြစ်ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ လျှို့ဝှက်၊ ထိန်ချန်ထားသော ကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းဖို့ ကတိပြုခဲ့သည်နှင့်အညီ ၂၀၁၄ ခုနှစ် ဇူလိုင်တွင် မြန်မာသည် EITI (Extractine Industries Transparency Intialiue) အဖွဲ့ဝင်တစ်ဦး ဖြစ်လာပါသည်။ EITI ၏ ရည်မှန်းချက်မှာ ရေနံသဘာဝဓာတ်ငွေ့နှင့် သတ္တုတူးဖော်ရေးကိစ္စတွေကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ စီမံခန့်ခွဲနိုင်ဖို့ ဖြစ်သည်။ သဘာဝအရင်းမြစ်များ ထုတ်ယူသုံးစွဲရေးနှင့် ပတ်သက်သော အချက်လက်တွေကို ပြည်သူသို့ ချပြရာမှာ လုပ်ဆောင်ရမည့် ကိစ္စတွေ၊ အကြံပြုချက်တွေကို EITI က ထုတ်ပြန် ပြဋ္ဌာန်းထားရာ ၎င်းတို့ထဲမှာ ထုတ်လုပ်မှုပမာဏလိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း ဖြစ်စဉ်ဆိုင်ရာ သတင်းအချက်အလက်များ စာချုပ်တွင် ပါဝင်သော စည်းကမ်းနှင့် လိုက်လျောမှုများ၊ ကုမ္ပဏီတွင် ပါဝင်နေသောလူတစ်ဦးချင်းစီ၏ အချက်အလက်များ၊ ကုမ္ပဏီမှ အစိုးရသို့ ပေးချေငွေများ *(နိုင်ငံပိုင်လုပ်ငန်းများအပါအဝင်)* ကုမ္ပဏီများမှ အစိုးရ၏ လက်ခံရရှိမှုများ စသည်တို့ ပါဝင်ကြသည်။ သဘာဝအရင်းအမြစ်များကို စီမံခန့်ခွဲရာတွင် သက်ဆိုင်ရာအကြောင်းအရာများကို လွတ်လပ်စွာ ထုတ်ဖော်ပြောဖို့အတွက် လူမှုအဖွဲ့စည်းတွေ လိုအပ်ကြောင်း EITI က ထောက်ခံထားသည်။ သို့ရာတွင် EITI ကဲ့သို့ အဖွဲ့အစည်းများ အပြည့်အဝ အလုပ်, လုပ်နိုင်ဖို့ရာအတွက် လွတ်လပ်စွာ လှုပ်ရှားခွင့်၊ သတင်းထုတ်ပြန်ခွင့်များ ရှိရမည်ဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ်တွင်မူ မီဒီယာများ၊ CSO များနှင့် ဒေသခံပြည်သူတွေကို စစ်တပ်၊ ရဲနှင့် အစိုးရအရာရှိများက ခြိမ်းခြောက်၊ နှောက်ယှက်တာတွေ ရှိနေသေး ကြောင်း ကချင်ပြည်နယ် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးရေးပေါ်လစီဆိုင်ရာ ဆွေးနွေးပွဲစာတမ်းတွင် ဖော်ပြထားသည်။

EITI ၏ အကျိုးသက်ရောက်မှုများသည်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီကြပါ။ သက်ဆိုင်ရာအစိုးရများဘက်က ပါဝင်ပတ်သက်မှုအပေါ် မူတည်နေပါ သည်။ ဥပမာ လွတ်လပ်သော အစိုးရအနေနှင့် EITI ၏ ပြဋ္ဌာန်းချက်များကို အမျိုးသားဥပဒေအဖြစ် ပေါင်းစပ်ရုံမျှမက အာဂတိလိုက်စားမှု ပပျောက်ရေးအတွက် လည်း အသုံးပြုနိုင်ပါသည်။ ဆန့်ကျင်ဘက်အားဖြင့် အဇာဘိုင်ဂျန်တွင် EITI ကို အကောင်ထည် ဖော်မရနိုင်ဘဲ ရေနံလုပ်ငန်းအတွင်းမှ လာဘ်စားမှုတွေကိုလည်း အရေးယူနိုင်ခြင်း မရှိသဖြင့် အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ကိုင်နိုင်သော စွမ်းရည်များကိုပင် ကန့်သတ်ခံခဲ့ရသည်။ ပွင့်လင်းမြင်သာမှုတွေ ပိုရလာစေဖို့ မြန်မာအစိုးရအရာရှိတချို့က ထိထိရောက်ရောက် ပါဝင်မှုတွေ ရှိခဲ့ပါသည်။ ယခု သုတေသနစာတမ်းကို ပြုစုနေစဉ်ကာလအတွင်း ကျွန်ုပ်တို့ Global withnes ကို သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်လုပ်ငန်း(MGE)က အထောက် အပံ့တွေ ပေးခဲ့သလို ကုမ္ပဏီတွေဘက်ကလည်း EITI ကို ပို၍ စိတ်ဝင်စားလာ ကြပါသည်။ အခန်း (၂) တွင် ဖော်ပြထားသလို ထူးလုပ်ငန်းစုနှင့် ပတ္တမြားနဂါး ကုမ္ပဏီ (၂) ခုက ၎င်းတို့လုပ်ငန်း အချက်အလက်အားလုံးကို လိုလိုလားလား ပြောပြခဲ့ပါသည်။

ဆိုခဲ့သလို ပူးပေါင်းပါဝင်မှုများသည် အလားလာကောင်းများဖြစ်သော် လည်း တကယ်စမ်းသပ်မှုမှာ လာမည့်လ,အနည်းငယ်အတွင်း ထုတ်ပြန်ရမည့် EITI အစီစဉ်ခံစာဖြစ်ပါသည်။ မြန်မာ EITI အနေနှင့် တကယ်ယုံကြည်စရာ ပြောင်းလဲမှုတွေ လုပ်နေသလား၊ ညာစားနေသလားဆိုတာ အစီရင်ခံစာက ဆုံးဖြတ်ပါလိမ့်မည်။ ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်သော အချက်လက်တွေကို ဒေသခံပြည်သူတွေ လက်ထဲ အရောက်ထည့်ပေးနိုင်သည်ဆိုမှသာ EITI ကို ယုံကြည်ရပါမည်။




www.burmeseclassic.com

www.burmeseclassic.com



## ဖားကန့်တဝိုက်မှ ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်များ



www.burmeseclassic.com



## ကျောက်စိမ်းတုံးကို ပါးပါးလှီးခြင်း

ကျောက်စိမ်းထွက်သော နေရာကား ဝေသီခေါင်ဖျား၍ တိုက်ပွဲတွေမကြာခဏ ဖြစ်တတ်သဖြင့် ၎င်းဒေသကို အစိုးရအနေနှင့် ထိန်းချုပ်ဖို့မလွယ်ဟုထင်ထားကြသော်လည်း လက်တွေ့တွင်မူ လူအများပြောသလို မဟုတ်ပါ။ ဖားကန့်ကျောက်စိမ်းတွင်း တော်တော်များများကို နေပြည်တော်အာဏာပိုင်များက ထိန်းချုပ်ရုံမက သူတို့သဘောနှင့်သူတို့ စီမံခန့်ခွဲလျက် ရှိပါ၏။

ကျွန်ုပ်တို့ စုဆောင်းရထားသော အချက်အလက်များအရ လုပ်ငန်းလိုင်စင်ရဖို့ကိစ္စမှာ အာဏာလက်ရှိ စစ်ဗိုလ်ချုပ်ကြီးတွေ၊ သို့မဟုတ် ကြံ့ဖွံ့ပါတီနှင့်စစ်တပ်တို့နှင့် အဆက်အသွယ်ရှိခြင်း၊ မရှိခြင်းအပေါ် မူတည်နေပါသည်။ ၎င်းတို့ကလည်း အမည်မထင်ရှားသော ကုမ္ပဏီကိုယ်စားလှယ်တို့ကို အသုံးပြုကာနောက်ကွယ်က ထိန်းချုပ်ထားကြသည်။ ၎င်းတို့၏ အယူအဆမှာ ကချင်ပြည်နယ်ကိုအုပ်ချုပ်ရတာ မလွယ်ကူသောကြောင့် EITI ကဲ့သို့ ပွင့်လင်းမြင်သာမှုနှင့်ပတ်သက်သော အပြောင်းအလဲတွေ မဖြစ်နိုင်ဟူသော အိုင်ဒီယာကို ဆွဲကိုင်ထားရာကျောက်စိမ်းလုပ်ငန်းတွင် လျှို့ဝှက်မှုတွေ အလွဲသုံးစား အကျင့်ပျက်လုပ်ရပ်တွေရှိမြဲရှိနေခဲ့ပါသည်။

## ကျောက်စိမ်းလုပ်ပိုင်ခွင့် လိုင်စင်တရားဝင်ရရှိခြင်း

မြန်မာ့သတ္တုတွင်းဝန်ကြီး၊ ကျောက်မျက်ဌာန အဆိုအရ ဖားကန့်ဒေသရှိဧကပေါင်း ၃၅,၀၀၀ နီးပါးမှာ အမြင်အားဖြင့် ကျောက်တွင်းများဟု အမည်ရသော်လည်း ၎င်းတို့ကို မြန်မာ့ကျောက်မျက်လုပ်ငန်းပိုင်ကြောင်း သိရသည်။

တွင်းထွက်တန်ဖိုးအနေနှင့်မူ ရရှိလာသော ကျောက်အမျိုးအစား၊ အရွယ်အစားနှင့် ဈေးနှုန်းပေါ် မူတည်နေသလို ဝယ်လက်များ၏ အကြိုက်ပေါ် မူတည်နေပါသည်။

မော်ဆီဇာ၊ ကောင်းဆန်၊ ကရင်ချောင်း၊ နမ်းမော်နှင့် ဝွေးခ ကျောက်တွင်းများမှာ အဖိုးတန်ကျောက်များထွက်သဖြင့် ၎င်းတို့ကိုရဖို့ အသည်းအသန် ကြိုးစားတတ်ကြသည်။ လုပ်ပိုင်ခွင့်ရသော နေရာများမှာ သတ္တုတွင်းဝန်ကြီးဌာနကချပေးလိုက်သော ကျောက်တွင်းများရှိသလို ဝန်ကြီးဌာနမှ ရှာဖွေတူးဖော်ခွင့်ပါမစ်ရပြီး ကုမ္ပဏီကိုယ်တိုင် ရှာဖွေခဲ့သော ကျောက်တွင်းတွေလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



သတ္တုတွင်းဝန်ကြီးဌာနပိုင်ကျောက်တွင်းများအတွက် သတင်းစာထဲက တင်ဒါခေါ်သည့်အခါ စိတ်ဝင်စားသော ကုမ္ပဏီတွေက 'မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်' တွင် လာရောက်မှတ်ပုံတင်ကြရသည်။ မိမိ စိတ်ဝင်စားသော ကျောက်တွင်းအတွက် ဈေးနှုန်းမတင်မီ ကျောက်တွင်းသို့ သွားရောက်ကြည့်ရှုခွင့် ရှိသည်။ ယခုမှ အသစ်တွေ့ရှိထားသော ကျောက်တွင်းများကိုလည်း သွားရောက် စစ်ဆေးခွင့်ရှိပြီး တင်ဒါကို MGE က ခွင့်ပြုလိုက်ပြီဆိုလျှင် signature bonus အတွက် ပေးနိုင်ဖြစ်သည်။ လိုင်စင်သက်တမ်းမှာ ၃ နှစ်မှ ၇ နှစ် အထိ ပေးထားသော်လည်း လိုအပ်လျှင် ၁၀ နှစ်အထိ တိုးနိုင်သေးသည်။

ကျောက်စိမ်းတူးဖော်ခွင့်နေရာများကို ပုံစံ ၃ မျိုးဖြင့် ကုမ္ပဏီတွေက ကိုင်ထားကြသည်။

၁။ အကျိုးတူစနစ်အရ ကုမ္ပဏီနှင့် MGE တို့ ပူးတွဲလုပ်ကိုင်ပြီး အမြတ်ကို ခွဲဝေယူကြရာ ပုဂ္ဂလိကကုမ္ပဏီများက အခွန်ဆောင်ပြီး အကျိုးမြတ်၏ ၆၀ ရာနှုန်းယူသည်။ အစိုးရဌာနဘက်က ၄၀ ရာနှုန်းယူကြသည်။ အကျိုးတူစနစ်တွင် အားသာချက်တွေ အများကြီးရှိသည်။ ဧက ၅၀ အထိ လုပ်ကွက် ကျယ်ခြင်း၊ လိုင်စင်သက်တမ်း ရှည်ခြင်း၊ သက်တမ်းတိုးရာတွင်လည်း လွယ်ကူခြင်းတို့ အပါအဝင် အခြားအချက်တွေလည်း ရှိသေးသည်။ လုပ်ငန်းကိုယ်စားလှယ်တယောက်၏ အဆိုအရ MGE နှင့် အကျိုးတူလုပ်သော ကုမ္ပဏီများအနေနှင့် လိုင်စင်ကြေးပေးစရာ မလိုကြောင်း၊ သို့ရာတွင် တူးဖော်သော စရိတ်စကအားလုံးကို ကုမ္ပဏီက ပေးရကြောင်းသိရသည်။

၂။ ပုဂ္ဂလိကလုပ်ပိုင်ခွင့်နေရာများတွင်မူ အခွန်ဆောင်ပြီး ရောင်းကြေးအားလုံးကို ကုမ္ပဏီက ရသော်လည်း ပုဂ္ဂလိကပါမစ်ကို ၁ ဧကသာ လုပ်ပိုင်ခွင့် ပေးထားသည်။ ၎င်းလိုင်စင်များမှာ အသစ်ဖော်ထားသော ကျောက်တွင်းတွေ ဖြစ်နိုင်သည်။ ကုမ္ပဏီများအနေနှင့် မိမိတို့နှစ်သက်သော လိုင်စင်များကို လျှောက်နိုင်ပြီး အများဆုံး ဧက ၅၀ အထိသာ ခွင့်ပြုထားသော်လည်း ကုမ္ပဏီများကို ထောင်ထားသူ ... တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်အနေနှင့်ကား အဆိုပါ ကန့်သတ်ချက်ကို ကျော်လွှားနိုင်စရာတွေ ပါနေပါသည်။

၃။ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကဲ့သို့ စစ်တပ်ကုမ္ပဏီတွေနှင့် ဖက်စပ် လုပ်ကိုင်ရာတွင် ၎င်းတို့ကို ပုဂ္ဂလိကလိုင်စင်များအဖြစ် သတ်မှတ်ထား သော်လည်း အမြတ်ငွေများကို ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် စစ်တပ်ကုမ္ပဏီတို့ အချိုးကျ ယူကြသည်။ မည်သည့်အချိုးနှင့် ခွဲသလဲဆိုတာကိုတော့ လျှို့ဝှက်ထားသည်။ ယေဘုယျအားဖြင့် စစ်တပ်ကုမ္ပဏီများက အခွန် ဆောင်ပြီး ရှယ်ယာ ၄၀ ရာနှုန်းယူကြောင်း လုပ်ငန်းရှင်များက ပြောကြ သည်။

သို့ရာတွင် စစ်တပ်ပိုင်ကုမ္ပဏီနှင့် ၎င်းနှင့် စီးပွားဘက်များအနေနှင့် အခွင့်ထူးတွေမရှိကြောင်း MGE/MEHL တို့က ငြင်းဆိုခဲ့သော်လည်း ကျောက်စိမ်း လုပ်ငန်းနှင့် ပတ်သက်သော သတင်းများအရ စစ်တပ်နှင့် ဖက်စပ်လုပ်ငန်းလုပ်နေ သော လုပ်ငန်းရှင်များအနေနှင့် မထူးခြားကြောင်း သိရသည်။

MGE ၏ အဆိုအရ အသစ်ရှာဖွေထားသော လုပ်ကွက်တစ်ကွက်အတွက် အနိမ့်ဆုံးလေလံဈေးမှာ အကြမ်းဖျင်းအားဖြင့် အမေရိကန်ဒေါ်လာ ၅၀၀ ကျပ် ၅ သိန်းမှ သိန်း ၅၀ အထိ တက်သွားသော အကွက်တွေလည်း ရှိသည်။ မရထားသော လိုင်စင်ကို တဆင့်လွှဲပြောင်းခြင်း မလုပ်ရ။ အကယ်၍ ကုမ္ပဏီ တစ်ခုက မလုပ်ကိုင်လိုတော့ဘူးဆိုရင် တဆင့်ရောင်းချခြင်း၊ လွှဲပြောင်းခြင်း မလုပ်ရ။ သတ္တုတွင်းဝန်ကြီးဌာနသို့ ပြန်အပ်ရသည်။

ကျောက်စိမ်းလိုင်စင်ထုတ်ပေးသော ကော်မတီတွင် သတ္တုတွင်းဝန်ကြီး၊ ဒုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်ကြပြီး ၎င်းတို့က အိတ်ပိတ်လေလံဈေး နှုန်းများနှင့် လေလံဆွဲသူတို့၏ နောက်ခံသမိုင်းတို့ကို ကြည့်၍ စဉ်းစားဆုံးဖြတ်ကြ သည်။ အဆိုပါဆုံးဖြတ်ချက်ကို နောက်ဆုံးဦးဆောင်ကော်မတီက အတည်ပြုပေးရ၊ ၎င်းကော်မတီတွင် သတ္တုတွင်းဝန်ကြီး၊ ဒုဝန်ကြီး၊ ပြည်ထဲရေးဒုဝန်ကြီး၊ ဘဏ္ဍာရေး ဒုဝန်ကြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန ဒုဝန်ကြီး၊ အရှေ့ ချုပ်ရေး အရင်းအမြစ် ဖွံ့ဖြိုးမှုဌာန ညွှန်ကြားရေးမှူးချုပ်၊ သစ်တောညွှန်ချုပ်၊ သတ္တုတွင်းဌာနညွှန်ချုပ်တို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## အထုပ်ကြီးတွေနှင့် တစ်ဂိုလက်ဆောင်

ကျောက်စိမ်းစီးပွားရေးမှ အဓိကပလေယာများနှင့် တွေ့ဆုံမေးမြန်းကြည့်ရာ ကျောက်စိမ်းတွင်းများကို တင်ဒါဆွဲသည့်အခါ နောက်ကွယ်က အဆက်အသွယ်ကောင်းကောင်း လိုအပ်ကြောင်း သိရသည်။ အရာရှိဟောင်းတစ်ဦး၏ အဆိုအရ တင်ဒါစနစ်အရ ကျောက်စိမ်းတွင်းတွေကို ခွဲတမ်းချဖို့ စည်းဝေးရာမှာ သတ္တုတွင်းဝန်ကြီးက ဦးဆောင်သော်လည်း တကယ်တန်းဆုံးဖြတ်သူမှာ စီနီယာအရာရှိကြီးတစ်ယောက်သာဖြစ်ကြောင်း သိရသည်။

ကျောက်စိမ်းလုပ်ကွက် လေလံရဖို့အရေးသည် အစိုးရအာဏာပိုင် အသိုင်းဝိုင်းတစ်ခုနှင့် လုံးဝသက်ဆိုင်နေရာ လေလံဆုံးဖြတ်ချက်နှင့်ပတ်သက်၍ မူဝါဒမရှိ။ လေလံတင်သော ကုမ္ပဏီတစ်ခုခုထဲမှာ စစ်ဘက်အရာရှိကြီးတွေ ပါဝင်နေပြီဆိုလျှင် သူတို့ပဲ လေလံအောင်ကြောင်း အလားတူ ကျောက်စိမ်းအတွက် ကောင်းသော နေရာတွေဆို စီနီယာအရာရှိကြီးတွေ လက်ထဲရောက်သွားပြီး ကျန်တဲ့လူတွေက ကျောက်စိမ်း အရည်ညံ့တွေ အထွက်များသော နေရာတွေကိုသာ ရကြကြောင်း ကျောက်စိမ်းလုပ်ငန်းပိုင်ရှင် ၂ ဦးထံမှ သိရသည်။ သို့ဖြစ်၍ အဆက်အသွယ်ကောင်းကောင်းမရှိသော ကုမ္ပဏီတွေအနေနှင့် လိုင်စင်လျှောက်နိုင်သော်လည်း အရည်သွေးညံ့နေရာတွေသာရဖို့ များသည်။

ခရိုနီကြီးတယောက်က ဝန်ကြီးတယောက်ထံ ချည်းကပ်ပြီး ဖားကန့်တွင် ကျောက်စိမ်းတူးဖို့ လိုင်စင်လျှောက်ရာတွင် ဘယ်လောက်ပင်ကုန်ကုန် ပုံအောပြီး ရယူကြရသည်။ ဝန်ကြီးကလည်း အမြတ်ဝေစုကိုယူပြီး လိုင်စင်ရအောင် လုပ်ပေးတတ်ကြသည်။ သို့ဖြစ်၍လည်း–

*"အုပ်ထုပ်ကြီးတွေ ပါလာရင်တော့ သူတို့ဘဲရမှာ သေချာပါတယ်၊ အစိုးရနဲ့ အဆက်အသွယ်ကောင်းကောင်းမရှိရင် လိုင်စင်ရဖို့ မမျှော်လင့်နဲ့၊ အရည်သွေးကောင်းတဲ့ ကျောက်စိမ်းတွေဆို ဗိုလ်ချုပ်ကြီးတွေ မိသားစုပဲ ပိုင်ကြတာပါ။ ကျောက်စိမ်းကိစ္စမှာ အစိုးရဝန်ကြီးတိုင်း ပါလာကြတယ်။ ဒါဟာ သူတို့အတွက် အကောင်းဆုံးငွေရှာတဲ့နေရာပဲ။ ဒါပေမဲ့. . . . ဖားကန့်ကို ဘယ်သူမှမရောက်ဖူးကြဘူး။ အကျိုးတူကုမ္ပဏီတွေဟာ စစ်တပ်အရာရှိတွေနဲ့ ပတ်သက်နေတယ်။ တကယ်လက်တွေ့မှာ အကျိုးတူဆိုတာ စစ်အာဏာရှင်မိသားစုတွေနဲ့ ပတ်သက်*



www.burmeseclassic.com

www.burmeseclassic.com



*နေသူတွေနဲ့ အတူတူ စီးပွားရှာနေကြတဲ့သဘောပါပဲ။*

*ခင်ဗျားမှာ သူတို့နဲ့ အဆက်အသွယ်မရှိဘဲ ပိုက်ဆံဘယ်လောက်ရှိရှိ ဖားကန့်ကျောက်စိမ်းလောကထဲဝင်လို့ မရဘူး . . . .”* စသဖြင့် အတွင်းသိ အစင်းသိ ကျောက်စိမ်းလုပ်ငန်းရှင်တွေထံက ဝေဖန်သံတွေ ကြားသိခဲ့ရသည်။

သို့ဖြစ်၍လည်း ကျောက်စိမ်းလေလံချပေးရေးကိစ္စမှာ ပါဝင်ပတ်သက်နေသူတွေဘက်က အပြင်က စစ်ဆေးမေးမြန်းတာတွေ မလိုချင်ကြ၊ ပွင့်လင်းမြင်သာမှုရှိမှာ ကြောက်နေကြသည်။ ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီတစ်ခုနှင့် စစ်ဘက်အရာရှိတစ်ယောက်ယောက် ပတ်သက်နေသည်ကို သိလျှင် ၎င်းနှင့်ဆက်ဆံလုပ်ကိုင်နေသူတွေ အမည်အားလုံးကို ကုမ္ပဏီမှတ်တမ်းမှ ဖယ်ရှားရမည်ဖြစ်ကြောင်း လုပ်ငန်းရှင်တစ်ယောက်က ရှင်းပြခဲ့သည်။ အလားတူ အခြားတစ်ယောက်ကလည်း ယခုလို ပြောခဲ့သေးသည်။

*“ကုမ္ပဏီတွေက နာမည်ထွက်လာမှာကို အရမ်းစိုးရိမ်နေရတယ်။ နာမည်ထွက်ရင် အစိုးရကလည်း အာရုံစိုက်လာလိမ့်မယ်။ ကေအိုင်အိုကလည်း ပစ်မှတ်ထားလိမ့် မယ်၊ ဒါကြောင့် လုပ်နည်းကတော့ ကုမ္ပဏီလေးတွေ ခွဲပြီး အလုပ်လုပ်ကြတာပါပဲ”*

လက်ခွဲကုမ္ပဏီလေးတွေအဖြစ် ခွဲရသည်။ အကြောင်းရင်းမှာလည်း ကုမ္ပဏီတစ်ခုတည်း (သို့) လူပုဂ္ဂိုလ်တစ်ယောက်ထဲက ကျောက်စိမ်းတူးခွင့်နေရာကေတွေ အများကြီးရထားသည်ကို အသိမခံချင်၍ မိန်းမနာမည်၊ သားသမီးနာမည်တွေနှင့် ကုမ္ပဏီခွဲတွေအဖြစ် မှတ်ပုံတင်ထားတာပဲဖြစ်သည်။

ခိုင်လုံသော သတင်းအချက်အလက်များအရ လိုင်စင်ရထားသော ကုမ္ပဏီပေါင်း ၉၃၇ ခုတွင် ၁၀၀ နီးပါးမှာ ကုမ္ပဏီကြီးတွေဖြစ်သည်။ သို့ရာတွင် ပိုင်ဆိုင်သူမှာ ၁၀ ယောက်ကျော် ၁၅ ယောက်မျှသာရှိပြီး ကျောက်တွင်းတွေကို လူလက်တစ်ဆုပ်က ထိမ်းချုပ်ထားကြသည်။

လိုင်စင်ရဖို့ လာဘ်ထိုးကြရသည်။ အထူးသဖြင့် တန်ဖိုးရှိသော ကျောက်စိမ်းတွင်းတွေရဖို့ ဖြစ်သည်။ လာဘ်ထိုးရာတွင် အဆင့်ဆင့်ဆောင်ရွက်ရပုံတွေကိုလည်း လုပ်ငန်းတချို့က ယခုလို ရှင်းပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အပေါ်ဆုံးက အရာရှိကြီးတွေဆီသွားတဲ့အခါ လက်ချည်းပဲသွားလို့ မရဘူး၊ လိုင်စင်လိုချင်ရင် ပေးရမယ့်အဆင့် ၃ ဆင့် ရှိတယ်။

ပထမအဆင့်အနေနဲ့ ကျောက်မျက်ဥပဒေနဲ့အညီ တိုင်းထွာထားတဲ့ မြေရဖို့ ပေးရမယ်၊

ဒုတိယကျောက်စိမ်းဌာနအပါအဝင် မြို့နယ်အရာရှိတွေကို ပေးရမယ်၊

တတိယနေပြည်တော်က ကချင်ပြည်နယ်ဝန်ကြီး ဒါမှမဟုတ် အရာရှိတွေ၊ တပ်မတော်မြောက်ပိုင်းတိုင်းမှူး (ကချင်ပြည်နယ် ထိပ်ဆုံးစစ်ဘက်အရာရှိ) တွေကို ပေးရမယ်။

ကုမ္ပဏီတိုင်းမှာ ဦးထုပ်ကြီးတစ်လုံးနှစ်လုံးလောက် လိုတယ်လေ၊ လိုချင်တဲ့ မြေနေရာက အပြိုင်ဖြစ်နေရင် အာဏာပါဝါရှိတဲ့လူတစ်ယောက်ယောက် ဒါမှမဟုတ် သူ့မိသားစုနဲ့ အဆက်အသွယ်ရှိဖို့လိုတယ်။ အဲ့ဒီလို အဆက်အသွယ်ရှိရင် ပေးသွင်းရမယ့် အာမခံငွေတောင် နည်းသွားနိုင်တယ်။

ဥပမာ ခင်ဗျားက မူးယစ်မှောင်ခို ခေါင်းဆောင်တစ်ဦးဆိုရင် ဘယ်လောက်ပေးမလဲဆိုတာ ကမ်းလှမ်းနိုင်တယ်။ လိုင်စင်ရပြီးရင် သူ့အတွက်တဲ့၊ ဒီဗိုလ်ချုပ်၊ ဒါမှမဟုတ် သူ့မိသားစုဝင်တစ်ယောက်ယောက်က ကုမ္ပဏီကရတဲ့ အမြတ်ရှယ်ယာကို လာယူလိမ့်မယ်။ ခင်ဗျားကုမ္ပဏီမှာ ဦးထုပ်ကြီးကြီးတစ်လုံးမရှိဘူးဆိုရင် ရှိတဲ့ ကုမ္ပဏီကို ချည်းကပ်၊ သူကတဆင့် ခင်ဗျားကို ပွဲစားလုပ်ပေးလိမ့်မယ်။ ဒီမှာ ကိစ္စတစ်ခုက အဲ့ဒီကုမ္ပဏီက သူ့နာမည်နဲ့ လိုင်စင်လျှောက်ပြီး ခင်ဗျားကို ပေးလိမ့်မယ်။

ခင်ဗျားက ဗိုလ်ချုပ်တယောက်ရဲ့သားဖြစ်ပြီး ကျောက်စိမ်းလုပ်ငန်းလုပ်ကိုင်ချင်တယ်ဆိုရင် ကုမ္ပဏီကြီးတစ်ခုနဲ့ အဆက်အသွယ်ယူနိုင်တယ်။ သူတို့က ခင်ဗျားကို နာမည်သစ်နဲ့ ကုမ္ပဏီတစ်ခု ထောင်ပေးမယ်။ ရှယ်ယာလည်း ထည့်လိမ့်မယ်။ အဲ့ဒီလို ကုမ္ပဏီတွေလည်း အများကြီးရှိတယ်"။



www.burmeseclassic.com

www.burmeseclassic.com



**ကျောက်စိမ်းကစားပွဲကြီး**

**(အခွန်ရှောင်ခြင်း၊ ငွေမည်းခဝါချခြင်း၊ ဈေးကစားခြင်း၊ မှောင်ခိုရောင်းဝယ်ခြင်း)**

မြန်မာ့ကျောက်စိမ်းအရောင်းအဝယ်လုပ်ငန်းနှင့် ပတ်သက်၍ ထုတ်ပြန်ထား သော စည်းကမ်းဥပဒေများမှာ အလွန်တင်းကြပ်သော်လည်း စာရွက်ပေါ်မှာသာ ကျပ်နေ ခြင်းဖြစ်ပါသည်။ ကချင်ဒေသမှာ ကျောက်စိမ်းတုံးတစ်တုံး တူးဖော်ရလာပြီ ဆိုရင် တရားဝင်မှတ်တမ်းတင် တန်ဖိုးဖြတ်၊ ပြီးလျှင် ၂၀ ရာနှုန်း အခွန်ကောက်ဖို့ လိုအပ်ပါသည်။ ကုမ္ပဏီတစ်ခုက ကျောက်စိမ်းတုံးကို တရုတ်ဝယ်လက်ဆီ တရားဝင် ရောင်းဖို့ဆိုလျှင် နေပြည်တော်မှာ အစိုးရက တစ်နှစ်တစ်ကြိမ် ကျင်းပသော ကျောက်မျက် ပြပွဲမှာ ရောင်းချရပါမည်။ ပြပွဲတွင် မြန်မာကုန်သည် တွေနှင့်သာ အလုပ်ဖြစ်သော ကျောက်ညှံ့တွေလည်း အရောင်းစွံနိုင်ပါသည်။ မန္တလေးမှာလည်း ခတ်ညံ့ညံ့ကျောက်တွေ ရောင်းချရာဈေးကွက်ရှိပါသည်။

မြန်မာကျောက်မျက်ပြပွဲတွေမှာ ပုံမှန်အားဖြင့် အရိုင်းတုံးတွေကိုသာ ရောင်းချတတ်ပါသည်။ အချို့အတုံးများကိုမူ အိတ်ပိတ်လေလံစနစ် သို့မဟုတ် ဈေးပြိုင်စနစ်ဖြင့် ရောင်းချပြီးနောက် တန်ဖိုးပေါ်တွင် အရောင်းအဝယ်အခွန် ၁၀ ရာနှုန်းကောက်ခံပြီးမှသာ မြန်မာနိုင်ငံအပြင်ဘက် သယ်သွားလို့ရပါသည်။ သို့ပေမဲ့ လက်တွေ့တွင်ကား ဥပဒေကို နည်းလမ်းပေါင်းစုံဖြင့် လှည့်ပတ်တိမ်းရှောင် နေကြသည်။ အခွန်ရှောင်နေသော ကုမ္ပဏီတွေနှင့် တရားမဝင် ရောင်းဝယ်နေသူ တွေ များသည်။ နောက်တစ်ချက်က မြန်မာကျောက်စိမ်းအတွက် စံချိန်စံညွှန်း ကိုက်ဈေးကွက်နှင့် တိကျသော ဈေးနှုန်း မရှိ။ ဝယ်လိုအားပေါ်မှာ ပြောင်းလဲနေ သဖြင့် ကုမ္ပဏီတွေဘက်က ကျောက်စိမ်းဈေးကို လိုသလို ကစားကြပြီး အခွန်ရှောင် ဖို့ အခွင့်အလမ်းတွေ ရနေကြသည်။

အောက်ပါနည်းလမ်းများဖြင့် ကျောက်စိမ်းဥပဒေကို ချိုးဖောက်နေကြောင်း ကျောက်စိမ်းလုပ်ငန်းပိုင်ရှင်အချို့က ပြောကြသည်။

**၁။ ကျောက်တွင်းတွင်အခွန်ရှောင်ခြင်း**

ကျောက်စိမ်းတစ်တုံးရလာသည်နှင့် တန်ဖိုးအခွန်အရ ၂၀ ရာနှုန်း ထမ်းရသည်။ သို့ပေမဲ့ စည်းကြပ်အခွန်ကို ရှောင်ရန် (သို့) လျော့ချရန်အတွက် သက်ဆိုင်ရာအရာရှိတွေကို လာဘ်ပေးပြီး ရှောင်ကြသည်။ ကျောက်စိမ်းကုမ္ပဏီ



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာတစ်ယောက်၏ အဆိုအရ ကုမ္ပဏီအားလုံးနီးပါး ဆိုခဲ့သလို နည်းတွေနှင့် အခွန်ရှောင်နေကြသည်။ ဈေးဖြတ်ချိန်မှာ ဈေးနှုန်းကို လျှော့ဖြတ်ကြသည်။ ပြီးနောက် နယ်ခြားမှ ခိုးထုတ်ပြီး တခြားနိုင်ငံတွင် ရောင်းကြသည်။ ၂၀၁၄ ခုနှစ် ကျောက်စိမ်းထုတ်လုပ်ရောင်းချမှုနှင့် တန်ဖိုးများကို အခြေခံထားသော တွက်ချက်မှုအရ အစိုးရလက်ဝယ် ရရှိခဲ့သောငွေနှင့် ရ,ရမည့်ငွေ ကွာခြားမှုမှာ အမေရိကန်ဒေါ်လာ ၆ ဘီလျံအထိ ရှိကြောင်း သိရသည်။ ဤသို့ ဖြစ်နေရသည်မှာ တစိတ်တပိုင်းအားဖြင့် ဥပဒေကိစ္စ တွေနှင့် ဆိုင်နိုင်ပါသည်။ ကျောက်စိမ်းတုံးတွေကို ဖားကန့်မှ နေပြည်တော်ပို့ရာတွင် သယ်ယူပို့ဆောင်ရေးစရိတ်နှင့် ပတ်သက်၍ ကျွန်ုပ်တို့မှာ အချက်အလက်တွေမရသဖြင့် ဘယ်လောက်ကွာနေသည်ကို ခန့်မှန်း၍ မရပါ။ အလားတူကျောက်မျက်ပြပွဲတွင် မရောင်းမီ ကျောက်တွေကို ဖြတ် တောက်တာတွေ၊ 'အရောင်တင်'တာတွေနှင့်ပတ်သက်၍ ဘယ်အတိုင်းအတာအထိ လုပ်ကိုင်နေကြသည်ကို မသိနိုင်ပါ။ သို့ပေမဲ့ တစ်ခုပြောနိုင်သည်မှာ ကုမ္ပဏီတွေဘက်က ဈေးကွက်တင်မရောင်းဘဲ ချန်ထားသော ကျောက်ကောင်းတွေ ရှိနိုင်ပါသည်။ သို့ဖြစ်၍ ဆိုခဲ့သလိုနည်းနှင့် ရှောင်ပြေးခဲ့သော အခွန်ငွေပမာဏမှာ မနည်းမနောရှိကြောင်း ခန့်မှန်းသိနိုင်ပါသည်။

၂။တရားဝင်ရောင်းချရာတွင်အခွန်ရှောင်ခြင်း

အဖိုးတန်ကျောက်စိမ်းတုံးရပြီဆိုလျှင် အထဲကအရည်ကို ကြည့်နိုင်ရန် အကာကို လွှာပစ်ရသည်။ လွှာသည့်နေရာမှ အရည်သွေးညံ့ဖျင်းသော နေရာက လွှာပြီး ၎င်းနေရာမှ အရည်ကို ကြည့်ပြီး ကြမ်းခင်းဈေးသတ်မှတ်ရသည်။ ပြီးနောက် ကုမ္ပဏီတွေက သူတို့ ကိုယ်စားလှယ်တွေမှတဆင့် အမြင့်ဆုံးဈေးကို ရအောင်လုပ်ရသည်။ ဤသို့ ဈေးနှုန်းကို တမင်လျှော့အောင် လုပ်ထားသဖြင့် ကုမ္ပဏီက ပေးဆောင်ရမည့် အခွန်ပမာဏမှာလည်း နည်းသွားသည်။ အခွန် ဆောင်ပြီးသည်နှင့် ကျောက်တုံးကို တရုတ်ပြည်သယ်သွားပြီး ရောင်းရာ ကျောက် စိမ်းတုံးကို နောက်တကြိမ် လွှာရပြန်သည်။ ဤတစ်ကြိမ်တွင်မူ အရည်ကောင်းသော နေရာက လွှာပြီး အမြင့်ဆုံးဈေးရအောင် ရောင်းကြသည်။ လူသိများသော ကျောက်စိမ်းကုန်သည်တစ်ဦး၏ အဆိုအရ ၂၀၁၄ ခုနှစ် ကျောက်စိမ်းအရောင်း ပွဲတွင် ကုမ္ပဏီတော်တော်များများက ဆိုခဲ့သလိုနည်းတွေနှင့် လုပ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကျောက်စိမ်းတုံးတွေကို သူတို့ဘာသာသူတို့ ပြန်ဝယ်ပြီး ပြည်ပသို့ ထုတ်သွားကြရာ ရောင်းလိုက်သော ကျောက်စိမ်းအားလုံး၏ ၈၀ ရာနှုန်း ရှိကြောင်း သိရသည်။ အဆိုပါနည်းကို ကုမ္ပဏီကြီးတွေ အသုံးပြုတတ်ကြသည်။

၃။ ဈေးကွက်ကိုကြိုးကိုင်ခြင်း

ကျောက်စိမ်းအမျိုးအစားအချို့ကို လှောင်ထားသော ဝယ်လက်တွေရှိရာ ကျောက်စိမ်းရောင်းပွဲတွေမှာ တစ်ခါတစ်ခါ လေလံအောင်တာတွေ များပြီး ပေးဖို့ ပိုက်ဆံ ပြတ်သွားတာမျိုးတွေရှိသဖြင့် အကန့်အသတ်နှင့်သာ ဝယ်ယူခဲ့ပြီး သူတို့ လက်ထဲ ကိုင်ထားသော ကျောက်တွေကို ဈေးတင်တတ်ကြသည်။

၄။ ငွေမည်းတွေကိုငွေဖြူလုပ်ခြင်း

အချို့လေလံပွဲတွေမှာ ဝယ်လက်တွေက သူတို့ကျောက်တုံးတွေကို သူတို့ဘာသာ အံ့သြလောက်အောင် ဈေးပေးပြီး ပြန်ဝယ်ကြရာ အဆိုပါကိစ္စမျိုးမှာ ငွေမည်းတွေကို ငွေဖြူလာအောင် လုပ်နေတာဖြစ်ကြောင်း အရာရှိဟောင်းတစ်ယောက်က ပြောသွားသည်။

၅။ မှောင်ခိုရောင်းဝယ်ခြင်း


ထုတ်လုပ်ခဲ့သော မြန်မာကျောက်စိမ်း ၅၀ မှ ၈၀ ရာနှုန်းမှာ နှစ်ဘက်စစ်ဆေးရေးဂိတ်တွေကို နည်းမျိုးစုံဖြင့် ဖြတ်ကျော်ပြီး တရုတ်ဝယ်လက်တွေကို တိုက်ရိုက် ရောင်းချခဲ့ကြသည်။ တစ်ဖက်တွင် ကျောက်စိမ်းမှောင်ခိုသမားတွေ အသုံးပြုသော လမ်းကြောင်းကို ပြထားပါသည်။ လိုင်စင်ရကုမ္ပဏီတွေက များသောအားဖြင့် အစိုးရကြီးကြပ်သော ကျောက်မျက်အရောင်းပွဲမှာ ကျောက်ညံ့ ကျောက်ဖျင်းတွေအားလုံး ရောင်းချခဲ့ပြီး အကောင်းဆုံးကျောက်တွေကိုတော့ တစ်ဘက်နိုင်ငံကို ခိုးထုတ်သွားကြသည်။ ၂၀၁၅ ခုနှစ် ကျောက်မျက်အရောင်းခွဲမှ စာရင်းဇယားများအရ ကျောက်စိမ်းတုံးပေါင်း ၈ ထောင် ရောင်းခဲ့ရာ ၂ တုံးသာ အဆင့်တန်းမီပြီး ကျန်ကျောက်တွေက အညံ့စားတွေဖြစ်သည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



## တရုတ်တွေရွှးတဲ့ မိုးနတ်မင်းကျောက်

တရုတ်ယဉ်ကျေးမှုတွင် ကျောက်စိမ်းကို အထူးတန်ဖိုးထားနေရာပေး ကြရာ ‘ရွှေကတန်ဖိုးရှိတယ်၊ ကျောက်စိမ်းက တန်ဖိုးမဖြတ်နိုင်ဘူးဆိုတဲ့’ [illegible] ဆိုရိုးစကားပင် ရှိခဲ့သည်။ အစဉ်အလာအရပင် ကျောက်စိမ်းကို တော်ဝင်ညီညီဟု လက်ခံလာခဲ့ရာ ယနေ့ တရုတ်ပြည်တွင် လူချမ်းသာတွေ များသဖြင့် ကျောက်စိမ်း ဝယ်လိုအားနှင့် ဈေးကောင်းရလာခဲ့သည်။ ကျောက်စိမ်းသည် တရုတ်တွေအတွက် လူနေမှုအဆင့်အတန်း မြင့်သည်ဆိုသော သင်္ကေတဖြစ်နေရာ ကျောက်စိမ်း အရည်အသွေးကောင်းတွေကို ဈေးကောင်းပေးဝယ်ကြသဖြင့် ကမ္ဘာ့ကျောက်စိမ်း ဈေးကွက်ကြီးကား မြန်မာပြည်နှင့်ကပ်လျက် ရှိနေပါသည်။

မြန်မာပြည်မှ ထွက်သမျှ ကျောက်စိမ်းအားလုံးနီးပါး တရုတ်ပြည်သို့ နည်းမျိုးစုံနှင့် ရောက်သွားကြပြီး တရုတ်ဝယ်လိုအားပေါ်မှာ ဈေးကလည်း အတိုး အဆုတ် ရှိပါသည်။

ကျောက်စိမ်းလုပ်ငန်းမှ ခိုင်လုံသော သတင်းများအရ တရုတ်သမ္မတ ရှီကျင်းဖျင်၏ အာဂတိလိုက်စားမှု တိုက်ဖျက်ရေးအစီအစဉ်မှာ ကျောက်စိမ်းဈေး ကွက်ကို တိုက်ရိုက်ရိုက်ခတ်ပြီး အကြီးဆုံးလာဘ်စားမှုအချို့မှာ ကျောက်စိမ်းနှင့်ပတ် သက်နေကြောင်း သိရသည်။ ဥပမာ၊ တရုတ်ဗဟိုစစ်ကော်မရှင် ဒုဥက္ကဋ္ဌ၏နေအိမ် မြေအောက်ခန်းထဲတွင် ကျောက်စိမ်းကီလိုဂရမ် (၁၀၀) ကျော် ဖမ်းဆီးမိခဲ့သလို ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်းက အမေရိကန်ဒေါ်လာ ၂ သန်း လာဘ်စားခဲ့ရာ ၈၀ ရာနှုန်းမှာ ကျောက်စိမ်းလုပ်ငန်းမှ ဖြစ်သည်။ ကျောက်စိမ်းဝယ်ယူရာတွင်လည်း တရုတ်ရင်းနှီးမြှုပ်နှံသူအများစုမှာ မြန်မာပြည်ကျောက်စိမ်းတွင်း လုပ်ငန်းရှင်များနှင့် တိုက်ရိုက်ဆက်သွယ်ခဲ့သလို အကောင်းဆုံး ကျောက်စိမ်းတွင်းနေရာတွေ ရဖို့ ငွေကြေးထောက်ပံ့ရုံမက စက်ယန္တရားကြီးတွေကိုပါ ယူလာတာတွေ ရှိနေသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ရှောင်ဖို့ ရှဲဒိုးကုမ္ပဏီတွေလည်း ရှိသည်။ မြန်မာနိုင်ငံသားတွေက နာမည်ခံပြီး သူတို့နောက်ကွယ်မှာ တရုတ်ငွေရှင် မတွေ့ရှိသည်။ သို့တည်းမဟုတ် မြန်မာနိုင်ငံသား မှတ်ပုံတင်ကိုင်ထားသော တရုတ် မတွေက ကုမ္ပဏီကို တိုက်ရိုက် ကြီးကြပ်ကွပ်ကဲနေတာတွေလည်း ရှိသည်။

တရုတ်လုပ်ငန်းရှင်တွေက အရစ်ကျငွေပေးစနစ်ဖြင့် စက်ယန္တရားကြီးတွေ ဝယ်ပေးပြီး မြန်မာနိုင်ငံသားလုပ်ငန်းရှင်က ပြည်တွင်းက လိုအပ်သမျှစာရွက်စာတမ်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်ပေးရသော ဖက်စပ်စီမံခန့်ခွဲမှုမျိုးနှင့်လည်း လုပ်ကိုင်တတ်ကြသည်။

မြန်မာပြည်ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းကို စိတ်ဝင်စားသော တရုတ်ဗိုလ်ချုပ်တစ်ယောက်က ပြည်တွင်းလုပ်ငန်းရှင်တစ်ဦးထံ ချဉ်းကပ်ပြီး သူ့ဘက်က စက်ကြီးယန္တရားတွေ တင်ပို့ကမ်းလှမ်းခဲ့ကြောင်း ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းတွင် လက်ကြီးကုမ္ပဏီများ လည်ပတ်နေသော ငွေကြေးပမာဏ၏ ၇၀ ရာနှုန်းမှာ တရုတ်တွေဆီက စီးဆင်းလာကြောင်း ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦးက အင်တာဗျူးခဲ့သည်။

ဆိုခဲ့သလို စီမံခန့်ခွဲမှုကို ချော့မွေ့စေဖို့ ဟန်ပြကုမ္ပဏီများ အသုံးပြုလာခြင်းသည် ယခင်ကပင် ပွင့်လင်းမြင်သာမှုမရှိသော အခြေအနေကို ပို၍ ဆိုးဝါးသွားစေပြီး ဘယ်သူတွေ ပါဝင်ပတ်သက်ပြီး ဘာလုပ်နေသည်ကိုပင် ခန့်မှန်းရခက်သွားပါသည်။

## စက်ယန္တရားကြီးတွေနှင့်တူးကြ

၁၉၉၀ ပြည့်လွန်အစောပိုင်းနှစ်များက ကေအိုင်အေကို မြန်မာစစ်တပ်က ဖားကန့်မှ တိုက်ထုတ်ခဲ့ပြီး အဖိုးအတန်ဆုံး ကချင်နယ်မြေကို ထိမ်းချုပ်သော နည်းလမ်းတစ်ခုအနေနှင့် သူတို့လိုလားသော ကုမ္ပဏီတွေကို မြေနေရာတွင် ချပေးခဲ့သည်။ ထိုအချိန်မှစ၍ ရှေးပဝေသဏီကတည်းက ကျောက်စိမ်းမိုင်းလုပ်ငန်းဖြင့် ထမင်းစားနေသော လုပ်ငန်းရှင်လေးတွေ လုပ်ရကိုင်ရခက်သွားပြီး အစိုးရလိုင်စင်ရ ကုမ္ပဏီကြီးတွေ နေရာယူလာခဲ့ကြသည်။ ကုမ္ပဏီကြီးတွေက စက်ယန္တရားကြီးတွေယူလာပြီး ကျောက်စိမ်း အလုံးအရင်းနှင့် ထုတ်လုပ်ကြရာ ယခုလို စက်ကြီးတွေအားကိုးနှင့် သဲကြီးမဲကြီး လုပ်နေရသော အကြောင်းတရားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ မြေနေရာကောင်းတွေရဖို့ ပိုက်ဆံအမြောက်အများ လာဘ်ထိုးခဲ့ရာဖြင့် ရင်းငွေကို ပြန်ရဖို့ လိုင်စင်ရလုပ်ငန်းရှင်းတွေက ဖြစ်နိုင်သမျှ အမြန်ဆုံးနည်းတွေနှင့် ကျောက်စိမ်းတွေ ထုတ်ကြတာဖြစ်သည်။

၂။ လိုင်စင်သက်တမ်းမှာ ၃ နှစ် နှင့် ၅ နှစ်သာရသဖြင့် ရသမျှနည်း ပေါင်းစုံနှင့် တက်သုတ်ရိုက် လုပ်နေကြတာဖြစ်သည်။

၃။ ကုမ္ပဏီကြီးများ၏ ကိစ္စတော်တော်များများမှာ စစ်ဘက် (သို့



www.burmeseclassic.com

www.burmeseclassic.com



အာဏာရပါတီမှ ပုဂ္ဂိုလ်တွေနှင့် တမျိုးမဟုတ်တစ်မျိုး ဆက်စပ်ပတ်သက်နေကြရာ ၂၀၁၅ ရွေးကောက်ပွဲရလာဒ်ကို တွက်ချက်၍ဖြစ်စေ၊ နေပြည်တော်နှင့် ကေအိုင်အေ၊ ကေအိုင်အိုတို့အနေနှင့် ညီညွတ်သော ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ခဲ့လျှင်ဖြစ်စေ၊ အရပ်ရပ်အနေအထားတွေ ပြောင်းလဲသွားမည်ဖြစ်၍ အလျင်စလို တူးနေကြခြင်းဖြစ်သည်။

စစ်အစိုးရအုပ်ချုပ်ခဲ့သော ၂၀ ကျော်ကာလအတွင်း ဖားကန့်တခွင်မှာ ကြောက်ခမန်းလိလိ ကျောက်စိမ်းတွေ တူးနေကြပုံကို ဆက်သွယ်ရေးဂြိုလ်တုဓာတ်ပုံများမှ မြင်နေရသည်။ သို့ဖြစ်၍ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းကြီးတွေက ရလာသော အကျိုးအမြတ်တွေကို ဘယ်သူတွေ ခံစားနေရပါသလဲ၊ သူတို့တွေအကြောင်းကို ဘယ်နေရာက သိခဲ့ပါသလဲ၊ လက်တစ်ဆုပ်စာ လူတစ်စုလက်ထဲ အကျိုးအမြတ်တွေ ရောက်နေချိန်မှာ ဒေသခံပြည်သူတွေ ဘယ်လိုလုပ်ကိုင်စားသောက် နေရပါသလဲ . . . . စသဖြင့် မေးခွန်းတွေကို ရှေ့အခန်းများတွင် ဆက်လက် ဖော်ပြသွားပါမည်။



www.burmeseclassic.com

www.burmeseclassic.com





နှစ်ထပ်အိမ်လောက်ကြီးသော မြေတူးစက်ကြီး



၁၉၉၄ ခုနှစ်တွင် မြင်ရသော ဖားကန့်ဒေသ



၄ ရက်တည်းနှင့် အပြောင်းရှင်းလိုက်သော
ကျောက်စိမ်းတူးဖော်ရေးလုပ်ကွက်

ယဉ်မျိုးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)
## ဘယ်သူတွေ ချမ်းသာနေသလဲ

မြန်မာ့ကျောက်စိမ်းရောင်းဝယ်ရေးတွင် နေရာတိုင်း လျှို့ဝှက်ချက်တွေ ပြည့်နေသဖြင့် အကျိုးအမြတ်အမှန်တကယ်ရနေသူတွေကို ဖော်ထုတ်ဖို့ရာ ခက်ခဲလှပါသည်။ သို့ရာတွင် ယခုစာတမ်းသည် ကျောက်စိမ်းကိစ္စကို နိုင်ငံတကာ စိတ်ဝင်စားမှုနည်းပါးနေကြောင်း တစိတ်တပိုင်းအားဖြင့် ပြသနေပါသည်။

မြန်မာ့ကျောက်မျက်လုပ်ငန်း MGE သတ္တုတွင်းဝန်ကြီးဌာနမှ လိုင်စင်ရထားပြီးသော ကုမ္ပဏီအချို့နှင့် ၎င်းတို့ကို နောက်ကွယ်က ဘယ်သူဘယ်ဝါတွေ ထိမ်းချုပ် ထားသည်ကို Globle Witness အဖွဲ့ကြီးက စုံစမ်းလေ့လာထားရာ အဓိက 'ပလေယာ'တွေကို အုပ်စု ၄ စု ခွဲနိုင်ပါသည်။

၁။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ စစ်အာဏာရှင်အုပ်ချုပ်ရေးနှင့် တွဲဖက်ခဲ့သော ပင်စင်စားဗိုလ်ချုပ်ကြီးများ၏ မိသားစုများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အာဏာရပုဂ္ဂိုလ်များ

၂။ စစ်တပ်ပိုင်ကုမ္ပဏီများ။ အထူးသဖြင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်။

၃။ ဗိုလ်ချုပ်ကြီးသန်းရွှေ စစ်အစိုးရက မြေတောင်မြှောက်ပေးခဲ့သော ခရိုနီကုမ္ပဏီများ

၄။ မူးယစ်ဂိုဏ်းခေါင်းဆောင်များ။ ၎င်းတို့အနက် ဝေဆူးကျွန်နှင့် အပေါင်းအပါများမှာ ထင်ရှားသည်။ အချို့ကို မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ ငွေကြေးခဝါချမှုတွေအတွက် အမေရိကန်အစိုးရက အရေးယူထားသည်။



www.burmeseclassic.com

# ကျောက်စိမ်းစီးပွားရေးမှ အမြတ်ငွေ ဘယ်သူတွေရနေသလဲ

| CATEGORY | အမည် | ၂၀၁၄ ခုနှစ်အရောင်း | ၂၀၁၃ ခုနှစ်အရောင်း | စုစုပေါင်း |
|---|---|---|---|---|
| စစ်တပ်၊ ကြံ့ဖွံ့မိသားစု | Than Shwe family and associated firm Kywe Wa Sone | US$116,541,880 | US$103,499,788 | US$220,041,668 |
| | Ohn Myint family | US$80,429,544 | - | US$80,429,544 |
| | Maung Maung Thein family | US$105,430,521 | US$36,621,049 | US$142,051,570 |
| | | | | US$442,522,782 |
| စစ်တပ်ကုမ္ပဏီများ | Myanma Economic Holdings Limited | US$149,425,506 | US$80,492,459 | US$229,917,965 |
| | Myanmar Economic Corporation | US$32,000,008 | US$20,826,415 | US$52,826,423 |
| | Northern Star | US$1,070,355 | - | US$1,070,355 |
| | | | | US$283,814,743 |
| ခရိုနီကုမ္ပဏီများ | Ever Winner group of companies | US$192,457,693 | US$123,881,602 | US$316,339,295 |
| | Asia World | US$27,264,433 | US$20,944,520 | US$48,208,953 |
| | Htoo Group | US$13,223,634 | - | US$13,223,634 |
| | | | | US$377,771,882 |
| အပစ်ရပ်အုပ်စု | Wei Hsueh Kang / United Wa State Army-associated | US$43,009,842 | US$58,770,400 | US$101,780,242 |
| | Ruby Dragon Group / Pa-O National Organisation-associated | US$58,637,973 | US$46,141,698 | US$104,779,671 |
| | | | | US$206,559,913 |
| GRAND TOTAL | | | | US$1,310,669,320 |

www.burmeseclassic.com

www.burmeseclassic.com



အထက်ပါဇယားတွင် ၂၀၁၃/၁၄ ခုနှစ် ကျောက်မျက်ရောင်းချပွဲတွင် အမိက ပလေရာများရောင်းချခဲ့သော စာရင်းအကျဉ်းချုပ်ဖြစ်သည်။ တန်ဖိုးများမှာ အခွန်မဆောင်မီ တန်ဖိုးများဖြစ်သည်။ အချို့ဝယ်လက်များမှာ ငွေပေးချေဖို့ ပျက်ကွက်ခဲ့သဖြင့် ရောင်းချမှု အားလုံး ပါဝင်ခြင်း မရှိပါ။ သတ္တုတွင်းဝန်ကြီးဌာန၏ အဆိုအရ ၂၀၁၃ ခုနှစ် ကျောက် စိမ်းရောင်းချမှုတွင် ၅၅ ရာနှုန်းပြည့်စုံမှု ရှိသည်။ လုပ်ငန်းရှင်များ သတင်းရပ်ကွက်အရ ၂၀၁၄ ခုနှစ် ပြီးပြည့်စုံသော ရောင်းချမှု ၃၀ ရာနှုန်းသာရှိကြောင်း သိရသည်။ တဆက်တည်းမှာပင် လိုင်စင်ရ ကုမ္ပဏီများက တရုတ်ပြည်သို့ မှောင်ခိုရောင်းချမှုမှာ ၅၀ နှင့် ၈၀ ရာနှုန်းကြား ရှိကြောင်း ခန့်မှန်းထားသည်။

သို့ဖြစ်၍ ဖော်ပြပါကိန်းဂဏန်းများမှာ အမှန်တကယ် ကျောက်စိမ်းမှ ရရှိငွေပမာဏကို ကိုယ်စားမပြုနိုင်သော်လည်း တန်ဖိုးရှိသော သတင်းအချက်အလက်များအဖြစ် နားလည်နိုင်ပါသည်။ တနည်းအားဖြင့် စာရင်းဇယားများက မြန်မာအစိုးရနှင့် ၎င်း၏ နိုင်ငံတကာပါတနာတွေကို သတိပေးလိုက်တာလည်း ဖြစ်နိုင်ပါသည်။ လေ့လာစမ်းစစ်မှုများအရ အထက်တွင် ဖော်ပြခဲ့သော ကျောက်စိမ်း လုပ်ငန်းရှင်လေးမျိုးလေးစားလုံးမှာ စစ်မှန်သော နိုင်ငံရေးပြုပြင်ပြောင်းမှုများ၌ ဖြစ်စေ၊ ကချင်ပြည်နယ် ငြိမ်းချမ်းရေးအတွက်ဖြစ်စေ ပါဝင်ပတ်သက်ဖို့ လုံးဝ ပျက်ကွက်လျက်ရှိပါသည်။ ကျောက်စိမ်းလုပ်ငန်းကို နည်းမျိုးစုံဖြင့် လက်ဝါးကြီးအုပ် ထားသဖြင့် ကချင်ပြည်နယ်အတွက်ဖြစ်စေ မြန်မာတစ်နိုင်ငံလုံးအနေနှင့်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်စေမည့် အခွင့်အလမ်းတွေကို ပိတ်ဆို့နေပါသည်။ လောလောဆယ် မြန်မာ့နိုင်ငံရေးအခင်းအကျင်းတွင် ပိုက်ဆံသည် အာဏာဖြစ်နေသည်။ မြန်မာပြည်၏ စစ်မှန်သော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးတို့ကို လိုလားသူများစွာ ရှိပါသည်။ သို့ရာတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို မလိုလားသူတွေက နိုင်ငံပိုင်ဒေါ်လာငွေ မိလျံရာပေါင်းများစွာကို တိုင်းပြည်ထဲက ကဲ့ထုတ်နေကြသည် ကိုကား အသေအချာ စဉ်းစားသင့်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်မှူးကြီးသန်းရွှေ



ဒေါ်ကြိုင်ကြိုင်



www.burmeseclassic.com

www.burmeseclassic.com



## စစ်နှင့် နိုင်ငံရေးခေါင်းဆောင်များ၊ သူတို့မိသားစုများ

### ၁။ အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေဆိုသော အမည်မှာ မှောင်မိုက်သော ဗမာပြည်၏ စစ်အာဏာရှင် နေ့ရက်တွေကို ကိုယ်စားပြုနေပါသည်။ ၁၉၉၂–၂၀၁၁ ခုနှစ်အတွင်း အုပ်ချုပ်ခဲ့သော စစ်အစိုးရက နိုင်ငံသားတို့၏ အခြေခံလူ့အခွင့်အရေးတွေကို ဖောက်ဖျက်ခဲ့ပြီး လူထုအုံကြွမှုတွေကို ရက်ရက်စက်စက် နှိမ်နင်းခဲ့သည်။ ယခုအထိလည်း မြန်မာစစ်တပ်ကို ဩဇာလွှမ်းမိုးထားနိုင်သည်ဟုလည်း အများက ယုံကြည်နေဆဲ။

၂၀၁၅ ခုနှစ် ဇွန်လထဲတွင်လည်း ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှ သူရရွှေမန်း၊ သမ္မတ ဦးသိန်းစိန်နှင့် ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်တို့ကို ဦးသန်းရွှေက သူ့အနေနှင့် အခြေအနေအားလုံးကို ပြန်ချုပ်ကိုင်နိုင်သေးကြောင်း သတိပေးခဲ့သေးသည်ဆိုသော သတင်းတွေ ထွက်ခဲ့သည်။ အခြေခံဖွဲ့စည်းပုံပြင်ဆင်ရေးတွင် စစ်ဘက်က ဒီဖက်တို ဗီတိုအာဏာယူထားသည်ကို အဆုံးသတ်ပေးဖို့ အကြံပြုခဲ့သူ လွှတ်တော်ဥက္ကဋ္ဌ သူရရွှေမန်းသည်လည်း ပါတီဥက္ကဋ္ဌနေရာက ဖယ်ရှားခံခဲ့ရသည်။ ပုံနှိပ်ထုတ်ဝေခြင်း မရှိသော အစိုးရကျောက်တွင်းနေရာပြမြေပုံများနှင့် ကုမ္ပ [illegible]တ် တမ်းများအရ ဦးသန်းရွှေ၏သား ကြိုင်သန်းရွှေနှင့် ထွန်းနိုင်ရွှေတို့က၊ ‘[illegible]ခင် ကာနေရှင်နယ်’နှင့် ‘မြန်မာနိုင်’အုပ်စုတွေကို ထိမ်းချုပ်ထားပြီး ဖားကန့်တွင် မကျောက်တွင်း ၆ တွင်းကို လိုင်စင်နှင့် လုပ်နေကြောင်း သိရသည်။ သတ္တုတွင်း ဝန်ကြီးဌာန၏ စီနီယာအရာရှိကြီးတစ်ဦး၏ အဆိုအရ ‘ကြိုင်အင်တာနေရှင်နယ်’ ကုမ္ပဏီကို လိုင်စင်ချပေးခဲ့ရာတွင် ပုံမှန် လုပ်ထုံးလုပ်နည်းတွေ တစ်ခုမှမပါဘဲ မကျောက်တွင်းနေရာတွေကို ချပေးလိုက်ရကြောင်း သိရသည်။ အင်္ဂလိပ်အမည်



www.burmeseclassic.com

www.burmeseclassic.com



Richest Gems ဖြင့် မှတ်ပုံတင်ထားသော 'ကြွယ်ဝဆုံး' ကုမ္ပဏီစီမံခန့်ခွဲနေသူမှာ 'ကျိုင်အင်တာနေရှင်နယ်'နှင့် 'မြန်မာနိုင်'အုပ်စု၏ ဒါရိုက်တာ ဝင်းတင်ဖြစ်သည်။ ကျောက်စိမ်းလုပ်ငန်းကို စောင့်ကြည့်လေ့လာခဲ့သော အချက်အလက်များအရ 'ကျိုင်အင်တာနေရှင်နယ်'၏ လုပ်ငန်းအစိတ်အပိုင်းတစ်ခုအဖြစ် သိရှိခဲ့ရပြီး 'ကြွယ်ဝဆုံး'၏ စီမံခန့်ခွဲမှုထဲတွင် နောက်ထပ်ကျောက်စိမ်းတွင်း သုံးတွင်းရှိသော သည်။

၂၀၁၄ ကျောက်မျက်ရောင်းပွဲမှတ်တမ်းများအရ 'ကျိုင်အင်တာနေရှင်နယ်' နှင့် 'မြန်မာနိုင်'အုပ်စုတို့မှ ရောင်းချရငွေ (အခွန်မဆောင်မီ) အမေရိကန်ဒေါ်လာ ၄၁ မီလျံရှိခဲ့သည်။ ဤသို့ 'ကြွယ်ဝဆုံးကုမ္ပဏီ'က ရောင်းရငွေများကို ထည့်သွင်း မည်ဆိုလျှင် အမေရိကန်ဒေါ်လာ သန်း ၂၂၀ အထိ ရှိမည်ဖြစ်ပါသည်။

**အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေမိသားစုထိန်းချုပ်မှုအောက်တွင်ရှိသော ကျောက်စိမ်း ကုမ္ပဏီများ**

ဦးသန်းရွှေမိသားစုပိုင် ကျောက်စိမ်းအင်ပါယာနှင့် တရုတ်တို့၏ ဆက်ဆံရေး ကို တိတိကျကျ မသိရသေးသော်လည်း မိသားစုပိုင်ကျောက်စိမ်း တူးဖော်ရောင်း ချရေးလုပ်ငန်းတို့ကို လက်တွေ့တွင် တရုတ်တွေ ဦးစီးလုပ်ကိုင်နေကြောင်း နီးစပ် ရာအသိုင်းအဝိုင်းက အတည်ပြုခဲ့ကြသည်။ ညီညွတ်သော 'ဝ'နိုင်ငံတော် စစ်တပ်၊ ညီညွတ်သော 'ဝ'နိုင်ငံတော်ပါတီ (UWSA/UWSP)တို့ လက်အောက်တွင်ရှိသော ကျောက်စိမ်းကုမ္ပဏီများနှင့် 'ကျိုင်'နှင့် 'နိုင်'ကုမ္ပဏီတို့မှာ ကျောက်စိမ်းစီးပွားရေးကို အတူတူလုပ် ကိုင်နေသော စီးပွားဖက်တွေဖြစ်ကြောင်းလည်း ကြားသိခဲ့ရသည်။ ၎င်းကိစ္စရပ်များကို ယခုစာတမ်းနောက်ပိုင်းတွင် ဖော်ပြထားပါသည်။

မကြာသေးခင်ကာလများအထိ ကြွယ်ဝဆုံးနှင့် Tet Kham Gems တို့၏ ဒါရိုက်တာမှာ တစ်ယောက်ဖြစ်သည်။ Tet Kham ကျောက်မျက်လုပ်ငန်းဦးစီး နေသူမှာ UWSA/UWSP ခေါင်းဆောင် ပေါက်ယူချန်း ၏ သားမက် အိုက်ဖော် ဖြစ်သည်။

အိုက်ကဲပော်နှင့် ပေါက်ယူချန်းတို့ နှစ်ဦးလုံးမှာ မူးယစ်ရောင်းဝယ်ရေး နှင့် ဆက်စပ်နေသဖြင့် ၎င်းတို့နှစ်ဦး၏ စီးပွားရေးအားလုံးကို အမေရိက ပိတ်ဆို့ ထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com




ဦးသန်းရွှေမိသားစုပိုင်ကုမ္ပဏီများက ဖားကန့်ဒေသ၏ အကောင်းဆုံး ကျောက်မော်စာတွေမှာ စက်ယန္တရားကြီးတွေ အုံနှင့်ကျင်းနှင့် ရသမျှကျောက် အကုန်ထုတ်နေသော်လည်း ဒေသခံပြည်သူတွေဘဝ တိုးတက်ဖွံ့ဖြိုးရေးကိုကား နည်းနည်းလေးမျှ စိတ်ဝင်စားဟန် မရှိ။ သူတို့ရဖို့သာ သူတို့ စိတ်ဝင်စားရုံမက စစ်ဘက်နှင့် ရဲဘက်အရာရှိတွေကို ခါးပိုက်ဆောင်တပ်တွေလို ဆင့်ခေါ်ပြီး သူတို့ ကျောက်တွင်းတွေမှာ လုံခြုံရေး ယူခိုင်းထားလိုက်သေးသည်။ နာမည်ကြီး ကျောက် စိမ်းမော်စာတစ်နေရာမှာ ရောမ ချိုင့်ခွက်ကြီးဖြစ်၍ ရေပြည့်နေရာ အဆိုပါနေရာကို ဒေါ်ကြိုင်ကြိုင်၏ အမည်နှင့် တွဲဖက်ကာ မော်ဇာကြိုင်ရေကန်ဟူ၍ပင် ကမ္ဘည်းထိုး လိုက်ပါသေးသည်။ မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာများ အပါအဝင် တတ်သတ္တု တူးဖော်ရေးလုပ်ငန်းများတွင် အမှန်တကယ် ပြောင်းလဲမှုတွေ လိုအပ်နေသလို ကြိုးစားအားထုတ်သူတွေလည်း အထိုက်အလျောက် ရှိပါသည်။ သို့ရာတွင် စစ်ဘက် အရပ်ဘက်နည်းမျိုးစုံဖြင့် ကျောက်စိမ်းလုပ်ငန်းတွင် မတော်မတရား ပိုင်ဆိုင်ထား သော ဦးသန်းရွှေမိသားစု၏ အစုရှယ်ယာများကား ပြုပြင်ပြောင်းလဲမှုတွေအတွက် အရေးကြီးသော ဒစိန်ခေါ်မှုတစ်ခု ဖြစ်နေပါသည်။ အလားတူ ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခတွေကို ဖြေရှင်းဖို့ရာအတွက်လည်း ဆိုခဲ့သလို စိန်ခေါ်မှုတွေ ကြောင့် ခရီးမပေါက်နိုင်ဘဲ ဖြစ်နေရပါသည်။ သို့ပေမဲ့ ဦးသန်းရွှေ မိသားစု၏ နန်းတော်တမျှ နေအိမ်ကြီးတွေ၊ စိန်စီသော မင်္ဂလာပွဲနှင့် နိုင်ငံခြား တိုင်းပြည်တွေ သွားပြီး ငွေကို ရေလိုသုံးနေကြပုံတွေကိုကား မြန်မာပြည်သူတွေအားလုံး မကြားချင်၊ မမြင်ချင်လို့ မဖြစ်နိုင်ကြပေ။ မြန်မာနိုင်ငံသည် ၂၀၁၅ ရွေးကောက်ပွဲရ လာဒ်နှင့် အတူ နိုင်ငံရေးအပြောင်းအလဲကာလတစ်ခုဆီ သွားနေရာ ဤ၌ ကျောက်စိမ်း လုပ်ငန်းမှ မတော်မတရားယူထားသော ဦးသန်းရွှေ၏ မိသားစုပိုင် ဥစ္စာဓနတွေနှင့် ပတ်သက်ပြီး ဘာလုပ်နေသည်ဆိုသော အဖြေကို မြန်မာပြည်သူတွေ သိဖို့ အရေးတကြီး လိုအပ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com






ဗိုလ်ချုပ်မှူးကြီးဟောင်း ဦးသန်းရွှေမိသားစု ချိတ်ဆက်ထားသော ကုမ္ပဏီများ




www.burmeseclassic.com

www.burmeseclassic.com





ဦးသန်းရွှေ၏ သမီး သန္တာရွှေ၏ မင်္ဂလာပွဲ (စိန်စီသောည)



ကြိုင်အင်တာနေရှင်နယ်၏ ကျောက်စိမ်းတူးဖော်ရေး လုပ်ကွက်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



## ၂။ လူတိုင်းကို ပါးရိုက်ရဲတဲ့ ဝန်ကြီး

ဖားကန့်ဒေသ သဘာဝအရင်းအမြစ်တို့၏ ကံကြမ္မာကို လုပ်ချင်သလို လုပ်သွားသူတစ်ခုမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးဝန်ကြီး ဦးအုန်းမြင့် ဖြစ်သည်။ ယခင်က မြောက်ပိုင်းတိုင်းမှူးအဖြစ် တာဝန်ထမ်းခဲ့သဖြင့် ကျောက်စိမ်း လုပ်ငန်းတော်တော်များများမှာ ပါဝင်ခဲ့သည်။ ကျောက်စိမ်းလုပ်ငန်းရှင်တွေဆီက လာဘ်စားတာတွေ၊ အောင်သွားသော ကျောက်စိမ်းတန်ဖိုးအလိုက် သူ့အတွက် ရှယ်ယာပေးခဲ့ရတာတွေ၊ ခရိုနီကုမ္ပဏီပိုင် ကျောက်စိမ်းလုပ်ငန်းတွေကို အားပေးကူညီခဲ့ပြီး တဘက်ကလည်း တိုင်းရင်းသားတွေနှင့် နိုင်ငံရေးအုပ်စုတွေကြား သွေးခွဲတာတွေ လုပ်ခဲ့သဖြင့် သူ့ကို ကချင်တွေက မကျေမချမ်းဖြစ်ခဲ့ကြသည်။ ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်သော သတင်းအရင်းအမြစ်တစ်ခုအရ ဖားကန့်တွင် ဦးအုန်းမြင့်မိသားစုပိုင် ကျောက်တွင်းတစ်တွင်းရှိပြီး 'မြန်မာဝင်းဂိတ်' ကုမ္ပဏီအမည်နှင့် လုပ်ကိုင်နေကြောင်း သိရသည်။ ကုမ္ပဏီမှတ်တမ်းများက ယခုလို ဖော်ပြထားသည်။

၁။ ကချင်ပြည်နယ်မြောက်ပိုင်းတိုင်းမှူးနေရာတွင် ဦးအုန်းမြင့်ရှိနေသော ၂၀၀၇ ခုနှစ်အတွင်းကပင် မြန်မာဝင်းဂိတ်နှင့် ကျောက်မျက်ရတနာ တူးဖော်ရေးကုမ္ပဏီတို့ ပူးပေါင်းလုပ်ကိုင်ခဲ့ကြသည်။

၂။ ကုမ္ပဏီ၏ ဒါရိုက်တာနှင့် ၄၀ ရာခိုင်နှုန်းအစုရှယ်ယာရှင်မှာ ဦးအုန်းမြင့်၏ သား ကျော်သီဟ ဖြစ်သည်။

၃။ နောက်ထပ် ဒါရိုက်တာတစ်ဦးမှာ ကျော်သီဟ၏ ဇနီး ဒေါ်နွယ်အိအိ ဖင် ဖြစ်သည်။ ကုမ္ပဏီရှယ်ယာ ၃၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်ထားသူဖြစ်သည်။

အစိုးရ၏ ကျောက်စိမ်းတွင်းမြေပုံနှင့် KIA/ KIO တို့ မှတ်ပုံတင်ထားသော ကျောက်စိမ်းတွင်းများအရ မြန်မာဝင်းဂိတ်သည် ဝကျီးမိုင်းတွင်းနှင့် ဓွေ မိုင်းတွင်းတို့ကို လုပ်ကိုင်ခွင့်ရထားသူအဖြစ် ဖော်ပြထားသည်။ မြန်မာစီးပွားရေး ဦးပိုင်လီမိတက်၏ အဆိုအရလည်း မြန်မာဝင်းဂိတ်နှင့် အကျိုးတူ စီးပွားဖက်ရေး ဖြစ်ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲတွင် မြန်မာဝင်းဂိတ်၏ အရောင်းကိန်းဂဏန်းများ မတွေ့ရသော်လည်း ၂၀၁၄ ခုနှစ်တွင်မူ အမည်မသိ မီ ရောင်းရငွေ အမေရိကန်ဒေါ်လာ ၈၀ မီလျံရှိခဲ့သည်။ ရောင်းချမှုတွင် ၂၄



www.burmeseclassic.com

www.burmeseclassic.com



ကီလိုဂရမ်ရှိသော ကျောက်စိမ်းတစ်တုံးတည်း၏ တန်ဖိုးမှာ ဒေါ်လာ ၄၀ မီလျံနီးပါး ရှိသည်။

ထိုနှစ်ထဲမှာပင် မကွေးတိုင်းထဲက ရေသန့်ရရှိရေးအတွက် တောင်းဆိုသော ရွာသူရွာသားတွေကို မိန့်ခွန်းပြောပြီးနောက် ဦးအုန်းမြင့်လည်း တိုင်းကျော်မြို့ကျော် ဖြစ်သွားသည်။ ဦးအုန်းမြင့်၏ မိန့်ခွန်းတစ်စိတ်တပိုင်းမှာ ယခုလို -

"ဘယ်နိုင်ငံမှ ငါတို့ နိုင်ငံကို တကယ်ကူညီမှာ မဟုတ်ဘူး။ ရှေ့ကိုချုရင်ချု၊ မဟုတ်ရင် နောက်ကိုချုမယ့်လူတွေ ချည်းပဲ၊ ဘယ်သူမှ မင်းတို့ကို အလကားမပေးဘူး။ ငါ့ကို တပ်က လွှတ်လိုက်တာ၊ ငါက နိုင်ငံရေးသမား မဟုတ်ဘူး။ နိုင်ငံရေးသမားတွေကို ငါစောက်ဂရုမစိုက်ဘူး၊ မင်းတို့ သိတယ် မဟုတ်လား၊ မင်းတို့ကို စကားပြောနေတာ ဗိုလ်ချုပ်အုန်းမြင့်၊ ဗိုလ်ချုပ် အုန်းမြင့်ဆိုတာ နယ်တကာလှည့်ပြီး သွားနေတာ လူတိုင်းကို ပါးရိုက်ရဲတယ်။

နိုင်ငံရေးစကား ငါပြောမယ်၊ နိုင်ငံရေးစကားဆိုတာ အုပ်ချုပ်နေတဲ့ အစိုးရကို စော်ကားနေတဲ့လူတွေကို တိုက်ခိုက်တာပဲ၊ ငါ့စကားနဲ့တိုက်ခိုက်တာ အလုပ်မဖြစ်ရင် သူတို့ကို ထောင်ထဲထည့်ပစ်မယ်၊ နိုင်ငံတကာမှာလည်း ဒီလိုပဲလုပ်နေတာပဲ၊ အစိုးရကို ဆန့်ကျင်နေတဲ့ လူတွေ ထောင်ထဲသွားနေကြ၊ ငါတို့ အစိုးရသက်တမ်းကုန်မှ မင်းတို့ ပြန်လွှတ်လိမ့်မယ်။ ဒါပဲ"။



www.burmeseclassic.com

www.burmeseclassic.com



## ပါးရိုက်ခံရတဲ့ ဝန်ကြီး

By DVB



Burma's Minister of Livestock Breeding, Fisheries and Rural Development, Ohn Myint, is under fire in Parliament for vile threats to rural residents in Tenasserim and Magwe divisions. An emergency proposal has been submitted for the government to take immediate action



မြောက်ပိုင်းတိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်
၂၀၀၅ ခုနှစ်၊ ကချင်ပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com



၃။ ပါတီအထွေထွေအတွင်းရေးမှူးဟောင်း ဦးမောင်မောင်သိမ်း

ယခင် ရေလုပ်ငန်းဝန်ကြီး အငြိမ်းစားဗိုလ်ချုပ်မောင်မောင်သိမ်းသည် ပြည်သူ့လွှတ်တော်အမတ်တစ်ဦးဖြစ်ပြီး သဘောထားတင်းမာသည်ဟု သိထားကြသည်။ အာဏာရကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် နေရာယူထားရာမှ မကြာသေးခင်က ထုတ်ပယ်ခံခဲ့ရသည်။

ဖားကန့်ကျောက်စိမ်းလုပ်ငန်းတွင် နှံ့နှံ့စပ်စပ် ပေါက်ပေါက်ရောက်ရောက်ရှိသူ လုပ်ငန်းရှင် ၂ ဦး၏ အဆိုအရ မြတ်စုယမုံနှင့် မျိုးနွယ်ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီ ၂ ခု သည် ဦးမောင်မောင်ပိုင်ဖြစ်၍ ကာဒေး (#) နှင့် ပန (#) ကျောက်စိမ်း တွင်း ၂ တွင်းတွင် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ကုမ္ပဏီမှတ်ပုံတင်မှတ်တမ်းများကလည်း ယခုလို ဖော်ပြထားသည်။

၁။ မြတ်စုယမုံနှင့် မျိုးနွယ်ကုမ္ပဏီတို့သည် ဒါရိုက်တာ၊ ရှယ်ယာပိုင်ဆိုင်သူနှင့် စီမံခန့်ခွဲမှုများမှာ တစ်ဦးတည်းဖြစ်သည်။

၂။ ဒါရိုက်တာ ၃ ဦး အနက် ၁ ဦးမှာ ဦးမောင်မောင်သိမ်း၏ သားနေအောင်ဆိုသူဖြစ်သည်။ မျိုးနွယ်ကုမ္ပဏီဒါရိုက်တာနေအောင်၏ နိုင်ငံသားမှတ်ပုံတင် နံပါတ်မှာ ၁၃/ကမန(နိုင်)၀၀၁၅၉၂ ဖြစ်ပြီး နောက်ထပ် သားတစ်ယောက်မှာ မင်းသိမ်း ၁၃/ကမန(နိုင်)၀၀၁၅၉၃ ဖြစ်သည်။ သို့ရာတွင် မင်းသိမ်းနှင့် မျိုးနွယ်ကုမ္ပဏီတို့ ဆက်စပ်မှုမရှိဟု ယူဆရပါသည်။ မျိုးနွယ်ကုမ္ပဏီဒါရိုက်တာ ဦးနေအောင်သည် ဦးမောင်မောင်သိမ်း၏ သားဖြစ်၍ ၎င်းတို့ ၂ ဦးသည် မြတ်ယမုံနှင့် မျိုးနွယ် ကုမ္ပဏီတို့၏ ပိုင်ရှင်များ ဟုတ်ပါသလားဟု ကျွန်ုပ်တို့အဖွဲ့က စာရေးအကြောင်းကြားခဲ့သော်လည်း ယခုအချိန်တွင် အဆိုပါမေးခွန်းကို မဖြေနိုင်သေးကြောင်း ဦးနေအောင်က ပြန်ကြားခဲ့ပါသည်။

ဒေသခံပြည်သူတို့၏ အဆိုအရ ဖားကန့်တခွင်တွင် မြတ်ယမုံကျောက်တွင်းသည် လုံခြုံရေးတပ်တွေ အများဆုံး ချထားသော်လည်း အခြေအနေအရပ်ရပ်မှာ တော်တော် အန္တရာယ်များရကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်၊ ဧပြီတွင် ရွှံ့ပစ်ရေနှင့် ဒလဟောစီးကျလာသော ရွှံ့ရေတွေနှင့်အတူ ယမုံ ကာဒေး (၂) တွင်းတွင် အလုပ်လုပ်နေသော အလုပ်သမား ၁၀ နှင့် ၆၀ ကြား သေဆုံးခဲ့ရသည်။ သို့ပေမဲ့ အလုပ်သမားတွေ အလုပ်ခွင်လုံခြုံရေးကိုကား ကုမ္ပဏီပိုင်ရှင်ကြီးများ မစဉ်းစားနိုင်ခဲ့ကြ၊ ကျောက်စိမ်းတုံးတွေ များများရဖို့ပဲ အားစိုက်ခဲ့ရာ ၂၀၁၃/၁၄



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ် မြန်မာကျောက်မျက်ရတနာ ရောင်းပွဲတွင် ၎င်းတို့ကုမ္ပဏီများမှ ရောင်းရငွေ အမေရိကန်ဒေါ်လာ ၄၀ မီလျံကျော် ရှိခဲ့သည်။ (အခွန်မဆောင်မီ)

၄။ ဓရစ်ခဲတောင်ကြီးပေါ် ရပ်နေကြတာလား

Global Witness ၏ အင်တာဗျူးတစ်ခုတွင် ကျောက်စိမ်းတူးဖော်ရေး ကုမ္ပဏီတော်တော်များများသည် စစ်ဘက်အကြီးအကဲမိသားစုများနှင့် ပတ်သက်နိုင်ဖွယ်ရှိကြောင်း ကျွန်ုပ်တို့ကြားသိထားသဖြင့် အဆိုပါကိစ္စကို ဘယ်လိုနားလည်ပါသလဲဟု အရာရှိဟောင်းတဦးကို မေးမြန်းခဲ့ရာ ၎င်းက ယခုလိုဖြေခဲ့သည်။

*"ဟုတ်နိုင်တာ မဟုတ်ပါဘူး။ ဟုတ်ကို ဟုတ်တာပါ။ သူတို့ မိသားစုပိုင် ကျောက်တွင်းတစ်တွင်းမရှိဘူးဆိုရင် သူတို့ကို အခြားသူတွေက ကန်ထုတ်ပစ်လိုက်လိမ့်မယ်။ တစ်တွင်းမှ မရှိဘူးဆိုရင် သူတို့ထဲမှာ စုန်းပြူးတွေ ဖြစ်သွားလိမ့်မယ်။ ဘာသာစကားလည်း တူမှာ မဟုတ်တော့ဘူး"*။

ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း တော်တော်များများကို မောင်ပိုင်စီး ထားသော ဟဲဗီးဝိတ်ကြီးတွေအပြင် အာဏာရပါတီထဲက လူကြီးတချို့သည်လည်း ကျောက်စိမ်း ရောင်းဝယ်ရေးလုပ်ငန်းများမှ မြက်မြက်လေးစားနေဝါးနေကြကြောင်း ကျွန်ုပ်တို့အဖွဲ့ ကြီးက စုံစမ်းလေ့လာခဲ့ရာ အောက်ပါ ဒုဝန်ကြီးနှစ်ယောက်အပါအဝင် ဖြစ်ပါသည်။

၁။ လူမှုဖူလုံရေးနှင့် ပြန်လည်နေရာချထားရေးဌာန ဒုဝန်ကြီး ဗိုလ်ချုပ် ဖုန်းဆွေ (ငြိမ်း) သည် 'ရွှေအင်းဝ' ကျောက်မျက်ကုမ္ပဏီကို ပိုင်ဆိုင်ထားသည်။ ၎င်းကုမ္ပဏီက ကျောက်စိမ်းတူးဖို့ရာအတွက် ဒေသခံတွေ ကိုအမွေ မောင်းထုတ်ခဲ့သဖြင့် နေရာကို စွန့်ပစ်ခဲ့ရသော လူတစ်သိန်းကျော်၏ စားဝတ်နေရေးအတွက် ဦးဖုန်းဆွေတွင် တာဝန်ရှိသည်။

၂။ ဆက်သွယ်ရေးနှင့် သတင်းနည်းပညာဌာန ဒုဝန်ကြီး ဗိုလ်ချုပ် ဝင်းသန်း(ငြိမ်း)သည် ကာကွယ်ရေးဝန်ကြီးဌာန စစ်လက်နက် ဝယ်ယူရေး နှင့် မြန်မာဦးပိုင် လီမိတက်တို့၏ ဒါရိုက်တာနှင့် မန်နေဂျင်းဒါရိုက်တာ ရာထူးတွေရထားပြီး DICA မှတ်တမ်းများအရ မြန်မာ အင်ပရိုရယ် ကျောက်စိမ်း 'ကုမ္ပဏီ၏ တဦးတည်းသော ရှယ်ယာ ပိုင်ရှင်ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သိရသည်။ မြန်မာ အင်ပရီရယ်ဂျိတ်သည် ဦးပိုင်၏ ကျောက်စိမ်းတူးဖော်ရေးနှင့် ရောင်းချရေးတွင် အဓိက လက်ခွဲကုမ္ပဏီတစ်ခုဖြစ်သည်။

ယခုနှစ် ၂၀၁၅ ဖေဖော်ဝါရီလထဲမှာ ကျွန်ုပ်တို့အဖွဲ့နှင့် ဦးပိုင်လီမီတက်တို့ တွေ့ဆုံဆွေးနွေးဖို့ သဘောတူခဲ့ရာတွင် ၎င်းတို့၏ ကိုယ်စားလှယ်အဖြစ် ဗိုလ်ချုပ်ဝင်းသန်း တက်ပါမည်အကြောင်း ဦးပိုင်လီမီတက်က တင်ပြခဲ့သည်။ သို့ရာတွင် ၎င်းသည် မြန်မာအင်ပရီရယ်ဂျိတ်၏ ရှယ်ယာဝင်မဟုတ်ကြောင်း ဦးပိုင်က ငြင်းဆိုခဲ့သည်။ မည်သို့ဆိုခဲ့ကြသည်ဖြစ်စေ အကြီးဆုံးသော ကျောက်စိမ်းကုမ္ပဏီကြီးတစ်ခုခု၏ အာဏာကို ခွဲကြည့်လိုက်မည်ဆိုပါလျှင် အထဲမှာ စစ်ဘက်ဆိုင်ရာမိသားစုများကို တွေ့ရမှာဖြစ်ကြောင်း ကျောက်စိမ်းလုပ်ငန်းနှင့် အကျွမ်းတဝင် ရှိသူတွေက ပြောပါသည်။ သို့ဖြစ်၍ အာဏာရကြံ့ဖွံ့ပါတီမှဖြစ်စေ စစ်ဘက်အရာရှိကြီးတွေဖြစ်စေ၊ ကချင်ကျောက်စိမ်းမှ အမြတ်ငွေတွေ ဘယ်သူတွေ ယူနေသလဲဆိုသော မေးခွန်းမှာ ပြုပြင်ပြောင်းလဲရေးသမားတွေအတွက် စိုးရိမ်စရာ မေးခွန်းဖြစ်နိုင်ပါသည်။

## စစ်တပ်ပိုင်ကုမ္ပဏီများ

ကျောက်စိမ်းစီးပွားရေးကို စစ်ဘက်မိသားစုများက ၎င်းတို့ပိုင်ကုမ္ပဏီများနှင့် တလျှောက်လုံး လွှမ်းမိုးချုပ်ကိုင်လာခဲ့ရာ မြန်မာစစ်အစိုးရ၏ ပါဝင်ပတ်သက်မှုမှာ ဤမျှနှင့် ပြီးဆုံးမသွားသေးပါ။ နှစ်စဉ်အမြတ်ငွေအမြောက်အများ ရနေသော စစ်တပ်ပိုင်ကုမ္ပဏီများ၏ ရောင်းရငွေ နှစ်ရပ်ပေါင်း အမေရိကန်ဒေါ်လာ သန်း ၂၈၀ အနိမ့်ဆုံးရခဲ့ရာ ဤတွင် မဖြစ်မနေ အဖြေပေးရမည့် မေးခွန်း ၂ ခု ရှိလာပါသည်။ ၎င်းတို့မှာ စစ်တပ်ပိုင် ကျောက်စိမ်းလုပ်ငန်းက အမြတ်ငွေတွေ ဘယ်ရောက်ကုန်လည်း။ ကချင်ပြည်နယ်က ကေအိုင် ၊နှင့် ကေအိုင်အိုတွေကို တိုက်ခိုက်ရာမှ အစိုးရက သုံးနေပါသလား။



www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်(ငြိမ်း) ဦးမောင်မောင်သိမ်း

www.burmeseclassic.com

www.burmeseclassic.com





လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဦးစုန်းဇွေ

ယဉ်မျိုးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## တပ်မတော်၏ထိပ်တန်းစီးပွားရေး (ဦးမြန်မာစီးပွားရေးဦးပိုင်လီမိတက်)

ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသော စစ်တပ်ပိုင် ကုမ္ပဏီ ၄ ခု ရှိနေပြီး အမည်အားဖြင့် ဦးပိုင်လီမိတက်၊ မြန်မာစီးပွားရေးကော်ပိုရေ ရှင်း(MEC)၊ ရွှေအင်းဝကျောက်မျက်ကုမ္ပဏီနှင့် နေ့သမ်းစတားတို့ ဖြစ်ကြောင်း ကျွန်ုပ်တို့ စုံစမ်းသိရသည်။ ၎င်းတို့ထဲတွင် အရေးပါဆုံးနှင့် နာမည်ဆိုးနှင့် ကျော်ကြားသော ကုမ္ပဏီမှာ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်(MEHL) ဖြစ်သည်။ သီးသန့်လိုင်စင်များမှ သည့်တန်ဖိုးမြှင့်သွင်းကုန်များအထိ ဦးပိုင်လုပ်ငန်းစုများမှ နှစ်စဉ်အမြတ်ငွေတွေ ရနေကြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေနှင့် မရမက ဖက်စပ်လုပ်ကိုင်စေခြင်းဖြင့် လည်းကောင်း၊ ဝင်ငွေခွန် ကင်းလွတ်ခွင့်ရနေသည့်အတွက်လည်းကောင်း၊ ၎င်းတို့၏ လုပ်ငန်းအင်ပါယာကြီးမှာ အဆမတန် ကြီးထွားလာခဲ့သည်။ တဘက်ကလည်း MEC နှင့် တွဲဖက်လျက် စစ်ဘက်ဆိုင်ရာ လျှို့ဝှက်စီမံကိန်းများအတွက် ဘဏ္ဍာငွေ တွေ အမြောက်အများထောက်ပံ့နေသလို ပင်စင်စားစစ်ဘက်အရာရှိကြီးများအတွက် ဝင်ငွေတွေကိုလည်း ဖန်တီးပေးနေသည်ကို ကျယ်ကျယ်ပြန့်ပြန့် နားလည်နိုင်ပါသည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ ဖော်ဆောင်လာသည့်အခါ MEHL နှင့် MEC တို့ လက်ဝါးကြီးအုပ်ထားသော စီးပွားရေးပိုင်နက်တွေ မည်သို့ကျုံ့ဝင်သွားမည် ကို ပညာရှင်တချို့က ထောက်ပြခဲ့သော်လည်း အုံနှင့်ကျင်းနှင့် လိုမ့်ဝင်နေသော ဝင်ငွေလမ်းကြောင်းများကိုမူ ၎င်းတို့အနေနှင့် ကန့်လန့်ကာနောက်ကွယ်က ဆက် လက်ထိန်းချုပ်သွားမည်ဖြစ်ကြောင်း နားလည်ထားကြသည်။

## အိပ်နေသော်လည်း အစုရှယ်ယာတွေ
## တပုံတခေါင်ကြီးရနေသော စီးပွားဘက် (သို့) ဦးပိုင် နှင့် ကျောက်စိမ်း

ဦးပိုင်သည် ကျောက်မျက်ရတနာနှင့် ဒြပ်သတ္တုတူးဖော်ရေးလုပ်ငန်းများမှာ အဓိက ပလေယာဖြစ်ပြီး လက်ပန်းတောင်းကြေးနီစီမံကိန်းကြောင့် နာမည်ဆိုးနှင့် ကျော်ကြားလာခဲ့သည်။ လက်ပန်းတောင်းတောင်တဝိုက်မှ လယ်ယာမြေတွေ သိမ်းယူမှု၊ စွန့်ပစ်ပစ္စည်းနှင့် ရေဆိုးတွေကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ၎င်းတို့ကို မကျေနပ်၍ ဆန္ဒပြသူတွေကို အကြမ်းဖက်နှိမ်နင်းမှုတွေကြောင့် ကန့်ကွက် မှုတွေနှင့် ရင်ဆိုင်နေရသည်။ မည်မျှကန့်ကွက်မှုတွေနှင့် ရင်ဆိုင်နေရသည်ဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



လက်ပန်းတောင်းတောင်တွင် အနေအစားမပျက်ခဲ့သော ဦးပိုင်ကား ကျောက်စိမ်း၊ စီးပွားရေးတွင်လည်း တံခါးမရှိ ဓါးမရှိ လုပ်ပိုင်ခွင့်တွေ ရှိနေပါသည်။

ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းထဲ ဦးပိုင် စတင်ဝင်ချိန်မှာ ၁၉၉၅ ခုနှစ် ဖြစ်သည်။ ထိုနှစ်တွင် ကေအိုင်အို/ကေအိုင်အေတို့ ထိမ်းချုပ်ထားသော ဖားကန့်ဒေသကို မြန်မာစစ်တပ်က သိမ်းယူနိုင်ခဲ့ပြီးနောက်ပိုင်း ၁၀ စု တစ်စုအထိ ကျောက်စိမ်းလုပ်ငန်းကို ထိမ်းချုပ်လာခဲ့သည်။ ဤမှာပင် ဖားကန့်ဒေသက အကောင်းဆုံး ကျောက်စိမ်းအမြောက်အများကို သူတို့သဘောနှင့်သူတို့ ယူလိုက်သည့်အခါ အခြားသော လုပ်ငန်းရှင်ကြီးတွေ သူတို့လက်အောက် ရောက်သွားသည်။ သာဓက တစ်ခုပြရလျှင် Xie မိသားစုကုမ္ပဏီဖြစ်သည်။ ၎င်းကုမ္ပဏီ ဒါရိုက်တာတစ်ဦးမှာ မြန်မာပြည်ကိုကာကိုလာနှင့် ဖက်စပ်လုပ်ကိုင်သူဖြစ်ပြီး သူ့အကြောင်းကို နောက်ပိုင်းတွင် ဖော်ပြထားပါသည်။ ဦးပိုင်ကိုယ်တိုင် လေလံ တင်တာတွေလည်း ရှိသည်။

BURMESE CLASSIC

၂၀၀၀ ပြည့်နှစ်အရောက်တွင် အခြေအနေတွေ ပြောင်းသွားသည်။ စစ်ထောက်လှမ်းရေးအကြီးအကဲနှင့် နဝတ အစိုးရအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ခင်ညွန့်၏ ဦးဆောင်မှုဖြင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် ပူးပေါင်းလုပ်ကိုင်ဖို့ ပုဂ္ဂလိက ကုမ္ပဏီတွေကို တွန်းအားပေးခဲ့သည်။ ထိုအချိန်မှစ၍ ဦးပိုင်၏ လွှမ်းမိုးမှုတွေ ရုပ်လျော့သွားသည်ဆိုသော်လည်း သတ္တုတူးဖော်ရေးကုမ္ပဏီကြီးတစ်ခု အနေနှင့် ကား ဆက်လက်ရပ်တည်နေပါသေးသည်။ မြန်မာ့ကျောက်မျက်နှင့် သတ္တုတူး စီးပွားရေးကို ကာလကြာရှည်စွာ စောင့်ကြည့်လေ့လာသူတစ်ဦး၏ မကားအရ ဆိုလျှင် ဦးပိုင်က အရင်အတိုင်း ပါဝါရှိနေဆဲပင်။


၂၀၁၅ ခုနှစ်တွင် ဦးပိုင်နှင့် Global Witnewss တို့ တွေ့ဆုံကြပြီး ကျောက်မျက်နှင့် ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ EITI ၏ အခန်းကဏ္ဍကို ဆွေးနွေးခဲ့ကြသည်။ သတင်းအချက်အလကတွေ အမှောင်ချ ထားသော ကုမ္ပဏီတစ်ခုအနေနှင့် ယခုလို တွေ့ဆုံဆွေးနွေးခြင်းသည် အလားအလာ ကောင်းသော ကိစ္စဖြစ်သည်။ ၎င်း၏ လက်ခွဲကုမ္ပဏီတစ်ခုဖြစ်သော မြန်မာ အင်ပရီရယ်ဂျိတ်၏ မန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးကြီးခင်မောင်လတ် အပါအဝင် ဦးပိုင်အရာရှိတွေက EITI ၏ အောက်ဖော်ပြပါအကြောင်းအရာကို အလေးအနက် ထောက်ခံခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





ဗိုလ်ချုပ်ကြီးဟောင်းဦးခင်ညွန့်

www.burmeseclassic.com

www.burmeseclassic.com



EITI သည် မြေအောက်သယံဇာတများ တူးဖော်ရေးလုပ်ငန်းအတွက် အထူးကောင်းမွန်သော အခွင့်အရေးတစ်ခုဖြစ်သည်။

EITI ၏ လိုအပ်ချက်များနှင့်အတူ ဦးပိုင်သည် မြန်မာ EITI နှင့် အပြည်ပြည်ဆိုင်ရာ EITI အာဏာပိုင်များ ထုတ်ပြန်ပြဋ္ဌာန်းထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားမည်။

ဤတွင် ဦးပိုင်၏ ကျောက်စိမ်းစီးပွားရေးနှင့်ပတ်သက်၍ ကုမ္ပဏီကိုယ်စားလှယ်များက မှတ်ချက်အမျိုးမျိုးပေးခဲ့ကြရာ အချို့က ဦးပိုင်ကို ယခုလို ဝေဖန်ခဲ့သည်။

*"ကျောက်စိမ်းလုပ်ငန်းမှာ ဦးပိုင်ဟာ ဦးဆောင်ကုမ္ပဏီမဟုတ်ဘူး၊ ကချင်ပြည်နယ်မှာ ကျောက်စိမ်းတူးဖော်ခွင့်မြေဧက ၁၅၀/၂၀၀ ဧက လိုင်စင်ရထားတာပါလို့ ဆိုပါတယ်။ ဒါပေမဲ့ တရားဝင် အထောက်အထားတွေဆီကရတဲ့ အချက်အလက်တွေ၊ စီးပွားရေးသမားတွေဆီက ထွက်ဆိုချက်တွေနဲ့ မကိုက်ညီပါဘူး။ ဦးပိုင်ကို ချပေးထားတဲ့ လိုင်စင်နဲ့ပတ်သက်ပြီး အစိုးရဌာနမြေပုံမှာ ဧက (၃၀၀) ဝန်းကျင်လို့ ဖော်ပြထားပါတယ်။ ဒါတွေဟာ အခြားကုမ္ပဏီတွေနဲ့ ဖက်စပ်လုပ်နေတဲ့ကျောက်တွင်းတွေ မပါသေးပါဘူး။ ဖက်စပ်လုပ်ကိုင်သူတစ်ဦးရဲ့ မှန်းခြေအရ ဖားကန့်မှာ ဦးပိုင်ရှယ်ယာရထားတဲ့ ဧကပေါင်း ၁၀၀၀ ရှိနိုင်ပါတယ်။*

*ဖက်စပ်လုပ်ငန်းရှင်တွေနဲ့ ဦးပိုင် ပူးပေါင်းလုပ်ကိုင်နေပါတယ်လို့ အတည်ပြုထားပါတယ်။ အဲဒီထဲမှာ တရုတ်ကုမ္ပဏီတော်တော်များများ ပါဝင်နေပါတယ်။ ဦးပိုင်ပြောတဲ့ လူတွေထဲမှာ ဝန်ကြီးဦးအုန်းမြင့် မိသားစုပိုင် မြန်မာဝင်းဂိတ်၊ KBZ အုပ်စုပိုင် ဂျင်းဖေါ်အောင်တို့လည်း ပါ,ပါတယ်။ ကျောက်စိမ်းထုတ်လုပ်မှုနဲ့ ပတ်သက်ပြီး ဦးပိုင်က အထူးလျှို့ဝှက်ထားပေမဲ့ စစ်တပ်ကုမ္ပဏီအတွက် ၂၀ ရာနှုန်း ပုဂ္ဂလိကအတွက် ၈၀ ရာနှုန်း ယူတယ်လို့ အတည်ပြုထားပါတယ်။ ဒါပေမဲ့ ဦးပိုင်က ၄၀ ရာနှုန်း ရှယ်ယာတွေ ယူနေတယ်လို့ သူတို့နဲ့ ဖက်စပ်လုပ်နေတဲ့ လုပ်ငန်းခွင်က ဝန်ထမ်း ၄ ယောက်နဲ့ ကိုယ်စားလှယ်တစ်ယောက်က ပြောပါတယ်"။*



www.burmeseclassic.com

www.burmeseclassic.com



ဦးပိုင်အနေနဲ့ သတ္တုတွင်းဝန်ကြီးဌာနက ချမှတ်ထားတဲ့ ဥပဒေကို လိုက် နေကြောင်း၊ ဦးပိုင်ရဲ့ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းကို စစ်တပ်က ထိမ်း ထားတာမဟုတ်ကြောင်း ပြောပါတယ်။ ဒါပေမဲ့ ကျောက်စိမ်းစီးပွားရေးမှာ ပါဝင် ကိုင်နေသူ စီးပွားရေးသမားတွေကတော့ ဦးပိုင်ဟာ ဥပဒေစည်းကမ်းတွေ ချိုးဖော ပြီး ကျောက်တွင်းတွေကို သိမ်းယူနေတဲ့ အဖွဲ့အစည်း၊ ခရိုနီကုမ္ပဏီတွေ ပေါင်းစားနေတယ်လို့ပြောပေမဲ့ Global Witness ကို ပေးခဲ့တဲ့ စာတစ်စောင်မှာ တော့ အဲဒီလို စွပ်စွဲတာတွေကို ဦးပိုင်က ငြင်းထားပါတယ်။

ဦးပိုင် နှင့် တစ်ချိန်က ဖက်စပ်လုပ်ခဲ့သူတစ်ဦးကလည်း စစ်တပ်ကုမ္ပ သည် မြန်မာပြစ်မှုဆိုင်ရာဥပဒေအခန်း ၁၄၄ အရေးပေါ်ကြေညာချက်ကို အသုံ ချပြီး အဖိုးမဖြတ်နိုင်သော ကျောက်စိမ်းမြေတွေ သိမ်းယူခဲ့ကြောင်း ယခု ဆိုခဲ့သည်။

*"ပုဒ်မ ၁၄၄ ကို လူတိုင်းကြောက်ကြပါတယ်။ ခလေးတွေလည်း ကြောက်တယ်။ ၁၄၄ ထုတ်ထားတဲ့နေရာကိုသွားရင် ဘယ်သူ့ကိုမဆို ပစ်သတ် လို့ရတယ်။ သူတို့မှာ ၁၄၄ ရှိရင် လုပ်ချင်တာလုပ်လို့ရတယ်"*

မြန်မာ့ကျောက်မျက်လုပ်ငန်းတစ်ခုမှ မြေပုံကို ကျွန်ုပ်တို့ လေ့လာကြည့် ဦးပိုင်၏ ကျောက်မှော်တစ်ခုနှင့် ကပ်လျက် 'စမ်းခ' ကျေးရွာအနီး 'ဇရိယာ ၁၄၄ ဖုံအဖြစ် သတ်မှတ်ထားကြောင်း တွေ့ရသည်။ သို့ပေမဲ့ ၎င်းဇရိယာအတွင် ကျောက်တူးဖော်ခြင်း ရှိမရှိကား မသေချာသေးပါ။ ဆိုခဲ့သလို စွပ်စွဲချက် ဦးပိုင်က ငြင်းဆိုရာတွင် ဦးပိုင်အနေနှင့် ပုဒ်မ ၁၄၄ ထုတ်ပိုင်ခွင့်မရှိကြော ပြည်ထဲရေးဝန်ကြီးဌာနကသာလျှင် လုပ်ထုံးလုပ်နည်းနှင့်အညီ ၁၄၄ ကို ထုတ် ကြောင်း တုံ့ပြန်ခဲ့သည်။

ဦးပိုင်၏ လက်ခွဲ မြန်မာအင်ပရီရယ်ဂျိတ်၏ ဒါရိုက်တာဗိုလ်မှူးကြ ခင်မောင်လတ်ကလည်း ဦးပိုင်သည် စီမံခန့်ခွဲပေးနေသော ကုမ္ပဏီဖြစ်ပြီး ကျော တူးဖော်ရေးလုပ်ငန်းတွေကို လက်တွေ့ကို လက်တွေ့လုပ်နေသော ဖက်စပ်ကုမ္ တွေပေါ် မှီခိုနေရကြောင်း ရှင်းပြခဲ့သည်။ ဦးပိုင်နှင့် ယခင်က တွဲဖက်လုပ် လုပ်ငန်းရှင်တစ်ဦးကလည်း စစ်တပ်ပိုင်ကုမ္ပဏီက အထူးသဖြင့် အငြိမ်းစား တွေကို ကျောက်တွင်းကိုယ်စားလှယ်တွေအဖြစ် တာဝန်ပေး ခန့်အပ်ခဲ့တာတွေ အသေးစိတ် ပြောပြသွားသည်။ သို့ပေမဲ့ ပင်စင်စားစစ်ဗိုလ်တွေဟာ လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်သော အတွေ့အကြုံ၊ အသိပညာမရှိ သို့ပေမဲ့ အမိန့်ချဉ်းပေးနေသဖြင့် ကုမ္ပဏီများအနေနှင့် စိတ်အနှောက်အယှက်ဖြစ်ရသည်ဟု လည်းဆိုသည်။

ကိစ္စတစ်ခုတွင် ဆိုခဲ့သလို ဝင်ရောက်စွက်ဖက်တာတွေ များလာသဖြင့် ဦးပိုင်နှင့် ဖက်စပ်သူက သူ့လိုင်စင်ကို ဖျက်သိမ်းပေးဖို့ ဝန်ကြီးကို တောင်းဆိုခဲ့ကြောင်း သိရသည်။ ဦးပိုင်က အခြားကုမ္ပဏီတွေကို မှီခိုပြီး အမြတ်ထုတ်နေတာကြောင့်လည်း ကုမ္ပဏီငယ်လေးတွေမှာ အလုပ်မဖြစ်တာတွေလည်း ရှိနေသည်။

ဦးပိုင်ဝန်ထမ်းများ၏ မသိနားမလည်တာတွေကို အချို့ကလည်း အခွင့်ကောင်းတခုအဖြစ် အသုံးချကြသည်။ ကျောက်စိမ်းတူးဖော်နေသော အထောက်အထားတစ်ခုအနေနှင့် အစိမ်းဆိုပြီးရော၊ အစိမ်းတခုခုကို တာဝန်ကျပင်စင်စားဗိုလ်တွေကို ပြလိုက်ပြီး ကျန်တာတွေကို သူတို့ရှေ့မှာပင် မှောင်ခိုထုတ်သွားကြကြောင်း ကျောက်စိမ်းစီးပွားရေးသမားတစ်ဦး၏ အဆိုအရ သိရသည်။ တန်ဖိုးရှိသော ကျောက်စိမ်းတုံးတစ်တုံးတွေ့ပြီဆိုလျှင် စာရင်းထဲထည့်မမှတ်ဖို့ ဦးပိုင်ကိုယ်စားလှယ် ပင်စင်စားဗိုလ်တွေကို ကုမ္ပဏီတွေက လာဘ်ထိုးကြသည်ဟုလည်း ဆိုပါသည်။ Golbal Witness သို့ ပေးပို့ခဲ့သော ဦးပိုင်၏ စာတစ်စောင်တွင် ယခုလို ဖော်ပြထားသည်။

*"မည်သည့် တံစိုးလာဘ်လာဘမျှ လက်မခံကြဖို့ ဦးပိုင်ဝန်ထမ်းတွေကို ကျွန်တော်တို့ ညွှန်ကြားထားပါတယ်။ အဲဒီလို အပြုအမူတွေအတွက် ကျွန်တော်တို့ပေါ်လစီက အရမ်းတင်းကျပ်ပါတယ်။ လာဘ်ယူတယ်လို့ သိတာနဲ့ အဲ့ဒီဝန်ထမ်းကို အပြစ်ပေးမှာပါ။*

**ပင်စင်လစာအတွက် ငွေလား၊ စစ်ပွဲတွေအတွက်လား**

၂၀၁၄ ခုနှစ် မြန်မာ့ကျောက်မျက်ရောင်းပွဲတွင် ဦးပိုင်၏ မြန်မာ့အင်ပရီရယ်ဂျိတ်မှ ရောင်းရငွေမှာ ကုမ္ပဏီအားလုံး၏ ဒုတိယအမြင့်ဆုံးတွင်ရှိပြီး ပုဂ္ဂလိကနှင့်ဖက်စပ်နှစ်ရပ်ပေါင်း အမေရိကန်ဒေါ်လာ သန်း ၁၅၀ ရခဲ့သည်။ လုပ်ငန်းအမြတ်ငွေတွေကို စစ်လက်နက်ဝယ်ယူနေပါသလားဆိုသောမေးခွန်းကို ဦးပိုင်ကိုယ်စားလှယ်များက လုံးဝ ငြင်းပယ်ခဲ့ပြီး အောက်ခြေရဲဘော်မိသားစုများ၏ လူမှုဖူလုံရေးနှင့် အမျိုးသားဖွံ့ဖြိုးရေးအတွက် အသုံးပြုနေကြောင်း ခုခံပြောဆိုခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် တရားမဝင် ရရှိလာသော အမြတ်ငွေအမြောက်အများမှာ စစ်တက်ခေါင်းဆောင်တွေကို ကိုယ်စားပြုနေကြောင်း သို့မဟုတ် ကချင်ပြည်နယ်တွင် တိုက်ခိုက် နေရသော စစ်ပွဲတွေအတွက် တစိတ်တပိုင်းအသုံးပြုနေသလားဆိုတာ ကိုတော့ ပြောရခက်လှပါသည်။

အဆိုပါကိစ္စတွင် EITI ကို ဦးပိုင်က ထောက်ခံခြင်းသည် အပြုသဘော ဆောင်သော ခြေလှမ်းတစ်လှမ်းဖြစ်ပြီး ပွင့်လင်းမြင်သာမှုတွေကိုလည်း ဖြစ်စေပါ သည်။

## ခရိုနီကုမ္ပဏီများ

သာမန်ပြည်သူတို့၏ဘဝနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုတွေကြား ကြီးမားသော ကျောက်စိမ်းလုပ်ငန်းကြီးမှ အကျိုးအမြတ်တွေရနေသည်မှာ စစ်ဘက် ဆိုင်ရာကုမ္ပဏီများသာ မဟုတ်ပါ။ စစ်အစိုးရနှင့် ပတ်သက်နေသော ခရိုနီကြီးများ ပိုင်ကုမ္ပဏီများလည်း ရှိပါသေးသည်။ ဤအချက်သည် ပြုပြင်ပြောင်းလဲရေးအတွက် အတားအဆီးတစ်ခုဖြစ်နေသလို ကျောက်စိမ်းကဏ္ဍအတွက် ပွင့်လင်းမြင်သာမှုတွေ အမြန်ဆုံးလိုအပ်နေပြီဖြစ်ကြောင်း ထောက်ပြနေပါသည်။

### ၁။ Ever Winner

Ever Winner သည် ကျောက်စိမ်းကုမ္ပဏီအစုများထဲတွင် ပါဝါတော်တော် ကြီးသော အစုကြီးတစ်စုဖြစ်သော်လည်း ၎င်းတို့၏ ပိုင်ဆိုင်မှု၊ လုပ်ငန်းဆောင်ရွက် မှုလအစတို့နှင့် ပတ်သက်ပြီး မရေမရာမျှသာ သိထားသဖြင့် ဤပြယုဒ်သည်ပင် ပွင့်လင်းမြင်သာမှုအတွက် ဥပမာတစ်ခု ဖြစ်နေပါသည်။ ကချင်ပြည်နယ်၏ တစ်ပို မဖြတ်နိုင်သော အရာတွေကို ၎င်းတို့က ထိမ်းချုပ်ပြီး အမြတ်အစွန်းတွေရနေကြပေ သူတို့တွေ ဖားကန့်က ဘာတွေယူနေသည်၊ ပိုက်ဆံတွေ ဘယ်ကရနေသည် ပတ်သက်၍ကား ကချင်နှင့် မြန်မာပြည်သူတွေ မသိရ။ နိုင်ငံရေးအရာသြဇာရှိသော ပုဂ္ဂိုလ်ကြီးတွေနှင့် ever winner တို့ နီးနီးကပ်ကပ် အဆက်အသွယ်ရှိ ၎င်းတို့အနက် KBZ အုပ်စုဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် သံလွင်ကုမ္ပဏီများ ပိုင်ရှင် မီဒီယာသူဌေးကြီး ဦးကျော်ဝင်းတို့မှာ ထင်ရှားသည်။ KBZ နှင့် Ever Winner တို့၏ ဆက်ဆံရေးအသေးစိတ်ကို လာမည့်အခန်းတွင် ဖော်ပြပါမည်



www.burmeseclassic.com

www.burmeseclassic.com





EVER WINNER ၏လုပ်ကွက် နန်းမော်၊ ဖားကန့်

www.burmeseclassic.com

www.burmeseclassic.com



အထက်ပိုင်းပုဂ္ဂိုလ်တွေနှင့် အဆက်အသွယ်ရှိသည်ဆိုသော သဲလွန်စတစ်ခုမှာ ၂၀၁၄ ခုနှစ် ဖွန်လ တရုတ်ပြည်ခရီးစဉ်တွင် သမ္မတကြီး ဦးသိန်းစိန်လက်ဆောင် ပေးခဲ့သော ကျောက်စိမ်းဆင်းတုဖြစ်သည်။ ကျောက်စိမ်းဆင်းတုကို Ever Winner ကုမ္ပဏီက တာဝန်ယူလုပ်ပေးခဲ့သည်။ ထိုနှစ် ကျောက်မျက်ရောင်းပွဲတွင် Ever Winner အုပ်စုဟု ယူဆရသော အဖွဲ့အားလုံးပေါင်းရောင်းရငွေမှာ (အခွန်မ ဆောင်မီ) ဒေါ်လာ သန်း ၉၀ ရှိခဲ့သည်။

## Ever Winner

Ever Winner သည် ပြီးခဲ့သော ၁၀ စုတစ်စုအတွင်း ကျောက်စိမ်းစီးပွား ရေးကို အားသွန်လုပ်ခဲ့သော ကုမ္ပဏီဖြစ်ပြီး သူဌေးမှာ အိုက်ထွေး၊ တရုတ်အမည် ဖန်ရင်ချန်းဖြစ်သည်။ သမီး ၅ ယောက် ရှိသည်အနက် အနည်းဆုံး ၂ ယောက်မှ ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်နေသည်။ ဦးအိုက်ထွေး၏ အဓိက လက်ရုံးမှာ သူ၏ ယောက်ဖတော်သည်ဟုဆိုသူ ဒေါက်တာထွန်းကြည်နှင့် ဒေါက်တာ စောလ ဖြစ်သည်။ ၎င်းတို့ ၂ ဦးက ever winner အုပ်စုတစ်စုလုံးကို စီမံခန့်ခွဲရ ၎င်းတို့၏ ဖွဲ့စည်းပုံဇယားကို တဘက်စာမျက်နှာတွင် ဖော်ပြထားသည်။

ဦးအိုက်ထွေးသည် မြန်မာပြည်ကျောက်စိမ်းစီးပွားရေးတွင် အအောင်မြင် ဆုံးလူ တစ်ယောက်ဖြစ်ကြောင်း၊ KBZ ဥက္ကဋ္ဌနှင့် တရုတ်သတင်းသုံးသပ်သူတစ်ဦးက မှတ်ချက် ချပေးခဲ့ကြသည်။ တရုတ်မီဒီယာနှင့် အစိုးရထုတ်ကြေညာချက်များအ ဦးအိုက်ထွန်းသည် တရုတ်ကျောက်မျက်လုပ်ငန်းအစည်းအရုံးနှင့် ယူနန်ကုန်သည် ကြီးများအသင်း၏ ဥက္ကဋ္ဌဖြစ်ကြောင်း သိရသည်။ အခြားကျောက်စိမ်း လုပ်ငန်းရှ တွေလို အမည်အမျိုး မျိုးခွဲထားခြင်းဖြင့် ever winner က လွှမ်းမိုး ချုပ်ကိုင်ထာ သော လုပ်ငန်းပမာဏကို ချုံ့ပစ်ဖို့ ကြိုးစားတာလည်း ဖြစ်နိုင်ပါသည်။ သို့ရာတွ ကုမ္ပဏီမှတ်ပုံတင်ထားသော မှတ်တမ်းများအရဖြစ်စေ၊ ဒေသခံစီးပွားရေးသမားတို့ ပြောစကားအရဖြစ်စေ၊ ဖားကန့် တွင် လှုပ်ရှားနေသော ၎င်းတို့ပိုင်လက်ခွဲကုမ္ပဏီ ပေါင်း အနည်းဆုံး ဆယ်ခုကျော်ရှိသည်ဆိုပါသည်။

ဦးအိုက်ထွေး၏ သမီး အိအိထွေးက Global Withness သို့ေ တစ်စောင်တွင် သူမသည် ever winner ၏ ဒါရိုက်တာမဟုတ် ရတနာ ကျောက်မျက်လုပ်ငန်း၏ ဒါရိုက်တာဖြစ်ကြောင်း အတည်ပြုထားသည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



Ever Winner နှင့် ကုမ္ပဏီအုပ်စုတွေအကြောင်းမေးသော မေးခွန်းတွေကို ငြင်းခဲ့ပြီး သူမ မိသားစုဝင်များသည် 'ရတနာပြည့်ဖြိုးအောင်ကျောက်မျက်'နှင့် 'ဘရဏီကျောက်မျက်'တို့တွင် ရင်းနှီးမြှုပ်နှံကြကြောင်း၊ ၎င်းကုမ္ပဏီတို့မှာ သူ့ရှယ်ယာရှင်တွေနှင့် သူ့အုပ်ချုပ်မှုနှင့်ရှိကြောင်း၊ Ever Winner နှင့် မသက်ဆိုင်ကြောင်း၊ အခြားကုမ္ပဏီများသည်လည်း Ever Winner နှင့် မဆိုင်ကြောင်း ပြောသွားသည်။ ဥပဒေအရဆိုလျှင် ၎င်းအချက်သည် မှန်ကောင်းမှန်နိုင်ပါသည်။ Ever Winner ကို အုပ်စုကြီးအဖြစ် လုပ်ကိုင်နေတာမဟုတ်သလို လက်ခွဲတွေအဖြစ် သတ်မှတ်ထားတာလည်း မရှိပါ။ သို့ပေမဲ့ လက်တွေ့တွင်မူ တစ်ခုနှင့်တစ်ခု ချိတ်ဆက်လည်ပတ်နေသော လုပ်ငန်းကြီးအဖြစ် ထင်ရပါသည်။

ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းမှ စွန့်ပစ်ရေများနှင့် ပတ်သက်လျှင် ever winner ကုမ္ပဏီများ၏ လုံခြုံရေးစနစ်မှာ တော်တော်ပင် ဆိုးဝါးသည်။ ဒေါက်တာ စောလင်းအုပ်ချုပ်သော 'ရတနာစင်းစင်းသီရိကုမ္ပဏီ'မှာ စွန့်ပစ်မြေစာအပုံကြီးတွေ ပုံနေသော ကုမ္ပဏီ ၃ ခု အနက် တစ်ခုဖြစ်ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလထဲတွင် ၎င်းအပုံကြီး ပြိုကျသွားသဖြင့် ကျောက်ကောက်သူအလုပ်သမားတော်တော်များများ သေဆုံးခဲ့ရသည်။ မတ်လတွင်လည်း ဒေါက်တာထွန်းကြည်အုပ်ချုပ်သော 'လင်းလက်ရတနာပိုင်'လုံးခင်းအနီးတွင် ကျောက်ပုံကြီး ပြိုကျခဲ့ရာ အလုပ်သမားတစ်ယောက် သေဆုံးသွားသည်။ သေဆုံးသူမိသားစုက ကုမ္ပဏီကို လျော်ကြေးပေးဖို့ တောင်းဆိုခဲ့ပေမဲ့ ငြင်းပယ်ခံခဲ့ရသည်။

## ၂။ KBZ အုပ်စု

သူဌေးကြီး ဦးအောင်ကိုဝင်းနှင့် မိသားစုပိုင် ကမ္ဘောဇ (သို့) KBZ အုပ်စုမှာ အကြီးဆုံးဘဏ်လုပ်ငန်းများအပါအဝင် မြန်မာနိုင်ငံ၏ ဩဇာအကြီးဆုံးကုမ္ပဏီအစုကြီးဖြစ်သည်။ KBZ အနေနှင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းကို အလျှောက်လုံး လုပ်ကိုင်လာခဲ့သော်လည်း ကျွန်ုပ်တို့ Global Withness နှင့် တွေ့ဆုံမေးမြန်းဆက် သွယ်ခဲ့ရာတွင် ကျောက်စိမ်းလုပ်ငန်းကို အနည်းအကျဉ်းမျှသာ လုပ်ကိုင်ခဲ့ကြောင်း ပြောခဲ့သည်။

စီးပွားရေးပညာရှင်တစ်ဦး၏အဆိုအရ KBZ ဘဏ်သည် ၎င်းနှင့် ပြိုင်ဘက်ပုဂ္ဂလိက ဘဏ်လုပ်ငန်းများထက် ၃ ဆမျှ ကြီးမားကြောင်း သိရသည်။ ဒီလိုဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



မြိုင်ဘက်ဘဏ်လုပ်ငန်းရှင်များထက် ကြီးထွားနေခြင်းသည် ဘာကြောင့်ပါလဲ ကျောက်စိမ်းလုပ်ငန်းနှင့် တစိတ်တပိုင်း ပါဝင်ပတ်သက်နေပါလား။

KBZ သည် နိုင်ငံတကာနှင့် မြန်မာမှ ပေးသော ဆုတံဆိပ်တွေ တ တတန်းကြီး ရထားသလို ၂၀၁၃/၁၄ ဘဏ္ဍာနှစ်၊ ပြည်တွင်းအခွန်များ ပေးဆော သော ကုမ္ပဏီများအနက် ထိပ်ဆုံးမှ တာဝန်ကြေခဲ့သော လုပ်ငန်းရှင်လ ဖြစ်သည်။ Myanmar Centre for Responsible Business ၏ လေ့လာမှုအ ဦးဆောင်ကုမ္ပဏီကြီးများ၏ ပွင့်လင်းမြင်သာမှုတွင်လည်း KBZ သည် ထိပ်ဆုံးမှ နေပြီး ၂၀၁၅ ၏ ညီမျှခြင်းအညွှန်းကိန်း၏ တတိယနေရာတွင် ရှိနေကြော သိရသည်။ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးသည် KBZ ကုမ္ပဏီ၏ လုပ်င ပေါ်လစီတစ်ခုဖြစ်၍ မြန်မာကုမ္ပဏီတစ်ခုအနေနှင့် ထူးခြားချက်တစ်ခုမှာ KB ဝက်ဆိုက်တွင် ပိုင်ဆိုင်မှုနှင့် အကျိုးအမြတ်တို့ကို ဖော်ပြထားတာပဲဖြစ်သည်

KBZ ၏ ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်၍ ဆိုခဲ့သလို ချီးကျူးထိုက် သော လုပ်ဆောင်မှုတွေရှိသော်လည်း ကျောက်စိမ်းစီးပွားရေးနှင့် ပတ်သက်နေသော ကိစ္စများကိုကား ကြွင်းကျန်နေပါသေးသည်။ ကျွန်ုပ်တို့ Globle Witness တွေ့ဆုံမေးမြန်းခဲ့ရာတွင် ၂၀၀၀ မှ ၂၀၀၃ ခုနှစ်အထိ ဖားကန့်ကြီး ကျောက်တွင်းတွင် KBZ လုပ်ငန်းများ ရှိခဲ့သော်လည်း ပတ်ဝန်းကျင်ထိခိုက်ပျက် နှင့် ဒေသတွင်းမတည်ငြိမ်မှုများကို စွန့်စား၍ လုပ်ကိုင်နေရသောကြောင့် ကျော စိမ်းတူးဖော်ရေးလုပ်ငန်းကို ရပ်ပစ်ခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း ဖားကန့်မှတွင်း ကို ရပ်ခဲ့ပြီး စစ်ကိုင်းတိုင်း ခန္တီးကျောက်တွင်းဘက် ပြောင်းရွှေ့ခဲ့ကြော ခန္တီးကျောက်တွင်းများမှာ ဖားကန့်လောက် အရည်အသွေးနှင့် ထုတ်လုပ်မှု မကော သော်လည်း ယခု KBZ ၏ ကျောက်စိမ်းလုပ်ငန်းသည် ခန္တီး၌သာ ရှိပါကြော KBZ ကိုယ်စားလှယ်က ပြောသွားသည်။ KBZ ၏ ပါဝင်ပတ်သက်မှုအဆင့် အခြားသော မှတ်တမ်းများအရ ကွဲလွဲတာတွေ ရှိနေပါသေးသည်။ ၂၀၀၈ ခု အမေရိကန်သံရုံးမှ ပေးပို့သော အစီရင်ခံစာတစ်စောင်တွင် ဦးအောင်ကိုဝင်း ရှမ်းပြည်နယ် ပတ္တမြားတွင်းများရှိရာ မိုးဆုနှင့် ဖားကန့်ကျောက်စိမ်းတွင်း ပိုင်ဆိုင်ကြောင်း ဖော်ပြထားသည်။

၂၀၁၁ ခုနှစ်ထုတ် KBZ လက်ကမ်းစာစောင်တစ်စောင်တွင် ဖားကန့် ခန္တီးမှ ကျောက်တွင်းတွေအကြောင်းကို ဓာတ်ပုံတွေနှင့် ဖော်ပြထားပြီး နှင့်



www.burmeseclassic.com

www.burmeseclassic.com



KBZ အုပ်စု၏ ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာရောင်းရငွေမှာ အမေရိကန်ဒေါ်လာ ၄၀/၅၀ ရရှိကြောင်း အတည်ပြုထားသည်။ စာစောင်တွင် KBZ ဘဏ်ခွဲများကိုလည်း ဖားကန့်ကျောက်တွင်းမြေပုံများနှင့် တန်ဆာဆင် ဖော်ပြထားရာ မြေပုံများမှာ ဖားကန့်ဒေသတွင် ကျောက်တွင်းများရှိစဉ် လွန်ခဲ့သော နှစ်များက မြေပုံတွေပဲဖြစ်သည်။ ယခုလို KBZ လက်ကမ်းစာစောင်တွင် ပုံနှိပ်ဖော်ပြနေသည်မှာ KBZ ၏ အရင်းအနှီးသည် မူးယစ်ဆေးဝါးမှမဟုတ်ဘဲ ကျောက်စိမ်းမှရရှိနေကြောင်းကို သရုပ်ပြခြင်းဖြစ်ကြောင်း ကုမ္ပဏီ၏ အတိုင်ပင်ခံ အရာရှိကြီးတစ်ဦး၏ အဆိုအရသိရသည်။

## KBZ နှင့် Ever Winner

ကျောက်စိမ်းစီးပွားရေး၏ စိတ်ချယုံကြည်ရသော သတင်းအရင်းအမြစ်အရ KBZ ဘော့(စ်) ဦးအောင်ကိုဝင်းနှင့် Ever Winner ထိပ်သီး ဦးအိုက်ထွေးတို့ တစ်ယောက်နှင့် တစ်ယောက်တို့ကြား သံမဏိရှည်သော ဆက်ဆံရေးများ ရှိခဲ့ပြီး ကျောက်စိမ်းစီးပွားရေးတွင်လည်း စီးပွားဘက်တွေဟု သိရသည်။ ယခင်က ဦးအိုက်ထွေးသည် KBZ ပိုင် ပတ္တမြားတွင်း မန်နေဂျာအဖြစ် လုပ်ကိုင်ခဲ့ရာမှ ဦးအိုက်ထွေးကို KBZ က အရင်းနှီးထုတ်ပေးခဲ့သဖြင့် တစင်ထောင်ခဲ့ကြောင်း KBZ က ကျွန်ုပ်တို့ကို ပြောပြခဲ့သည်။

KBZ နှင့် စီးပွားဘက်တစ်ဦး၏ အဆိုအရ ဦးအောင်ကိုဝင်း၏တူသည် ဦးအိုက်ထွေးသမီး ဝေဝေထွေး၏ ခင်ပွန်းဖြစ်သဖြင့် KBZ နှင့် ever winner တို့ကြားတွင် စီးပွားရေးသာမက ဆွေမျိုးဆက်ဆံရေးလည်းရှိကြောင်း သိရသော်လည်း အဆိုပါကိစ္စကို KBZ က ငြင်းပယ်ခဲ့သည်။


ဦးအောင်ကိုဝင်းသည် ever winner ပိုင်ရှင်မဟုတ်သော်လည်း KBZ ၏ လုပ်ငန်းသစ်ဖြစ်သော အာမခံကုမ္ပဏီ IKBZ ၏ ဒါရိုက်တာများနှင့် ရှယ်ယာရှင်များမှာ ဦးအိုက်ထွေး၏ သမီးများဖြစ်ကြောင်း ဦးအောင်ကိုဝင်း၊ ၎င်း၏ ဇနီးနှင့် သမီး ၂ ယောက်တို့သည်လည်း KBZ ၏ ဒါရိုက်တာနှင့် ရှယ်ယာပိုင်ရှင်များဖြစ်ကြောင်း KBZ က အတည်ပြုခဲ့သည်။ သို့ရာတွင် IKBZ ၏ ရင်းနှီးမြှုပ်နှံမှုမှာ သူမဖခင်ဖြစ်ကြောင်း ဦးအိုက်ထွေး၏ သမီးတစ်ယောက်က ကျွန်ုပ်တို့ Global witness ကို အတည်ပြုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





ဒေါက်တာထွန်းကြည်




EVER WIMMER က ဖန်တီးလိုက်သော EVER ရေကန်၊ ဆန်ဂျာဘန်းရွာ ...၊ ဗားကန်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



သို့ဆိုလျှင် ဦးအိုက်ထွေးသည် IKBZ ကို နောက်ကွယ်က ထိန်းချုပ်ထားသူ ဟုတ်ပါသလား။ အလားတူ ဦးအောင်ကိုဝင်းသည်လည်း Ever Winner ကို လျှို့ဝှက်ပိုင်ဆိုင်နေပါသလား။ သို့မဟုတ် အမြတ်အစွန်းတွေ ကြောက်ခမန်းလိလိ ရနေသော ကျောက်စိမ်းလုပ်ငန်းရှယ်ယာဝင်တစ်ဦးဟုတ်ပါသလား။ မေးခွန်းအားလုံး ကို KBZ က ငြင်းပယ်ခဲ့သော်လည်း ၎င်းတို့၏ ပိုင်ဆိုင်မှုများနှင့် ဆက်သွယ်မှုများကို KBZ နှင့် Ever Winner တို့က တရားဝင်ထုတ်ပြန်မည်ဆိုလျှင် စောစောက ငြင်းဆိုခဲ့သည်များ ပို၍ ခိုင်မာနိုင်ပါသည်။

မြန်မာစစ်တပ်နှင့် ရုပ်ဖျက်၍ စီးပွားဖက်ထားသော လုပ်ငန်းမျိုးတွေကို ဘယ်တော့မှမလုပ်ခဲ့သလို လုပ်ဖို့လည်း ရည်ရွယ်ချက်မရှိကြောင်း ကွန်ပ်တို့ Global Witness ကို ပြောကြားခဲ့ပါသည်။ သို့ရာတွင် ၂၀၁၄ ခုနှစ် မြန်မာ့ကျောက် မျက်ရောင်းချပွဲမှတ်တမ်းများအရ KBZ ၏ ကျောက်စိမ်းတူးဖော်ရေးလက်ခွဲကုမ္ပဏီ ဂျင်းဖောအောင်၏ ကျောက်စိမ်းရောင်းရငွေမှာ အမေရိကန်ဒေါ်လာ ၂၄ သန်းရှိခဲ့ပြီး ဂျင်းဖောအောင်သည် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၏ လက်ခွဲဖြစ်သော မြန်မာ အင်ပရီရယ်ဂျိတ်နှင့် ဖက်စပ်လုပ်ကိုင်နေကြောင်း သိရသည်။ ကွန်ပ်တို့ Global Witness သို့ ဦးပိုင်က ပေးစာတစ်စောင်တွင်လည်း ၎င်းတို့၏ ကျောက်စိမ်းစီးပွား ရေးတွင် ဂျင်းဖောအောင်သည် စီးပွားဖက်တစ်ဦးဖြစ်ကြောင်း အတည်ပြုခဲ့သည်။

## KBZ ၏ကျောက်စိမ်းလုပ်ငန်းတန်ဖိုးနှင့် အမြန်ဆုံးလုပ်ရမည့်အစီအစဉ်များ

KBZ ၏ ကျောက်စိမ်းလုပ်ငန်းရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍ အဆိုပြုထားသော ပြည်တွင်းတန်ဖိုးသတ်မှတ်ချက်ကို KBZ အကြံပေးပုဂ္ဂိုလ်များက ကွန်ပ်တို့ထံ ပေးဝေခဲ့သည်မှာ အားတက်စရာကောင်းသော အချက်ဖြစ်ပါသည်။ ၎င်းတို့အနေနှင့် မိုင်းတွင်းတည်နေရာများ၊ လုပ်ငန်းများနှင့် ပိုင်ဆိုင်မှုရှယ်ယာများ အပြင် မြေပိုင်ဆိုင်မှုဆိုင်ရာ သတင်းအချက်အလက်တို့ကို ချပြနိုင်သည်ဆိုသော အလားအလာကောင်းတစ်ခုလည်း ဖြစ်ပါသည်။ KBZ အနေနှင့် အမှန်တကယ် ပွင့်လင်းမြင်သာမှုကို ထောက်ခံသည်ဆိုလျှင် လုပ်စရာရှိတာတွေကို အမြန်ဆုံးလုပ် လိုအပ်ပါသည်။ KBZ ၏ ထိပ်တန်းမန်နေဂျာများနှင့် ကွန်ပ်တို့တွေ့ခဲ့ပြီး EITI စံချိန်စံညွှန်းများနှင့်အညီ အချက်အလက်များကို ချက်ချင်းထုတ်ပြန်ပေးစေ ကြောင်း ကွန်ပ်တို့အကြံပြုခဲ့ရာ အောက်ပါစံညွှန်းများနှင့် ကိုက်ညီဖို့လိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁။ KBZ ကိုင်ဆောင်ထားသော ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း သက်တမ်း၊ အမျိုးအစားနှင့် တည်နေရာ၊

၂။ KBZ ကျောက်စိမ်းတွင်းလုပ်ငန်းများ၏ မူလပိုင်ရှင်များနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုအဆင့်၊

၃။ KBZ ၏ ကျောက်စိမ်းတူးဖော်ရေးမြေနေရာများနှင့် ပတ်သက်၍ ပြီးသောနှစ်က အစိုးရသို့ ပေးသွင်းမှုများ၊

၄။ KBZ ကျောက်စိမ်းတွင်းများမှ ထုတ်လုပ်မှုပမာဏနှင့်တန်ဖိုး၊

၅။ KBZ နှင့် အစိုးရချုပ်ဆိုထားသော ကျောက်စိမ်းတွင်းစာချုပ် အချက်အလက်အပြည့်စုံ၊

၆။ မြန်မာ့ကျောက်မျက်လုပ်ငန်း၊ ဦးပိုင် စသဖြင့် နိုင်ငံတော်ပိုင်လုပ်ငန်း များနှင့် KBZ တို့ကြားမှ စီမံခန့်ခွဲမှု၊

## ၃၊ Asia World

မြန်မာပြည်၏ နောက်ထပ်အကြီးဆုံးကုမ္ပဏီကြီးတစ်ခုမှာ အေးရှားဝေါ(လ်) ဖြစ်ပြီး ၎င်းကို မူးယစ်ဂိုဏ်းခေါင်းဆောင် လောစစ်ဟန်က တည်ထောင်ခဲ့ပြီး သူ့သား စတီဖင်လောက စီမံခန့်ခွဲလျက်ရှိသည်။

အေးရှားဝေါ(လ်)ပိုင်ရှင်များသည် စစ်အစိုးရဗိုလ်ချုပ်ကြီးများနှင့် အနီးကပ် ဆက်ဆံရေးရှိခဲ့ကြောင်း သိရပြီး ၎င်းကို အမေရိကန်အစိုးရက စီးပွားရေးနှင့် ငွေကြေးဆိုင်ရာကိစ္စများ ပိတ်ပင်ထားခဲ့သည်။


၂၀၁၁ ခုနှစ်တွင် သမ္မတဦးသိန်းစိန် ခေတ္တရပ်ဆိုင်းခဲ့သော မြစ်ဆုံရေကာ တာ တည်ဆောက်ရေးစီမံကိန်းတွင် အေးရှားဝေါ(လ်)ကုမ္ပဏီလည်း တရုတ်ကုမ္ပဏီ များနှင့် စီးပွားဖက်အဖြစ် ပါဝင်ခဲ့သည်။ ယခု Globle Witness ၏ လေ့လာမှုအရ ဖားကန့်ဒေသတွင် 'ရတနာတောင်တန်းကျောက်မျက်လုပ်ငန်း'အမည်နှင့် ကျောက် စိမ်းတူးဖော်ရေး လုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်လျက်ရှိပြီး တရားဝင်စာရင်း အရ ရတနာတောင်တန်း၏ ကျောက်စိမ်းရောင်းရငွေမှာ ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၇ မီလျံနှင့် ပြီးခဲ့သောနှစ်က ၂၁ မီလျံရရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com





စတီဗင်လော

www.burmeseclassic.com

www.burmeseclassic.com



## မစ္စတာ အာရှာဝေါ (လ်) ကျောက်စိမ်းတွင်းများ

၂၀၁၄ ခုနှစ်၊ အောက်တိုဘာတွင် ရရှိခဲ့သော ကုမ္ပဏီမှတ်တမ်းများကို လေ့လာကြည့်ရာတွင် စတီဗင်လော(ခေါ်)ထွန်းမြင့်နိုင်(ခေါ်)ပိုင်တျုန်းကို ရတနာတောင်တန်းကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာနှင့် အစုရှယ်ယာဝင်အဖြစ် ဖော်ပြထားသည်ကို တွေ့ရပြီး ၎င်းအမည်နှင့်တွဲဖက်လျက် မစ္စအေးရှားဝေါ(လ်)ဟူ၍လည်း ပါရှိကြောင်း ကျွန်ုပ်တို့ သတိပြုမိခဲ့သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလထဲတွင် ၎င်းတို့၏ ကျောက်စိမ်းလုပ်ငန်းကို EITI စံချိန်စံညွှန်းများနှင့်အညီ ပွင့်လင်းမြင်သာမှုတွေ လုပ်ဆောင်ပေးဖို့နှင့် ပတ်သက်ပြီး ကျွန်ုပ်တို့နှင့် တွေ့ဆုံဆွေးနွေးဖို့ စာရေးအကြောင်းကြားခဲ့ပေမဲ့ စတီဗင်လောဘက်က အကြောင်းမပြန်ခဲ့ပါ။ ထိုနှစ်စက်တင်ဘာလတွင် ထွန်းမြင့်နိုင်နှင့် ပိုင်တျုန်းတို့ကို ရတနာ တောင်တန်းကုမ္ပဏီမှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပစ်ခဲ့သည်။ သို့ရာတွင် ရတနာတောင်တန်း ကျောက်မျက်လုပ်ငန်းကို ပိုင်တျုန်း အမည်နှင့် ဖုံးကွယ်ထားသော်လည်း စတီဗင်လောကား ၂၀၁၄ ခုနှစ် ဇွန်လတွင်မှ မြန်မာအစိုးရ၏ ကုန်သွယ်ရေး ကိုယ်စားလှယ်တစ်ဦးအနေနှင့် ကနေဒါသို့ ဝင်ခွင့်ရခဲ့သည်။ နောက်ပိုင်းတွင် ကနေဒါအစိုးရပြောရေးဆိုခွင့်ရှိသူကလည်း *'ကနေဒါ လူဝင်မှုကြီးကြပ်ရေးအရာရှိများ အနေနှင့် မြန်မာကိုယ်စားလှယ်တစ်ဦးချင်းကို စစ်ဆေးဖို့ ပျက်ကွက်ခဲ့ကြောင်း'* ထုတ်ဖော်ပြောခဲ့သည်။

ခိုင်လုံသော သတင်းအရင်းအမြစ်များအရ ဖားကန့်မြို့အနောက်ဘက် မက်လင်ချောင်း (၂) တွင်လည်းကောင်း၊ တောင်ဘက် ဝွေခါးတွင်လည်းကောင်း ရတနာတောင်တန်းပိုင် ကျောက်စိမ်းတွင်းတွေ အများအပြားရှိကြောင်း သိရသည်။ တရားဝင်ထုတ်ပြန်ထားသော မြေပုံများကလည်း ဝွေခါးဖက်စပ်လုပ်ငန်း (၇) ကို ဒဂုံရတနာကျောက်မျက်ကုမ္ပဏီလီမိတက်က ပိုင်ဆိုင်ကြောင်း ပြသထားရာ ၎င်းလုပ်ငန်းတစ်ခုလုံးကို ရတနာတောင်တန်း၏ ဒါရိုက်တာ (၂) ဦးက စီမံခန့်ခွဲလျက်ရှိကြောင်း သိရသည်။ ဒါရိုက်တာ ၂ ဦးအနက် လောစင်ချန်း၏ အမျိုးသားမှတ်ပုံတင် နံပါတ် ၆ လုံးတွင် ၄ လုံးမှာ စတီဗင်လော၏ မှတ်ပုံတင်နံပါတ်နှင့် တူသဖြင့် ၎င်းတို့နှစ်ဦးမှာ မိသားစုအရ ဆက်စပ်မှုရှိနိုင်သည်။

## မသာမာသူသုံးဦး

လောစစ်ဟန်၏ လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ အဆိုအရ သိရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



'ရတနာတောင်တန်း'လုပ်ကိုင်ခဲ့သော ဂွေးခကျောက်တွင်းများမှာ ဦးပိုင်နှင့် ဖက်စပ်လုပ်ကိုင်ရာမှ ရလာခဲ့ပြီးနောက် ကချင်လက်နက်ကိုင်အဖွဲ့များနှင့် ပြဿနာဖြစ်လာခဲ့ကြောင်း ဂွေးခဒေသကို ကေအိုင်အေတို့က ထိမ်းချုပ်နယ်မြေအဖြစ်ရှေးယခင်ကတည်းက သတ်မှတ်ခဲ့ကြောင်း သိရသည်။ သို့ရာတွင် အငြင်းပွားမှုကိုကေအိုင်အေဗိုလ်ချုပ် အမ်ဘမ်းလှနှင့် စတီဗင်လောတို့ လိုင်ဇာဌာနချုပ်တွင်တွေ့ဆုံဆွေးနွေးအဖြေရှာခဲ့ရာ အေးရှားဝေါ(လ်)၏ ကျောက်စိမ်းတူးဖော်ရေး လုပ်ငန်းတွင် ကေအိုင်အေ/ကေအိုင်အိုတို့အစု ရှယ်ယာတစ်ခု ကမ်းလှမ်းခဲ့သည်။ စတီဗင်လော၏ ဤကမ်းလှမ်းမှုကို ဗိုလ်ချုပ်အမ်ဘမ်းလှက လက်ခံခဲ့သော်လည်း ကေအိုင်အေအဖွဲ့ကိုယ်စား လက်ခံခဲ့တာလား၊ ပုဂ္ဂိုလ်ရေးအရ လက်ခံခဲ့တာလား ရှင်းရှင်းလင်းလင်း မသိရပါ။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းသည်တို့ကို ဗိုလ်ချုပ်အမ်ဘမ်းလှက ငြင်းပယ်ခဲ့သည်။

## ၄။ထူးကုမ္ပဏီ - ပွင့်လင်းမြင်သာမှုကို စတင်သူဖြစ်ပါ့မလား

ကျောက်စိမ်းစီးပွားရေးတွင် ရောမအစုရှယ်ယာများနှင့် လုပ်ကိုင်နေသောခရိုနီတစ်ဦးမှာ 'ထူး'အုပ်စုဖြစ်သည်။ ၂၀၁၄ ခုနှစ် မြန်မာ့ကျောက်မျက်ရောင်းပွဲမှတ်တမ်းတွင် 'ထူး'မှ ရောင်းရငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ မီလျံရှိခဲ့သည်။ 'ထူး'အုပ်စု၏ဘော့(စ်) ဦးတေဇကား ခရိုနီတွေထဲမှာ နှစ်အတော်ကြာထင်ရှားခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အမေရိကန်အစိုးရ၏ ဘဏ္ဍာရေးဆိုင်ရာ အရေးယူပိတ်ဆို့သူများ အမည်စာရင်းပေါက်ခဲ့သည်။ အမေရိကန်အစိုးရက သူ့ကို လက်နက်ပွဲစားနှင့် စစ်အစိုးရ၏ ဘဏ္ဍာရေးလူယုံတစ်ယောက်အဖြစ် သတ်မှတ်ထားရာမြန်မာစစ်တပ်အတွက် တိုက်လေယာဉ်များနှင့် စစ်ပစ္စည်းများအပါအဝင် အဓိကစီမံကိန်းတွေကို 'ထူး'အုပ်စုက ကိုယ်စားဆောင်ရွက်ပေးခဲ့သည်။ သူ့ကို အမေရိကန်အစိုးရက ပိတ်ဆို့အရေးယူရာတွင် စစ်ဘက်နှင့် အာဏာရပါတီခေါင်းဆောင်တွေနှင့်ပတ်သက်မှုကိုလည်း အကြောင်းတရားတစ်ခုအဖြစ် မှတ်ယူထားသည်။ ၎င်းတို့အထဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရရွှေမန်း၏သား အောင်သက်မန်းနှင့်စီးပွားဖက် လုပ်ကိုင်နေတာတွေလည်းပါသည်။

ဦးတေဇနှင့် 'ထူး'အုပ်စုအပေါ် စွတ်စွဲထားသည်တို့ကို ၎င်းတို့က ပြန်လည်ချေပဖို့ ကြိုးစားခဲ့သော်လည်း ယနေ့တိုင် အနောက်၏ အရေးယူပိတ်ဆို့မှု



www.burmeseclassic.com

www.burmeseclassic.com



တွေ ရှိနေသေးသည်။ ယခုအခါ ဦးတေဇအနေနှင့် ငွေကြေးအရ ယိမ်းယိုင်နေပြီး ကျောက်စိမ်းလုပ်ငန်းတွေကိုပင် 'ဝ'ကုမ္ပဏီများထံ ရောင်းချခဲ့ရကြောင်း ကောလဟာလတွေ ထွက်လာသော်လည်း မဟုတ်မမှန်ကြောင်း 'ထူး'ကိုယ်စားလှယ်များက ငြင်းဆိုခဲ့ကြသည်။

သို့ပေမဲ့ ဖားကန့်ဒေသတွင် လုပ်ကိုင်နေသော 'ထူး'အုပ်စု၏ ကျောက်စိမ်းလုပ်ငန်းများနှင့် ပတ်သက်၍ကား ဒေသခံပြည်သူတွေကရော၊ အခြားလုပ်ငန်းရှင်တွေကရော တော်တော်ဝေဖန်ခဲ့ကြသည်။ အခြားလုပ်ငန်းရှင်များက တန်ဖိုးရှိသော ကျောက်စိမ်းသိုက်ကို ရှာဖွေတွေ့ရှိသည်နှင့် ဦးပိုင်ကို 'ထူး'အုပ်စုက သတင်းပေးတတ်သည်ဟု စွပ်စွဲခံခဲ့ရသည်။ တစ်နည်းအားဖြင့် စစ်တပ်ပိုင်ကုမ္ပဏီကို ကြီးထွားလာအောင် လမ်းခင်းပေးသည်ဟု ဝေဖန်ခဲ့ကြသည်။ တောင်တန်းပေါ်တွင် တည်ထားသော 'တောင်ကျော်' ရွာသားများကို နေရာရွှေ့ပြောင်းပြီး တောင်ကို လှီးကာ ကျောက်စိမ်းရှာခဲ့ကြောင်း ပြန်ပုံစုလာသော မြေစာပုံကြီးကို ယခုအခါ 'ထူးကမ္ဘာတောင်'ဟုပင် အမည်ပေးခဲ့ကြောင်း ဒေသခံတွေထံက ကြားသိခဲ့ရသည်။ သို့ပေမဲ့ အဆိုပါစွပ်စွဲချက်များနှင့် ပတ်သက်၍ ကျွန်ုပ်တို့ဘက်က မေးမြန်းစုံစမ်းခဲ့ရာ 'ထူး'အုပ်စုတာဝန်ရှိသူများက ပြန်ကြားခြင်း မရှိခဲ့ပါ။ သို့ရာတွင် မြန်မာပြည် ကျောက်စိမ်းကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲ မှုတွေကို ပံ့ပိုးကူညီသွားမည့်အကြောင်း ထူးအုပ်စုက ကတိကဝတ်ပေးခဲ့ပြီးနောက် EITI ၏ စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဖို့ စတင်ပြသခဲ့ပါသည်။ ထူးအုပ်စုလုပ်ကိုင်နေသော ဖက်စပ်ကျောက်စိမ်းလုပ်ငန်းများ၊ ကျောက်တွင်းတည်နေရာများနှင့် ၂၀၁၄ ခုနှစ် ကျောက်စိမ်းရောင်းရငွေနှင့် အစိုးရသို့ အခွန်ပေးငွေများ၏ စာရင်းဇယားအသေးစိတ်ကို Globle Withness သို့ ပေးပို့ခဲ့ပါသည်။ ထူးအုပ်စု၏ ပံ့ပိုးမှုများမှာ မြန်မာနိုင်ငံအတွင်း လုံးဝသတင်းအမှောင်ချထားသောကဏ္ဍတွင် ပါဝင်နေသော အခြားပလေယာများအတွက် အရေးပါသော သာဓကတစ်ခုဖြစ်သကဲ့သို့ EITI စံချိန်စံညွှန်းများနှင့် [illegible]ကိုက်ညီသော ကျောက်စိမ်းကုမ္ပဏီကြီးများနှင့် ပတ်သက်သော အဓိကအကြေ[illegible]အရာများ နေရာလွဲမှားနေကြောင်း ပြသလိုက်တာလည်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





KUA/KIO ဗိုလ်ချုပ်အမ်ဘန်လ



နံ့ပါတ်ဝမ်းခရိုနီ ဦးတေဇ

www.burmeseclassic.com

www.burmeseclassic.com



## အပစ်ရပ်အုပ်စုများ

တိုင်းရင်းသားလူနည်းစုလက်နက်ကိုင်အဖွဲ့များ မြန်မာစစ်အစိုးရ၏ စစ်တပ်တို့ ဆယ်ရာစုများစွာ လက်နက်ကိုင်တိုက်ပွဲတွေ ဖြစ်ခဲ့ပြီးနောက် ၁၉၈၉ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း အပစ်ရပ်ဖို့ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုတွေနှင့် စစ်အစိုးရတို့ ညှိနှိုင်းဆွေးနွေးပွဲတွေ ဆက်တိုက်ပြုလုပ်ခဲ့သည်။ ပြီးနောက် အပစ်ရပ်အဖွဲ့များကို ကချင်ပြည်နယ်အတွင်း ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း အပါအဝင် စီးပွားရေးလုပ်ငန်းကြီးတွေ လုပ်ကိုင်ဖို့ အခွင့်အလမ်းနှင့် ခွင့်တွေချပေးခဲ့ရာ ၎င်းအုပ်စုများထဲက UWSA/UWSP (ညီညွတ်သော 'ဝ'နိုင်ငံစစ်တပ်/ ညီညွတ်သော 'ဝ'နိုင်ငံတော်ပါတီ)နှင့် *(ပအို့(ဝ်)အမျိုးသားအဖွဲ့အစည်း)*တို့ကား ကျောက်စိမ်းစီးပွားရေးကို ပြုပြင်ပြောင်းလဲဖို့ရာအတွက် ထူးထူးခြားခြား အားထုတ်ခဲ့သောအဖွဲ့ ၂ ဖွဲ့ ဖြစ်သည်။

### က။ UWSA/UWSP

UWSA/UWSP အနေနှင့် ၉၀ လွန်အစောပိုင်းနှစ်များကပင် ကျောက်စိမ်းစီးပွားရေးမှာ အလုံးအရင်းနှင့် ပါဝင်နေခဲ့သည်။ Globle Withness စုဆောင်းထားသော အထောက်အထားများအရ ဖားကန့်ဒေသ 'ဝ'အမျိုးသား စပ်တူကုမ္ပဏီများကို စီမံခန့်ခွဲနေသူမှာ မူးယစ်ခေါင်းဆောင် ဝေဆူးကျန်ဖြစ်သည်။ ယခင်က UWSA/UWSP ၏ ဘဏ္ဍာရေးဆိုင်ရာအကြီးအကဲလည်း ဖြစ်သည်။ သူ့ကို အမေရိကန်အစိုးရက စီးပွားရေးအရ အရေးယူပိတ်ဆို့ထားရုံမက 'ဖမ်း'ဝရမ်းပါ ထုတ်ထားသူဖြစ်သည်။ ဤတွင် အရေးကြီးသော မေးခွန်းတစ်ခုမှာ ဝေဆူးကျန်နှင့် အပေါင်းအပါတို့၏ ကျောက်စိမ်းလုပ်ငန်းများသည် UWSA/UWSP ကိုယ်စား လုပ်ကိုင်နေခြင်းလား၊ သို့မဟုတ် ပုဂ္ဂလိကပိုင်ပဲလား၊ သို့တည်းမဟုတ် ...က်စီလား။

UWSA/UWSP ခေါင်းဆောင်တွေနှင့် ဝေဆူးကျန်တို့ အချိန်တော်တော်ကြာကပင် နီးနီးကပ်ကပ် တွဲဖက်လုပ်ကိုင်နေကြောင်း လေ့လာတွေ့ရှိထား သော်လည်း UWSA/UWSP ခေါင်းဆောင်ပိုင်းအတွင်း ၎င်း၏အခန်းကဏ္ဍကို မှန်မှန်ကန်ကန်ဖြင့် ဆဝါးဖို့ ခက်လှပါသည်။

မည်သို့ရှိစေ၊ သေချာသော အချက်တစ်ခုမှာ ကျောက်စိမ်းလုပ်ငန်းကို



www.burmeseclassic.com

www.burmeseclassic.com





UWSA/UWSP ခေါင်းဆောင်ပေါက်ယူချန်း




မြန်မာတာကောင်းပိုင် ကာဒေး (#3) လုပ်ကွက်တွင် အလုပ်လုပ်နေသော ယန္တယားကြီးများ

www.burmeseclassic.com

www.burmeseclassic.com





Narcotics Rewards Program: Wei Hsueh-Kang

BUREAU OF INTERNATIONAL NARCOTICS AND LAW ENFORCEMENT AFFAIRS

WANTED

(Alias: Prasit Chivinnitipanya)
Date of Birth: 5/29/52
Place of Birth: China
Height: 5'6" Weight: 125 lbs
Eyes: Brown Hair: Black
Race: Asian Nationality: Chinese

Wei Hsueh-Kang, the commander of the United Wa State Army's (UWSA or Wa) Southern Military Command, is wanted on Federal drug violations in the Eastern District of New York. The Wa is currently the dominant heroin trafficking group in Southeast Asia, and possibly worldwide. Wei Hsueh-Kang is believed to be in hiding in Burma.


The U.S. Department of State is offering a REWARD OF UP TO $2 MILLION for information leading to the arrest or conviction in the United States of Wei Hsueh-Kang.

If you have information, and you are outside the United States, please contact the nearest U.S. Embassy or Consulate. In the United States, please contact the DEA, FBI, or ICE office in your city.

ALL IDENTITIES ARE KEPT STRICTLY CONFIDENTIAL.

Both Wei Hsueh Kang and the UWSA/UWSP are subject to US sanctions and indictments for drugs trafficking. Today, Wei Hsueh Kang is behind a web of powerful jade companies which operate in Hpakant using the Wa name.

အမေရိကန်အစိုးရအလိုရှိနေသော မူးယစ်ရာဇာ ဝေဆွေးကျန်



အမြဲတမ်း တပ်ဖွဲ့ဝင် ၃ သောင်းဝန်းကျင်ရှိသော UWSA/UWSP ၏ တပ်ဖွဲ့ဝင်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်နေသော အုပ်စုကား မြန်မာ့စစ်တပ်နှင့်ဖြစ်စေ၊ ကေအိုင်အေ/ကေအိုင်အိုနှင့် ဖြစ်စေ သင့်မြတ်သူတွေဖြစ်ပြီး UWSA/UWSP ကို ကိုယ်စားပြုထားသည်ဟု ယုံကြည် ရပါသည်။ တနည်းအားဖြင့် 'ဝ'အမည်ကိုသုံး၍ ဖားကန့်ဒေသတွင် မာဖီးယားပုံစံ ဩဇာရှိလာတာပဲဖြစ်သည်။ တဘက်စာမျက်နှာတွင် 'ဝ'နှင့် တွဲဖက် နေသော ကျောက်စိမ်းကုမ္ပဏီများ၏ နောက်ခံအချက်အလက်များပါသည်။

**အမြဲအသွင်ပြောင်းနေသော "ဝ" အဖွဲ့အစည်းများပိုင် ကျောက်စိမ်းစီးပွားရေး**

UWSA/UWSP နှင့် တွဲစပ်နေသော ဝေဆွးကျန့်၏ မူလ ကျောက်စိမ်း ကုမ္ပဏီအမည်မှာ 'အောင်ပန်း'ဖြစ်သည်။ နောက်ပိုင်းတွင် အမေရိကန် အစိုးရက ဖိအားပေးလာသဖြင့် အောင်ပန်းအမည် ပြောင်းသွားသည်။ ပြီးနောက် ဘာတွေဖြစ် လာပါသလဲ။ ခိုင်လုံသော သတင်းရပ်ကွက်မှ အထောက်အထားများ၊ မှတ်တမ်းများ ကို ကျွန်ုပ်တို့အဖွဲ့ကြီးက ကျယ်ကျယ်ပြန့်ပြန့် လေ့လာကြည့်သည့်အခါ အောက်ပါ အတိုင်း ကောက်ချက်ဆွဲ၍ ရနိုင်ပါသည်။

၁။ 'အောင်ပန်း'ကျောက်စိမ်းလုပ်ငန်းကို မြန်မာတကောင်းကုမ္ပဏီက စီမံခန့်ခွဲနေသော ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများနှင့် ပူးပေါင်းလိုက် သည်။ မြန်မာတကောင်းကုမ္ပဏီနှင့်အတူ 'ရောရတနာ'၊ 'ရာဇဒွါရ'၊ 'သော်တာဝင်း'၊ 'အဖိုးတန်စံချိန်မီ' စသဖြင့် ကုမ္ပဏီများနှင့် တွဲဖက် လုပ်ကိုင်နေပြီး ကုမ္ပဏီ ၅ ခုလုံးကို ယခင်အောင်ပန်းတွင် လုပ်ကိုင်ခဲ့သော ဒါရိုက်တာနှင့် မန်နေဂျာများက မောင်းနှင်နေသည်။

၂။ ကုမ္ပဏီ ၅ ခု လုံးက ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကို ပူးတွဲလုပ်နေသဖြင့် ၎င်းတို့ကို စီးပွားရေးအုပ်စုတစ်စုတည်းအဖြစ် သတ် မှတ်နိုင်သည်။

၃။ ကျောက်စိမ်းကုမ္ပဏီ ၅ ခု ၏ ပိုင်ရှင်မှာ ဝေဆွးကျန့်ဖြစ်ပြီး ကုမ္ပဏီအားလုံးကို ၎င်းကထိန်းချုပ်ထားသည်။

၄။ စီးပွားရေးအရကျိုးအမြတ်အနေနှင့် အဆိုပါကုမ္ပဏီ ၅ ခုသည် UWSA/ UWSP အဖွဲ့အစည်းများကို ကိုယ်စားပြုနေနိုင်သည်။

ကျောက်စိမ်းကုမ္ပဏီအုပ်စုတစ်ခုလုံးကို ကြီးကြပ်ရာတွင် ဝေဆွးကျန့် လက်အောက် အဓိကပလေယာများအဖြစ် လုပ်ကိုင်နေသူများမှာ အိုက်ပေ



www.burmeseclassic.com

www.burmeseclassic.com



ဇော်တိုခန့်နှင့် လီမြင့်တို့ဖြစ်သည်။ အိုက်ဟော်မှာ UWSA မှ ဗိုလ်ချုပ် ပေါက်ယုချန်း၏ သားမက်ဖြစ်သည်။ သူတို့ ၃ ယောက်လုံး ယခင်က 'အောင်ပန်းအုပ်စု'နှင့် အတူ လုပ်ကိုင်ခဲ့ကြပြီး အိုက်ဟော်နှင့် လီမြင့်တို့မှာ မူးယစ်ဆေးဝါး ရောင်းဝယ်မှုနှင့် ဆက်နွယ်နေသဖြင့် အမေရိကန်အစိုးရက နာမည်ပျက်စာရင်း ထည့်ထားသည်။

ကျွန်ုပ်တို့ လေ့လာထားသော တရားဝင်စာရင်ဇယားများအရ 'မြန်မာ တကောင်း'နှင့် 'အပေါင်းအသင်း'ကုမ္ပဏီများ လုပ်ကိုင်နေသော ကျောက်တွင်း ၇၉ တွင်းရှိသည် ဆိုသော်လည်း နောက်ထပ်လေ့လာတွေ့ရှိသော သတင်းများအရ အခိုပါအရေအတွက်မှာ လုံးဝနည်းပါးနေပါသည်။ ဦးတေဇ၏ 'ထူး'အုပ်စုကို လိုင်စင်ပေးထားသော ကျောက်တွင်းတစ်တွင်းအပါအဝင် USWA/USWP နှင့် အပေါင်းအပါများ လုပ်ကိုင်နေသော အခြားကျောက်တွင်းများရှိသေးကြောင်း သိရသည်။

ကျောက်စိမ်းတူးဖော်ရာတွင် စက်ယန္တရားကြီးများ အလုံးအရင်းနှင့် သုံးစွဲထုတ်လုပ်နေသဖြင့် ဖားကန့်ဒေသက ကျောက်စိမ်းတွေအားလုံးကို ၃ နှစ် အတွင်း ငါတို့ အကုန်လုံးယူနိုင်ကြောင်း 'မြန်မာတကောင်း'ကုမ္ပဏီ ကိုယ်စားလှယ် တစ်ယောက်က ပြောဆိုခဲ့သော်လည်း ကျောက်တူးသမားတို့၏ အလုပ်ခွင်လုံခြုံရေး စနစ်များကိုကား လုပ်ပေးဖို့ စိတ်ကူးရှိပုံ မရကြ။ ၂၀၁၅ ခုနှစ် မတ်လအတွင်းမှာပင် 'ရာဇဌာနီ'နှင့် 'အောင်သိန်းမင်း'ကုမ္ပဏီတို့ လုပ်ကိုင်နေသော ဆစ်မူနှင့် ဆန်း တောင်းရေိယာအတွင်း ပေ ၅၀၀ မြင့်သော စွန့်ပစ်မြေစာပုံကြီး ၂ ကြိမ်ပြိုကျသဖြင့် ဒေသခံများ၏ အဆိုအရ အလုပ်သမား ဒါဇင်များစွာ သေဆုံးသွားသည်။


သို့ဖြစ်၍လည်း ကျောက်စိမ်းစီးပွားရေးသမားတစ်ဦးက ယခုလို ဝေဖန်ခဲ့ သည်။ 'ဝ'အဖွဲ့တွေမှာ ပိုက်ဆံ၊ အာဏာနဲ့ သေနတ်တွေရှိတယ်။ သူတို့က သတ်ပစ်လို့တောင်ရတယ်၊ ဒေသခံတွေက သူတို့ကို ဘာမှမပြောရဲကြဘူး။ 'ဝ' အမျိုးသားအမည်ခံထားသော ကုမ္ပဏီများ၏ ပိုင်ဆိုင်မှုနှင့် လုပ်ငန်းများ ငွေကြေး တန်ဖိုးများ၏ပမာဏမှာ အလွန်ကြီးမားလှပါသည်။ ငွေကြေးတန်ဖိုး ပိုင်ဆိုင်မှုများ အပြင် 'ဝ'ကုမ္ပဏီများ၏ ထူးခြားသော ဝိသေသတစ်ခုမှာ UWSA/UWSP အမည်တို့ကို အသုံးချနိုင်ပြီး အခြားကုမ္ပဏီတွေကို သူတို့လိုသလို ရွှေ့ပြောင်းနိုင်သည် ဖြစ်သည်။ ၎င်းတို့အသုံးပြုသော နည်းဗျူဟာများမှာ မြေအောက် လူဆိုးဂိုဏ်းများ ကျင့်သုံးသကဲ့သို့ အောက်ပါအတိုင်း တွေ့ရသည်။

ယဉ်မျိုးစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



၁။ UWSA/UWSP အမည်များကို အသုံးပြု၍ အခြားကုမ္ပဏီများကို အကာအကွယ်ပေးကာ အပြန်အလှန်အားဖြင့် ၎င်းကုမ္ပဏီမှ ရှယ်ယာ တစ်ခုကို ရယူခြင်း။ UWSA/UWSP ၏ အစောင့်အရှောက်ခံရာတွင် ကုမ္ပဏီငယ်လေးများသာမက ဦးသန်းရွှေ၏ သားများ လုပ်ကိုင်နေသော 'မြန်မာနိုင်အုပ်စု'၊ စတီဗင်လော၏ 'ရတနာတောင်တန်း' စသဖြင့် ကုမ္ပဏီကြီးတွေပါ ပါဝင်ကြောင်း သိရသည်။

၂။ အခြားကုမ္ပဏီများ၏ ကျောက်စိမ်းမိုင်းတွင်းများသို့ သွားရာလမ်း ကြောင်းများကို အင်အားသုံးပိတ်ဆို့၍ ၎င်းကုမ္ပဏီများကို UWSA/ UWSP ဩဇာအောက်ရောက်အောင် အတင်းအကြပ် လုပ်ကိုင်ခြင်း၊

၃။ ယခင် UWSA/UWSP ကုမ္ပဏီကိုယ်စားလှယ်တွေက ဘယ်သူတွေကို ဘယ်လိုသတ်ခဲ့ကြောင်း ကိုးကားပြောဆို၍ ခြိမ်းခြောက်တာတွေ လုပ်သည်။

၄။ သူတို့ကျောက်စိမ်းတွေ ခိုးပါတယ် စွပ်စွဲ၍ အခြားစီးပွားရေးသမား တွေကို တရားစွဲကာ အနှောက်အယှက်ပေးတာတွေ လုပ်သည်။

## ၂။ ပတ္တမြားနဂါး

UWSA/UWSP သည် အကြီးဆုံးလက်နက်ကိုင်အဖွဲ့ကြီးဖြစ်သော်လည်း စစ်အစိုးရနှင့် အပစ်ရပ်အဖွဲ့များထဲမှာမပါ။ ပအို့(ဝ်)အမျိုးသားအစည်းအရုံး(PNO) လက်နက်ချခဲ့ပြီးနောက် ၁၉၉၁ ခုနှစ်တွင် စစ်အစိုးရက ပအို့(ဝ်)ကုမ္ပဏီ 'ပတ္တမြား နဂါး'ကို ကျောက်စိမ်းတူးဖော်ခွင့်လုပ်ကွက်တွေချပေးခဲ့ရာ နှစ်အနည်းငယ်အတွင်းမှာ ပင် 'ပတ္တမြားနဂါး'ကား ကျောက်စိမ်းလုပ်ငန်းတွင် အဓိက'ပလေယာ' တစ်ဦးဖြစ် လာသည်။ ၂၀၀၀ ခုနှစ်တွင် သတ္တုတွင်းဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင်သော ကုမ္ပဏီများအနက် ပထမဆုံးကုမ္ပဏီဖြစ်လာသည်။ ထိုနှစ်အတွင်းမှာပင် တန် ၃၀၀၀ အလေးချိန်ရှိ ကျောက်စိမ်းတုံးကြီးကို ပတ္တမြားနဂါးမှ တူးဖော်ရရှိခဲ့ပြီး နောက်၊ စစ်အစိုးရကို လက်ဆောင်ပေးခဲ့သည်။

'ပတ္တမြားနဂါး'ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းအပြင် 'ဗို'ထုတ်လုပ်ရေး လုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း၊ ဟိုတယ် မိုတယ်နှင့် စားသောက်ကုန်လုပ်ငန်း စသဖြင့် 'PNO' အဖွဲ့ပိုင်လုပ်ငန်း မျိုးစုံသည် ၎င်းနှင့်တွဲဖက် လုပ်ကိုင်နေသော ကုမ္ပဏီအချို့မှာ အခွန်ထမ်းစာရင်းတွင်ထိပ်ဆုံးမှ



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်သူတွေ ဖြစ်သည်။

သို့ပေမဲ့ ပတ္တမြားနဂါးအုပ်စု၏ အဓိကဝင်ငွေမှာ ကျောက်မျက်ရတနာမှ ရနေပြီး ၂၀၁၃/၂၀၁၄ ခုနှစ် မြန်မာ့ကျောက်မျက်ရောင်းပွဲတွင် ပတ္တမြားနဂါးနှင့် ဖက်စပ်လုပ်ငန်းတို့၏ ရောင်းရငွေပမာဏမှာ ပထမနှစ်တွင် ဒေါ်လာ ၅၈ သန်း၊ ဒုတိယနှစ် တွင် ၄၆ သန်း အသီးသီး မှတ်တမ်းတင်ခဲ့သည်။

## နိုင်ငံရေးနှင့် စီးပွားရေးတွေကြရာဝယ်

PNO ၏ စီးပွားရေးနှင့် နိုင်ငံရေးကား တဆက်တည်းဖြစ်သည်။ ကျောက်စိမ်းကျောက်မျက်နှင့် ကျောက်တူးဖော်ရေးလုပ်ငန်းမှ ရလာသော အမြတ်ငွေများကို PNO နှင့် ပအို့(ဝ်)ဒေသဖွံ့ဖြိုးရေးအတွက် အသုံးပြုနေကြောင်း ပတ္တမြားနဂါးက ကျွန်ုပ်တို့ အတည်ပြုခဲ့သည်။

ပတ္တမြားနဂါး၏ ဥက္ကဋ္ဌမှာ ဦးနေဝင်းထွန်းဖြစ်ပြီး ယခင်က ပအို့(ဝ်)ဒေသ အထူးစီးပွားရေးကိစ္စတွေကို ကိုင်တွယ်ခဲ့ပြီး ၂၀၁၀ ရွေးကောက်ပွဲတွင် PNO ကိုယ်စားလှယ်အနေနှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသားလွှတ်တော် အမတ်ဖြစ် လာခဲ့သည်။ ကျွန်ုပ်တို့ Global Witness ၏ လေ့လာချက်အရ ပအို့(ဝ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးစောလွင်နှင့် PNO ၏ ပါလီမန်ကိုယ်စား လှယ်တစ်ဦးဖြစ်သော ဦးခင်သိန်းဖေတို့က ကုမ္ပဏီတော်တော်များများ၏ ဒါရိုက်တာ နေရာတွင် လုပ်ကိုင်နေပြီး အချို့ကိစ္စများတွင် ဦးနေဝင်းထွန်းနှင့် တွဲဖက်ဆောင်ရွက် ခဲ့တာတွေလည်း တွေ့ရသည်။

ပါလီမန်သက်တမ်းအတွင်း ပတ္တမြားနဂါးဥက္ကဋ္ဌအနေနှင့် မြန်မာ့ကျောက် စိမ်းလုပ်ငန်းဆိုင်ရာ ဥပဒေများကို ပြန်လည်ပြင်ဆင်ရေးကိစ္စတွင် ရှေ့တန်းမှ ပါဝင်ခဲ့သည်။ သူသည် သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ အမျိုးသား လွှတ်တော်ကော်မတီ၏ ဥက္ကဋ္ဌလည်းဖြစ်၍ ဓာတ်သတ္တုတူးဖော် ရေးနှင့် ကျောက်မျက်ဥပဒေသစ်ရေးဆွဲဖို့ရာအတွက် တံခါးပိတ် ဆွေးနွေးပွဲများတွင် တက်တက် ကြွကြွပါဝင်ခဲ့သည်။ တနည်းအားဖြင့် ၎င်းတို့၏စီးပွားရေးကို ထိခိုက် မည့် ဥပဒေသစ်များ ရေးဆွဲရာတွင် PNO ကဲ့သို့ အဓိကပလေယာတစ်ဦး ပါဝင် လာသည်မှာ ကောင်းသော အလားအလာဖြစ်သည်။ အမှန်အားဖြင့် အကျိုးစီးပွား ဆိုင်ရာပဋိပက္ခများကြောင့် မြန်မာနိုင်ငံဥပဒေပြုရေးကို ထိခိုက်လာသဖြင့် ရှေ့



www.burmeseclassic.com

www.burmeseclassic.com



အကျိုးစီးပွားကို အမှန်တကယ် အာမခံမည့် ဥပဒေနှင့် စည်းကမ်းများ ပြောင်းလဲဖို့ရာအတွက်လည်း အကျိုးစီးပွား ခွဲဝေမှုများကြောင့် အဟန့်အတား ဖြစ်နေရာ ယခု PNO ၏ ရပ်တည်ချက်သည် အခြားအဖွဲ့အစည်း၊ ကုမ္ပဏီများအတွက် စံတစ်ခုဖြစ်လာခဲ့ပါသည်။

၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်း ဖားကန့်ဒေသ၊ နမ်းမော်တွင် တွေ့ခဲ့သော တန် ၃၀၀၀ ကျောက်စိမ်းတုံးကြီးကို PNO က စစ်အစိုးရကို မေတ္တာလက်ဆောင်ပေးခဲ့ရာ ကမ္ဘာ့အကြီးဆုံးနှင့် တန်ဖိုးအရှိဆုံးကျောက်စိမ်းတုံးကြီးဖြစ်ကြောင်း PNO က အတည်ပြုခဲ့သည်။ ၂၀၀၂ ခုနှစ်၊ မေ ၂၆ ရက်တွင် ၎င်းကျောက်စိမ်းတုံးကြီးကို စစ်အစိုးရသို့ ပေးလှူခဲ့ရာ နဝတဘက်မှ ထိုစဉ်က ထောက်လှမ်းရေးအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် လက်ခံရယူခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဦးခင်ညွန့်က မိန့်ခွန်းပြောရာတွင် ကချင်ပြည်နယ်မှ ထွက်နေသော အဖိုးတန်ကျောက်စိမ်းများသည် မြန်မာအစိုးရ၏ အနာဂတ်နိုင်ငံရေးမှာ ဘယ်လိုအသုံးပြုမည်ကို ညွှန်ပြနေရာ မိန့်ခွန်းအပိုင်းတစ်ပိုင်းကို ယခုလို တွေ့ရသည်။

> *ပြည်ထောင်စုမြန်မာနိုင်ငံမှာ ကမ္ဘာ့အထင်ရှားဆုံး အဖိုးတန်ကျောက်တွေ အဆက်မပြတ်ထွက်နေတဲ့အတွက် အခြားနိုင်ငံတွေက လိုချင်မျက်စိနဲ့ ကြည့်နေကြပါတယ်။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူပြီးနောက်မှာ လက်နက်ကိုင်အဖွဲ့တွေကို ဖိတ်ခေါ်ခဲ့တဲ့အတွက် အခုဆိုရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့က ဥပဒေဘောင်ထဲ ရောက်နေပါပြီ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဟာ စီးပွားရေးလုပ်နိုင်တယ်လို့လည်း အစိုးရက ယုံကြည်ပါတယ်။ ဒါကြောင့် ကျောက်မျက်တူးဖော်ရေးလုပ်ငန်းလို စီးပွားရေးတွေကို အမျိုးသားအဖွဲ့အစည်းတွေ လုပ်နိုင်အောင် စီစဉ်ခဲ့ပါတယ်။ အမျိုးသားအဖွဲ့အစည်းတွေဟာ ပြည်သူနဲ့ နိုင်ငံတော်အကျိုးကို ရည်မှန်းပြီး ကြိုးစားလုပ်ကိုင်ခဲ့ကြတဲ့အတွက် သူတို့လုပ်ငန်းတွေ အောင်မြင်ခဲ့ပါတယ်။*



www.burmeseclassic.com

www.burmeseclassic.com





ပတ္တမြားနဂါး၏ဥက္ကဋ္ဌဦးနေဝင်းထွန်း



www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတကာ ကုမ္ပဏီများ

မြန်မာပြည်မှာ တံခါးပွင့်စီးပွားရေးစနစ် စလိုက်သည့်အခါ ဈေးကွက်သစ်အနည်းအကျဉ်းသာရထားသော နိုင်ငံတကာအင်အားကြီးကုမ္ပဏီတွေအတွက် အခွင့်အလမ်းတွေ ပေါ်လာသည်။ သို့ရာတွင် ရင်းနှီးမြှုပ်နှံသူတွေအတွက် စွန့်စားရမှုတွေလည်း မနည်းမနောရှိနေသည်။ အထူးသဖြင့် ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် အာဏာပါဝါ အလွဲသုံးစားလုပ်တာတွေပဲ ဖြစ်သည်။ မြန်မာ့ကျောက်စိမ်းဘဏ္ဍာတွင် ဆိုခဲ့သလို အမှုအကျင့်အလေ့အထတွေ ဆိုးဆိုးဝါးဝါးဖြစ်နေသည်ကို 'အမေရိကန်ကုမ္ပဏီကြီးများဖြစ်ကြသော Coca - Cola နှင့် Caterpillar'တို့၏ လတ်တလောအတွေ့အကြုံများက မီးမောင်းထိုးပြနေပါသည်။ ၎င်းကုမ္ပဏီကြီးများနှင့် နာမည်ဆိုးနှင့် ကျော်ကြားနေသော ကုမ္ပဏီအချို့တို့ မထင်မှတ်သော ချိတ်ဆက်မှုတွေကို ယခုအစီရင်ခံစာတွင် ဖော်ပြထားရာ ဤအဖြစ်အပျက်များက မြန်မာပြည်တွင် ကုမ္ပဏီပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုတွေ တော်တော်လိုအပ်နေကြောင်း အထူးသတိပြုနိုင်ပါသည်။

### ၁။ ဦးပိုင်နှင့် Coke /ရှယ်ယာပါတနာ

မြန်မာတွင် ကိုကာကိုလာကုမ္ပဏီကို ၂၀၁၃ ခုနှစ်တွင် စတင်လည်ပတ်ခဲ့သည်။ ထိုစဉ်က ၎င်း၏ ပါတနာနှင့် ဒါရိုက်တာမှာ 'ပင်းယမြန်မာ'အချိုရည်ကုမ္ပဏီကြီးအကဲ ဒေါ်ရွှေစင်ဖြစ်သည်။ ဒေါ်ရွှေစင်နှင့် တွဲဘက်လုပ်ကိုင်နိုင်ဖို့အတွက် ကိုကာ ကိုလာကုမ္ပဏီက Kroll နှင့် Puc အပါအဝင် အထင်ကရကုမ္ပဏီကြီးတွေကို ငွေအမြောက်အများ အကုန်ခံ ငှားခဲ့သည်။ ဤကိစ္စသည် လုပ်သင့်လုပ်ထိုက်သော အလုပ်ဖြစ်ပါသည်။ သို့ရာတွင် ဒေါ်ရွှေစင်သည် ရှယ်မိသားစု၏ ၂၀ ရာနှုန်း ရှယ်ယာဝင်တစ်ဦးဖြစ်သည်ကိုမူ မည်သူမျှ သတိပြုမိကြပုံ မရ။ ရှယ့်မိသားစုသည် အကြီးစားကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီဖြစ်သလို ဦးပိုင်နှင့် ကာလရှည်ကြာ လက်တွဲလုပ်ခဲ့သော ကန်ထရိုက်တာလည်းဖြစ်သည်။ ၎င်းအပြင် ကျောက်စိမ်းအရောင်းဝယ်လုပ်ငန်းကြီးတစ်ခုဖြစ်သော Gold Uni တွင်လည်း ရှယ်ယာအများဆုံးပိုင်ထားပြီး သူမခင်ပွန်း ဦးချောင်နှင့်အတူ လုပ်ငန်းကို ဦးဆောင်နေကျက်ရှိသည်။

ဦးရှယ့်မိသားစုက Gold Uni [illegible]

[illegible]

www.burmeseclassic.com



နေရာမှာ ဖားကန့်တောင်ဘက် ဂွေခ (၂၇) ဟု ပြထားသည်။

တရုတ်မီဒီယာများနှင့် လုပ်ငန်းသတင်းရပ်ကွက်များ၏ အဆိုအရ ၂၀၁၀/၁၁ ခုနှစ် ကျောက်စိမ်းမှော်ဒိုရောင်းဝယ်ရေးကိစ္စများနှင့် ပတ်သက်ပြီး Gold Uni ကို တရုတ်အာဏာပိုင်များက ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မည်သို့ရှိစေ ဦးပိုင်အပါအဝင် မြန်မာ့ကျောက်စိမ်းလုပ်ငန်းမှ အစိက ပလေယာများကို ယခုအထိ အမေရိကန်က ဘဏ္ဍာရေးနှင့် စီးပွားရေးပိတ်ဆို့မှုတွေ မရုပ်သိမ်းသေးသလို လာဘ်ပေးလာဘ်ယူမှုတွေ၊ စစ်ဘက်မှ ပါဝင်ပတ်သက်နေတာ တွေ၊ ပတ်ဝန်းကျင်နှင့် လူ့အခွင့်ရေးတွေကို ဖြောင်ချိုးဖောက်နေတာတွေကို ကြည့်ခြင်းအားဖြင့် အခြေအနေတစ်ခုလုံးမှာ စိုးရိမ်စရာကောင်းနေပါသည်။

ရှယ်မိသားစုနှင့် ဦးပိုင်တို့၏ ဆက်ဆံရေးမှာ ၁၉၉၅ ခုနှစ်ကတည်းက စတင်ခဲ့သည်။ ထိုအချိန်မှစ၍ ရှယ်မိသားစုသည် ဦးပိုင်၏ ကျောက်စိမ်းတူးဖော်ရေး ကန်ထရိုက်တာကြီး ဖြစ်လာခဲ့သည်။ ဦးပိုင်၏ နှစ်စဉ်အစီအရင်ခံစာများအရ ၂၀၀၅ ခုနှစ် စစ်တပ်ကုမ္ပဏီပိုင် ကျောက်တွင်းများမှ ရရှိခဲ့ကာ ကျောက်စိမ်းတုံး ၉၈ ရာနှုန်းမှာ ရှယ်မိသားစုက တူးဖော်ပေးခဲ့ကြောင်း သိရသည်။ ၎င်း အစီရင်ခံစာ မှာပင် ရှယ်မိသားစုက ကချင်ပြည်နယ်တပ်မတော်မြောက်ပိုင်းတိုင်းကို ကြီးကြပ် တောင်းထားသည်။

ဦးပိုင်၏ ကျောက်စိမ်းလုပ်ငန်းလက်ခွဲဖြစ်သော မြန်မာအင်ပရီရယ်ဂျိတ်က Globle Witness ကို ပြောကြားရာတွင် ရှယ်မိသားစုနှင့် ၎င်းတို့ အလုပ်မလုပ် တော့တာ ကြာခဲ့ပြီဖြစ်ကြောင်း၊ အလားတူ ဒေါ်ရွှေစင်နှင့် ဦးချောင်တို့ကလည်း ၂၀၁၂ ခုနှစ်ကတည်းက ဦးပိုင်နှင့် လက်တွဲဖြုတ်ခဲ့ကြောင်း ပြောကြားခဲ့ကြသော် လည်း ကျောက်စိမ်းအရောင်းအဝယ်တွင်ကား ယခုအထိ ပူးတွဲနေကြသေးပုံရသည်။

၂၀၁၄ ခုနှစ် မြန်မာ့ကျောက်မျက်ရောင်းချပွဲတွင် ၎င်းတို့ကုမ္ပဏီနှစ် ပေါင်း ရောင်းချငွေပမာဏမှာ ယူရို ၅ သန်းခန့်ရှိကြောင်း ဖော်ပြထားသည်။ တရားဝင်မြေပုံများတွင်လည်း ရှယ်မိသားစုနှင့် မြန်မာ့ကျောက်မျက်လုပ်ငန်း ဖားကန့်ဒေသထဲက ဖက်စပ်လုပ်ငန်းတစ်ခုကို ဖော်ပြထားသည်။ ဦးချောင်ကလည်း ၎င်းတို့ကုမ္ပဏီအနေ နှင့် ကျောက်တူးလိုင်စင်တချို့ ကိုင်ထားကြောင်း ပြောပြခဲ့

ကျွန်ုပ်တို့ Global Witness သို့ပေးစာတွင် ဒေါ်ရွှေစင်က သူသည် ရှယ်မိသားစု၏ တာဝန်ခံဒါရိုက်တာတစ်ယောက်မဟုတ်သလို ကုမ္ပဏီ၏ နေ့စဉ်



www.burmeseclassic.com

www.burmeseclassic.com



ခန့်ခွဲမှုတွေမှာလည်း မပါဝင်ကြောင်း၊ ရှယ်ယာအစုမှာလည်း အနည်းငယ်သာ ပိုင်ဆိုင်ကြောင်း။ ဦးချောင်က ရှယ်မိသားစုထံမှ ယနေ့တိုင် ရရန်ရှိသော အကြွေး များကို ကာကွယ်သောအားဖြင့် ၂၀၀၉ ခုနှစ်တွင် ကုမ္ပဏီမှ ၂၀ ရာခိုင်နှုန်း ဝေစုသာ ရခဲ့ကြောင်း ရေးသားခဲ့သည်။

ဤအချက်သည် ၁၉၉၅ ခုနှစ်အတွင်း စက်ယန္တရားတွေ ဝယ်ယူ၍ ရှယ်မိသားစုလုပ်ငန်းများ တိုးချဲ့မှုနှင့် ငွေကြေးအရ သက်ဆိုင်နေပါသည်။

၁၉၉၅ ခုနှစ်တွင် ရှယ်မိသားစုနှင့် ဦးပိုင်တို့ ပူးတွဲ၍ စပ်တူလုပ်ကိုင်ခဲ့ သော နှစ်ဖြစ်သည်။ Gold Uni နှင့် ပတ်သက်၍ မော်လခင်ရီးယားတွင် သတ္တု တွင်းဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင်နေသော ကျောက်စိမ်းတွင်းလိုင်စင်တစ်ခုကို ကုမ္ပဏီအမည်နှင့် ကိုင်ထားသော်လည်း ကျောက်စိမ်းမှောင်ခိုရောင်းဝယ်မှုနှင့် ပတ်သက်၍ တရုတ်အာဏာပိုင်တွေက စစ်ဆေးစုံစမ်းခဲ့သည်မှာ မဟုတ်ကြောင်း ငြင်းဆိုထားသည်။

သို့ဆိုလျှင် ကိုကာကိုလာ လုပ်ငန်းကြီးကား ဘယ်ရောက်သွားပါသလဲ။ ကျောက်စိမ်းအရောင်းအဝယ်လုပ်ငန်းကို အမေရိကန်အစိုးရက ပိတ်ဆို့တားမြစ် ထားသေသလို ဦးပိုင်ကိုလည်း အလားတူသဘောထားနေဆဲဖြစ်သည်။ သို့ပေမဲ့ ဦးပိုင်ကန်ထရိုက်တာများနှင့်သော်လည်းကောင်း၊ ကျောက်စိမ်းကုမ္ပဏီပိုင်ရှင်များ နှင့်သော်လည်းကောင်း ပူးတွဲထားသော ဖက်စပ်လုပ်ငန်းများကား ကြားလွတ်နေဆဲ ဥပဒေကို တစ်လုံးတစ်ပုဒ်မျှ မချိုးဖောက်ပါဘဲ ရှယ်မိသားစုနှင့် ဦးပိုင်တို့နှင့် ကိုကာကိုလာတို့ သွယ်ဝိုက်ဆက်ဆံမှုတွေ ရှိနေရာ နိုင်ငံတကာကုမ္ပဏီကြီးဖြစ် သော်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုတွေ မရှိသလောက်ဖြစ်နေပါသည်။ ၎င်းတို့ကို ဖိအားပေးရန် နိုင်ငံ တကာအသိုင်းအဝိုင်းတွင် တာဝန်ရှိနေပါသည်။ ကိုကာကိုလာ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး Global Witness နှင့် ဆွေးနွေးခဲ့ပြီးနောက် မြန်မာပြည်လက်ခွဲလုပ်ငန်းမှ ဒါရိုက်တာနှင့် ရှယ်ယာရှင်များ၏ အမည်စာရင်းအင်း များကို ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ် ဖွန်တွင်လည်း ယူအက်သတင်း ကြေညာချက်စည်းကမ်းများနှင့်အညီ တင်သွင်းသော အစီရင်ခံစာတွင် ရှယ်မိသားစု နှင့် ဆက်ဆံရေးကို ဖော်ပြခဲ့ပါသည်။

အခုလို တုံ့ပြန်မှုမှာ ကောင်းသောအလားအလာဖြစ်သော်လည်း အစီရင်ခံ စာ တွင် အရေးကြီးအကြောင်းအရာတွေ ထည့်သွင်းမဖော်ပြခဲ့ပါ။ Coca -



www.burmeseclassic.com

www.burmeseclassic.com



Cola Myanmar Over Seas Hilding Pte . Ltd နှင့် Pinya Manufacturing ကုမ္ပဏီနှစ်ခု၏ အစု ရှယ်ယာရှင်တွေ အမည်စာရင်းကို ဖော်ပြထားသော်လည်း ကုမ္ပဏီများ၏ ပိုင်ရှင်နှင့် ၎င်းတို့ ဆက်စပ်လုပ်ငန်းများအကြောင်း အသေးစိတ်ကိုကား မပါပါ။ ရှယ်မိသားစုသည် ဦးပိုင်နှင့် နှစ်ရှည်လက်တွဲလုပ်လာခဲ့သော ပါတနာဆိုသည်ကိုလည်း ထိမ်ချန်ထားခဲ့ပါသည်။

coca - cola Myanmar နှင့် Pinya ကုမ္ပဏီတို့၏ ပိုင်ရှင်မည်သူမည်ဝါ ဖြစ်ကြောင်း coca - cola ကို ကျွန်ုပ်တို့ စာဖြင့်ဆက်သွယ်မေးမြန်းခဲ့သော်လည်း အဖြေမပေးခဲ့ဘဲ မြန်မာပြည်တွင် လုပ်ကိုင်နေသော ကုမ္ပဏီလုပ်ငန်းများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုတွေရှိခဲ့ကြောင်း တာဝန်ရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ဆက်လက်ဆောင်ရွက်သွားမည့်အကြောင်းသာ ပြန်ကြားခဲ့သည်။

သို့ရာတွင် Global Witness ၏ ပန်ကြားချက်အရ ဒေါ်ရွှေစင်နှင့် တွေ့ဆုံ ဆွေးနွေးဖို့ ကိုကာကိုလာက စီစဉ်ပေးခဲ့သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့က ရှယ်မိသားစုကို အဆိုပြုချက်တစ်ခု တိုက်ရိုက်တင်ပြခဲ့သည်။ အဆိုပြုချက်တွင် စစ်တပ်ပိုင်ကုမ္ပဏီ များအပါအဝင် နိုင်ငံပိုင်ကုမ္ပဏီများနှင့် စီမံခန့်ခွဲထားသည်များ၊ နိုင်ငံတော်သို့ ပေးဆောင်ထားသော အခွန်ငွေများ၊ တူးဖော်ရရှိခဲ့သော ကျောက်စိမ်း ပမာဏ စသည်အားဖြင့် အသေးစိတ် အချက်အလက်တို့ကို EITI စည်းဘောင်များ နှင့်အညီ ထုတ်ပြန်ပေးဖို့ ဖြစ်သည်။ ဒေါ်ရွှေစင်၏ ခင်ပွန်းသည် ရှယ်မိသားစု၏ အဓိကကျူမြီးရှင်ဖြစ်နေသည်က တစ်ကြောင်း၊ သူမ၏ ပိုင်ဆိုင်မှု ၂၀ ရာနှုန်းရှိနေသည် ကတစ်ကြောင်းတို့ကြောင့် ကုမ္ပဏီကို ပွင့်လင်းမြင်သာအောင် ဆောင်ရွက်ဖို့ရာ အတွက် သူမအနေနှင့် ခတ်တင်းတင်း လုပ်နိုင်လိမ့်မည်ဟု ယူဆရပါသည်။ သို့ပေမဲ့ ဤမျှပိုင်ဆိုင်မှုလောက်လေးနှင့် ကုမ္ပဏီလုပ်ငန်းကို သူမအနေနှင့် မလွှမ်းမိုး နိုင်ကြောင်း အလေးအနက် ရေးသားခဲ့ပါသည်။ ဒေါ်ရွှေစင်နှင့် တွေ့ဆုံ ဆွေးနွေးပြီး နောက် ကျွန်ုပ်တို့ဘက်က ပြောနိုင်သည်မှာ ရှယ်မိသားစုအနေနှင့် မှောင်ရိပ်ခိုနေ သော အခြေအနေမှ ထွက်လာပြီး ကျောက်စိမ်းလုပ်ငန်း ပြုပြင်ပြောင်းလဲရေး အပြုသဘောဆောင်သောနေရာက ပါဝင်ဖို့ လိုလိုလားလားမရှိသေးဟု ဆိုရမည် ... လီရှုပ်၍ မှောင်မဲနေသော ကျောက်စိမ်းဘဏ္ဍာနှင့် ပွင့်လင်းသော ကမ္ဘာ့ဆိုင်ရာ ... ဘက်မှုကြားမှ ကွာဟမှုများကား ကြီးမားနေဆဲ ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်တွင် ရေရှည်တည်မြဲ၍ အပြုသဘောဆောင်သော ပြောင်းလဲမှုတွေ ဖြစ်လာဖို့ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့်အတူ ကျွန်ုပ်တို့ Globle Witness က တက်တက်ကြွကြွ ပါဝင်မည်ဟု မျှော်လင့်ရပါကြောင်း ကိုကာကိုလာက ပုတ်ချက်ပေးခဲ့သော်လည်း မိမိကုမ္ပဏီ၏ အခန်းကဏ္ဍကို ဘယ်လိုသဘောထားသလဲ ဆိုတာက အရေးကြီးပါသည်။ ကိုကာကိုလာအနေနှင့် ဆိုးဝါးသော လူထုဆက်ဆံရေး အလားအလာများမှ တာဝန်ရှိသော စီးပွားရေးအလေ့ထများကို ကျင့်သုံးသည့် စံနမူနာအဖြစ် ပြောင်းလိုက်နိုင်သော အခွင့်အရေးတွေ ပေးခဲ့ပြီးပါပြီ။ သို့ပေမဲ့ ၎င်းနှင့် စီးပွားဘက်လုပ်ကိုင်နေသူတစ်ဦး၏ ကျောက်စိမ်းလုပ်ငန်းအတွင်း ပြုပြင်မှုတွေ ဖော်ဆောင်ဖို့ရာအတွက် အကောင်အထည်မြင်ရသော အားထုတ်မှု တစ်ခုမျှ မရှိခဲ့။ တစ်ခါက စိတ်ကူးကို အရာထင်အောင် ဖန်တီးနိုင်ခဲ့သော ကုမ္ပဏီကြီးကား ဘာတွေ မျှော်လင့်နေပါသလဲ။ လက်တွေ့အကောင်အထည်ဖော်ရမည့်ကိစ္စတစ်ခုလုံး မှေးမှိန်ပျောက်သွားမည်ဟု မျှော်လင့်နေပါသလား။

ကိုကာကိုလာ၏ လက်ချောင်းတွေ မီးလောင်ခံလိုက်ရတာ သေချာပါသည်။ သို့ပေမဲ့ ၎င်းအဖြစ်အပျက်သည် ပို၍ နက်ရှိုင်းသော ပြဿနာတစ်ရပ်၏ လက္ခဏာသာ ဖြစ်ပါသည်။ နိုင်ငံတကာကုမ္ပဏီတွေလို လူထုအတွက် အစီရင်ခံစာတွေထုတ်ပြန်ပေးဖို့ ကျွန်ုပ်တို့ Global Witness က ဘာကြောင့်တောင်းဆိုနေသည်ကို ကိုကာကိုလာ၏ အတွေ့အကြုံများက ပြသနေပါသည်။ အလားတူ ၎င်းနှီးနှောပြနိုင်သူမတွေဘက်ကလည်း သူတို့ပိုင်ဆိုင်သော လုပ်ငန်းများနှင့် ဆက်စပ်မှုများ၊ စစ်ဘက်နှင့် နိုင်ငံရေးအဆက်အသွယ်တို့ကို ပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် ပွင့်ပွင့်လင်းလင်း ဖော်ပြသင့်ပါသည်။

**ဖော်ဘိုခန့် (ကျွန်ုပ်တို့၏ CAT နှင့် ခရီးသွားခြင်း)**

မူးယစ်ဆေးဝါးမှောင်ခိုခေါင်းဆောင် ဝေဆူးကျွန်းအပါအဝင် UWSA/UWSP အဖွဲ့များနှင့် ချိတ်ဆက်နေသော ကုမ္ပဏီအသိုက်ကြီးအကြောင်း ကျွန်ုပ်တို့ စုံစမ်းလေ့လာနေသော ဖြစ်စဉ်မှာပင် ၎င်းတို့နှင့် အမေရိကန်စက်ယန္တရားလုပ်ငန်းကြီး တစ်ခုဖြစ်သော Catarpillar Inc နှင့် အဆက်အဆံရှိကြောင်း မထင်မှတ်ဘဲ သိလိုက်ရသည်။

ဖော်ဘိုခန့်ကား မြန်မာတကောင်းကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတကောင်းသည်လည်း ဝေဆူးကျန်၏ ထိမ်းချုပ်မှုအောက်တွင်ရှိသော ကုမ္ပဏီများ၏ ဦးဆောင်ကုမ္ပဏီဟု ယူဆရပါမည်။ 'မြန်ရွှေပြည်'ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်း၏ ဒါရိုက်တာနှင့် အစုရှယ်ယာဝင်မှာလည်း ဇော်တိုခန့်ဖြစ်၍ ၎င်းနှင့်တွဲဖက်ထားသော ကုမ္ပဏီတစ်ခုမှာ မြန်ရွှေပြည်ထရုတ်တာဖြစ်သည်။ မြန်မာပရိုးမိုးယား စက်ယန္တရားကြီးများ ရောင်းဝယ်ရေးဟုလည်း ဖော်ပြတတ်ပြီး အမည်အားဖြင့် MSP CAT ဖြစ်သည်။

'မြန်ရွှေပြည်'၏ ဖောက်သည် ဝန်ဆောင်မှုမန်နေဂျာတစ်ဦးမှာ ဇော်တိုခန့်၏ ညီ ဖြစ်သည်။ ၂၀၁၁ ခုနှစ်မှစ၍ ကမ္ဘာတလွှားမှ စက်ယန္တရားကြီးကုမ္ပဏီများက လုပ်ငန်းလက်ခံ၍ ဆောင်ရွက်ပေးခဲ့ရာ ၎င်းတို့ထဲမှာ Caterpillar Inc လည်း ပါဝင်ခဲ့သည်။ ဤသို့ လုပ်ငန်းလက်ခံဆောင်ရွက်ပေးရာတွင် ကုမ္ပဏီ၏ ကျင့်ဝတ်များနှင့် အညီ လုပ်ကိုင်ပေးခဲ့ကြောင်း Cterpillar က ကျွန်ုပ်တို့ကို အတည်ပြုခဲ့သည်။ ကုမ္ပဏီကျင့်ဝတ်များမှာ လာဘ်ပေးလာဘ်ယူ၊ ကြားပွဲစားလုပ်တာတွေအားဖြင့် ကုမ္ပဏီ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူတွေလည်း ပါသည်။ သို့ရာတွင် စက်ယန္တရားတွေကို ဘယ်နေရာမှာ အသုံးပြုနေသည်ကို ၎င်းတို့အနေနှင့် မသိနိုင်သော်လည်း ဥပဒေနှင့်ညီသော ထုတ်ကုန်တွေအတွက် အသုံးပြုနေသည်ဟု ယူဆရကြောင်း ရှင်းပြခဲ့သည်။ ၎င်းကပင် ထပ်မံ၍ အရောင်းအဝယ်လုပ်ရာတွင်လည်း ပို့ကုန်ထိမ်းချုပ်ရေးဥပဒေများနှင့် အညီ ဆောင်ရွက်ခဲ့ကြောင်း ဇော်တိုခန့်(သို့) မြန်မာတကောင်းကုမ္ပဏီအမည်များမှာ အမေရိကန်က ပိတ်ဆို့ထားသောစာရင်းတွင် မတွေ့ရကြောင်း ရှင်းပြခဲ့သည်။ သို့ရာတွင် Global Witness က ပေးပို့ခဲ့သော သတင်းအချက်အလက်တွေကို Caterpillar က လိုလိုချင်ချင် လက်မခံသဖြင့် စိတ်ပျက်စရာဖြစ်ရသည်။ အထက်တွင် ရှင်းပြခဲ့သလို ယူအက်၏ ပိတ်ဆို့အရေးယူမှုတွေကို ရှောင်ဖို့ရာအတွက် ဝေဆူးကျန်နှင့် အပေါင်း အပါများက ဟန်ပြကုမ္ပဏီအမည်တွေ အမျိုးမျိုးအသုံးပြုနေကြသည်မှာ လုံးဝ ငြင်းလို့မရနိုင်ပါ။ UWSA၊ UWSP အဖွဲ့များနှင့် လျှို့ဝှက်ချိတ်ဆက်ထားသော ကုမ္ပဏီများနှင့် တာဝန်ခံသူတို့၏ အမည်များ ယူအက်၏ စီးပွားရေးပိတ်ဆို့အရေးယူထားသော အမည်စာရင်းတွင် မပါသည်မှာလည်း အကြောင်းပြချက်တစ်ခုဖြစ်နေပါသည်။ သို့ရာတွင် ဇော်တိုခန့်သည် ယခင်က ဝေဆူးကျန်၏ အောင်ပန်းကုမ္ပဏီမန်နေဂျာလုပ်ခဲ့သည်ကို အားလုံး သိထားသဖြင့် တာဝန်ရှိကုမ္ပဏီတခုအနေနှင့် စစ်ဆေးစုံစမ်းမှုတွေလုပ်ဖို့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လုံလောက်သင့်ပါသည်။

ဖားကန့်ကျောက်စိမ်းတွင်းများ တူးဖော်ရာတွင် စက်ကြီးယန္တရားတွေ ထောက်ပံ့နေသော နိုင်ငံတကာကုမ္ပဏီကြီးများအနေနှင့် ဒေသခံပြည်သူတို့၏ နေ့စဉ်ဘဝကို သွယ်ဝိုက်၍ ဒုက္ခပေးနေသည်ကို သတိပြုသင့်ပါသည်။ သူတို့တွေ ဘယ်သူတွေနှင့် ဘယ်လိုလုပ်ငန်းတွေ လုပ်နေကြသည်ကို စက်ယန္တရားထုတ်လုပ်သူတွေဘက်က ပွင့်ပွင့်လင်းလင်း လေ့လာစုံစမ်းသင့်ပါသည်။ ယူအက်စ်၏ အရေးယူပိတ်ဆို့ထားသူများ စာရင်းတစ်ခုထဲကို အားမကိုးဘဲ ဒေသခံပါတနာများနှင့် အပေါင်းအပါများနှင့် ပတ်သက်သော သတင်းအချက်အလက်တို့ကို ကြိုတင်၍ ရှာဖွေသင့်ပါသည်။

မြန်မာပြည်တွင် ရင်းနှီးမြှုပ်နှံဖို့ မျှော်လင့်ထားသော အနောက်ကုမ္ပဏီများအနေနှင့် တစုံတရာ စွန့်စားနေရသည်ကို အမေရိကန်အစိုးရက သိပါသည်။ သို့ဖြစ်၍ ယူအက်စ်ကုမ္ပဏီများအနေနှင့် သူတို့လုပ်ကိုင်နေသော လုပ်ငန်းများ၊ လာဘ်ပေးနေရသော အခြေအနေ၊ လူ့အခွင့်အရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာများနှင့် ပတ်သက်သော သတင်းများကို ထုတ်ပြန်ပေးဖို့လိုပါသည်။ ၎င်းလိုအပ်ချက်များသည် သီးခြားလုပ်ကိုင်နေသော ကုမ္ပဏီများနှင့် လောလောဆယ် မသက်ဆိုင်သေးပါ။ သို့ပေမဲ့ Caterpillar အနေနှင့် ကိုယ်ပိုင်ရှိထားသော စံချိန်စံညွှန်းများနှင့်အညီ အစီရင်ခံစာတစ်စောင် စုပေးနိုင်ပါသလားဟု မေးမြန်းကြည့်သည့်အခါ လောလောဆယ် လုပ်စရာအကြောင်း မရှိသေးကြောင်း တုံ့ပြန်ခဲ့သဖြင့် Caterpillar ကဲ့သို့ ကုမ္ပဏီများအနေနှင့် ပို၍ တာဝန်ရှိသော ချဉ်းကပ်မှုတွေရှိလာစေဖို့ဆိုလျှင် ယူအက်စ်အစိုးရအနေနှင့် အစီရင်ခံဖို့ လိုအပ်ချက်များကို တိုးချဲ့ဖို့လာပါလိမ့်မည်။


ဿဿဿ



www.burmeseclassic.com

www.burmeseclassic.com





ဒေသခံနေအိမ်များကို ဖျက်ဆီးနေသော မြတ်ယမုံလုပ်ကွက်မှ စွန့်ပစ်ရေဆိုးများ



မြတ်ယမုံ ကျောက်တူးဖော်ရေးလုပ်ကွက်
လုံခင်း၊ ကာဒေးကျေးရွာ


www.burmeseclassic.com

www.burmeseclassic.com





Caterpillar Incမှ စက်ယန္တရားကြီးများ




ဦးပိုင်နှင့် ရှယ်ဖယ်မလီကုမ္ပဏီလီမိတက်မှ ဆောက်လုပ်လှူဒါန်းသော တံတား၏ ကမ္ပည်းစာ


www.burmeseclassic.com


www.burmeseclassic.com





မြစ်ယမုံကတူးလိုက်တဲ့ ကျင်းကြီး ယခု ရေကန်ကြီးဖြစ်သွားပြီ





အန္တရာယ်များသော ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းခွင်တစ်ခု

၇



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

## ဘယ်သူတွေ ဆုံးရှုံးနစ်နာနေသလဲ

ကျောက်စိမ်းတူးဖော်ရောင်းဝယ်ရေးလုပ်ငန်းကို စစ်အစိုးရအာဏာပိုင်နှင့် ၎င်း၏ နောက်ပါအသိုင်းအဝိုင်းများက လက်ဝါးကြီးအုပ်သိမ်းယူ၍ အဆမတန် ထုတ်လုပ်လာခဲ့သော ရိုက်ခတ်မှုများကြောင့် ကချင်လူထုအတွက် အကြီးအကျယ် ထိခိုက်နစ်နာမှုတွေ ရှိလာနေသည်။ ကချင်လူထုကား ၎င်းတို့၏ သဘာဝအမွေအနှစ်များကို မြေတိုက်ခံနေရသည်။ ဖားကန့်ဒေသတစ်နေရာတည်းမှာပင် သဘာဝမြေတွေ ပျက်ဆီးနေသဖြင့် ဒေသခံလူထုအတွက် လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကမောက်ကမအခြေအနေတွေနှင့် နေ့စဉ်ကြုံတွေ့လာနေသည်။

နောက်ဆက်တွဲအားဖြင့် ဒေသခံပြည်သူတွေ အကျိုးစီးပွားကို စတေး၍ ရသမျှ အမြတ်တွေသိမ်းယူနေသော ကုမ္ပဏီကြီးတွေ ကျောက်စိမ်းတူးဖော်ခွင့်လိုင်စင် ချပေးခဲ့သော နေပြည်တော်အာဏာပိုင်များကိုပါ လူထုတွေက ဒေါသထွက်လာကြသည်။

တဘက်ကလည်း ကချင်ပြည်နယ်လက်နက်ကိုင်ပဋိပက္ခနောက်ခံအခင်းအကျင်းတွင် မြန်မာအစိုးရကို ဆန့်ကျင်နေသော ခေါင်းမာအုပ်စုတွေအတွက် မထောက်ခံမဲ ဖြစ်လာခဲ့သည်။

တချိန်တည်းမှာပင် ပြောင်းလဲဖို့ရာအတွက် ငြိမ်းချမ်းသော နည်းတွေ အသုံးပြုနေသူတွေလည်း ရှိပါသည်။ ပြီးခဲ့သောနှစ်က ဖားကန့်ဒေသခံပြည်သူ ၂၀၀၀ နီးပါးက သမ္မတကြီး ဦးသိန်းစိန်ထံ စာရေး၍ တိုင်ကြားခဲ့ရာ ကျောက်စိမ်း ... ပွားရေးမှာ ဒေသခံလူထုကို ဖယ်ထုတ်လာတာတွေ၊ လိုင်စင်ရကုမ္ပဏီတွေ ... ည်းမဲ့ကမ်းမဲ့ တရားလက်လွတ်တူးချင်သလိုတူးနေကြတာတွေကို ရေးသားတိုင်ကြား ... ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင်လည်း ကုမ္ပဏီတစ်ခုမှ အလုပ်သမားတစ်ဦးက ဒေသခံကျောက်တူးသမားတစ်ယောက်ကို သတ်လိုက်သည့်အတွက် လူထု ၂၀၀၀ ကျော် လမ်းပေါ်ထွက်ကန့်ကွက်ခဲ့ကြသည်။ သို့ဖြစ်၍ ဒေသခံပြည်သူတွေ တင်ပြလာ သော ပြဿနာများကို ကိုင်တွယ်ဖြေရှင်းဖို့ရာမှာ အစိုးရ၏ အလုပ်ပင် ဖြစ်သည်။

၂၀၁၄ ခုနှစ်၊ အောက်တိုဘာတွင် ဖားကန့်ကျောက်စိမ်းဒေသနေ ပြည်သူ ၄၉၂၃ ယောက်က သမ္မတ ဦးသိန်းစိန်ထံ စာရေး၍ ကျောက်စိမ်းတူးဖော်နေသော ကုမ္ပဏီများ တရားလက်လွတ် လုပ်ကိုင်နေတာတွေကို ရပ်တန့်ဖို့ တောင်းဆိုခဲ့ကြသည်။ ပေးပို့သောစာတွင် ကုမ္ပဏီလုပ်ငန်းများကြောင့် ပျက်ဆီးသွားသော ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာဆိုးကျိုးတွေကို ယခုလို ဖော်ပြခဲ့သည်။

'ဖားကန့်ဒေသတွင် ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းများသာမက ငွေရှင်တချို့ကိုလည်း လုပ်ကွက်ပါမစ်တွေ ချပေးထားပါသည်။ ဒေသခံ တိုင်းရင်းသားအုပ်စု တွေကိုတော့ လုံးဝချမပေးပါ။ အချို့ကုမ္ပဏီများမှာ တိုင်းရင်းသားအဖွဲ့တွေနှင့် ပူးပေါင်းထားသည်ဆိုသော်လည်း အမည်မျှသာ ဖြစ်ပြီး လက်တွေ့တွင်မူ ကုမ္ပဏီများ ကို နိုင်ငံခြားသား၊ အထူးသဖြင့် တရုတ်တွေက ချုပ်ကိုင်ထားပါသည်'။

ကျောက်စိမ်းတူးဖော်ရာတွင် တောင်နှင့် တောင်တန်းတွေကို ဒိုင်းနမိုင်းနှင့် ဖြိုခွဲနေသည်ကို ခွင့်ပြုထားသည်။ ရေရှည်ကို မကြည့်ဘဲ အမြတ်ရလျှင်ပြီးရော သဘောနှင့် လုပ်ချင်သလိုလုပ်ကိုင်နေကြသဖြင့် ဒေသခံတို့၏ ကျန်းမာရေးထိခိုက်မှု တွေဖြစ်လာပြီး ရောဂါဘယနှင့် သေကြေပျက်ဆီးမှုတွေ များလာပါသည်။

ကုမ္ပဏီများက ရောမစက်ယန္တရားကြီးတွေ သုံးနေသဖြင့် လမ်းတွေပေါ်မှ ပြည့်ကျပ်နေပြီး ယဉ်တိုက်မှုတွေ မကြာခဏ ဖြစ်နေပါသည်။ စက်ယန္တရားကြီးများဖြင့် အဆမတန်တူးဖော်နေသဖြင့် သစ်တော၊ ရွှေကြောနှင့် ကျောက်မျက်ရတနာ စသဖြင့် အဖိုးတန်အရင်းအမြစ်တွေ တဖြည်းဖြည်း ပျောက်ကွယ်နေသော်လည်း ပြည်သူများက အကျိုးအမြတ် တစ်ခုမျှ မခံစားကြရပါ။

ဒိုင်းနမိုင်းနှင့် ဖြိုခွဲနေကြသဖြင့် လေထုညစ်ညမ်းမှုတွေ ဖြစ်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



*ကျန်းမာရေး ထိခိုက်နစ်နာမှုတွေသာ ခံစားနေကြရပါသည်။*

*ငှင်းကုမ္ပဏီများကို လုပ်ပိုင်ခွင့်ပေးလိုက်ခြင်းသည် ဒေသခံများ၏ အကျိုးစီးပွားသာမက ဒေသတွင်းက အဖိုးတန်ကျောက်စိမ်းများကိုပါ အလျင်အမြန် ဆုံးရှုံးပျက်စီးစေမည်ဖြစ်၍ လာမည့်မျိုးဆက်သစ်တွေကိုပါ ရိုက်ခတ်လာမည်ဖြစ် ပါသည်။*

*သို့ဖြစ်၍လည်း ကျောက်စိမ်းစီးပွားရေးသမားတစ်ယောက်က ယခုလို ပြောခဲ့ ခြင်းဖြစ်သည်။ 'အပင်ကတော့ ငါတို့ပန်းခြံထဲမှာပါ၊ ဒါပေမဲ့ ငါတို့မှာ အသီးစားခွင့်မရှိဘူး'*

**ဒိုးယူခံနေရသောကချင်အမွေအနှစ်**

ကချင်လူမျိုးတစ်ယောက်နှင့် ကျောက်စိမ်းအကြောင်း ဆွေးနွေးမိသည့်အခါတိုင်း တချိန်က ကြွယ်ဝလှသော ဖားကန့်မှ သဘာဝအရင်းအမြစ်တွေကို ကချင်မိသားစုတွေ ပိုင်ဆိုင်ခဲ့သော အတိတ်ကာလတွေဆီ မဖြစ်မနေစကားလမ်းကြောင်း ပြောင်းသွားတတ်ပါသည်။

ထိုစဉ်က အသက်မွေးဝမ်းကျောင်းခဲ့ရသော ကချင်ဒေသခံ မိသားစုတွေ ဘဝလှပခဲ့ကြသည်။ ကျောက်စိမ်းစီးပွားရေးလုပ်ငန်းကို တပိုင်တနိုင် လုပ်ကိုင်စားသောက်ရင်း အေးအေးလူလူ အသက်မွေးခဲ့ကြသည်။ ပတ်ဝန်းကျင်ရေမြေတောတောင် သဘာဝတရားကိုလည်း မထိခိုက် မဖျက်ဆီးခဲ့ကြ၊ သို့ပေမဲ့ ၉၀ လွန်အစောပိုင်းနှစ်များမှစ၍ ကျောက်စိမ်းလုပ်ငန်းအားလုံး စစ်အစိုးရလက်ထဲ ရောက်သွားခါမှ ဒေသခံတွေအတွက် ကုန်းကောက်စရာ မရှိလောက်အောင် အဘက်ဘက်က ပျက်စီးကုန်တော့သည်။ စစ်ဗိုလ်ချုပ်ကြီးတချို့ အကာအကွယ်ပေးထားသော လိုင်စင်ရကုမ္ပဏီတွေ ရောက်လာပြီး စက်ကြီးယန္တရားတွေနှင့် ဖားကန့်ကို မြေလှန်၍ ကျောက်စိမ်းရှာကြလေရာ ခရစ်ယန်ဘာသာရေးခေါင်းဆောင်တစ်ဦးက ယခုလို ညည်းညူခဲ့ပါ၏။

*'ဒေသခံတွေအားလုံး အသံတိတ်နေရတယ်၊ အစိုးရနဲ့ အပစ်ရပ်သဘောတူစာချုပ်ရေးထိုးပြီးနောက် စစ်အစိုးရနဲ့ လက်ဝါးရိုက်ထားတဲ့ ကုမ္ပဏီတွေ ရောက်လာတယ်၊ ဒါပေမဲ့ ဒေသခံတွေရဲ့ အခွင့်အရေးတွေကို သူတို့ဘက်က လေးစားမှုမရှိ မသိဘူး၊ သူတို့ လုပ်ချင်တာ လုပ်နေကြတယ်'*။



www.burmeseclassic.com

www.burmeseclassic.com



ကချင်ကုမ္ပဏီအချို့ ကျောက်စိမ်းတူးခွင့်လိုင်စင်ရထားပေမယ့် ငွေနှ အာဏာ ရှိသော ကုမ္ပဏီကြီးတွေနှင့် မဆန့်မပြဲပြိုင်နေရသဖြင့် အလုပ်မဖြစ်ကြောင်း ကျောက်စိမ်းကုန်သည်ဟောင်းတစ်ယောက်က ပြောပြသည်။ ကချင်ဒေသခံ ကျောက် တူးသမားတွေ အားလုံးကိုယ့်မြေပေါ်မှာ အလုပ်သမားတွေဖြစ်လာခဲ့ပေမယ့် လိုင်စင်ရ ကုမ္ပဏီတော်တော်များများက အခြားပြည်နယ်နှင့် တိုင်းကအလုပ်သမားတွေကိုသာ ငှားရမ်းလိုကြသဖြင့် ကချင်ဒေသခံကျောက်တူးသမားတွေခမျာ ကိုယ့်ဒေသမှာ အလုပ်တွေ ရှိပါလျက် အလုပ်လက်မဲ့လာကြသဖြင့် မွေးရပ်ကို စွန့်၍ အလုပ်ထွက် ရှာကြရသည်။

ကျောက်စိမ်းများကို သယ်ယူပို့ဆောင်သော လမ်းကြောင်းများ ဖြတ် တောက်ခြင်းနှင့် အရည်တင်ခြင်း စသဖြင့် လုပ်ငန်းများတွင် လိုက်နာရမည့် အစိုးရစည်းမျဉ်း စည်းကမ်းများမှာ တင်းကျပ်လှသည်။ ကချင်ပြည်နယ်ထဲတွင် သာမန်ပြည်သူတစ်ဦး၏ လက်ထဲတွင် အဖိုးတန်ကျောက်စိမ်းတစ်တုံး ပိုင်ဆိုင်ရုံမျှ ရာဇဝတ်မှုမြောက်နိုင်ရာ ဤအချက်ကပင် 'ကချင်ပြည်သူတွေချမ်းသာမှာ အစိုးရက မလိုလားဘူး၊ ဒါကြောင့် ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်ပြီး ကချင်တွေကို ခွဲခြားဆက်ဆံနေတာပေါ့'ဆိုသော အတွေးတွေ ဖြစ်လာစေခဲ့သည်။ ၂၀၁၄ ခုနှစ် ဇွန်လတွင် ဒေသခံကျောက်စိမ်း အရောင်းအဝယ်သမားများက ပြင်းပြင်းထန်ထန် ကန့်ကွက်ပြီးနောက် မြစ်ကြီးနားတွင် ကျောက်စိမ်းနှင့် ပယင်းအရောင်းအဝယ် ဈေးကွက်တစ်ကွက် ဖွင့်ပေးခဲ့သည်။ သို့ပေမဲ့ ဈေးကွက်မှာ တန်ဖိုးနည်း၊ အရည် အသွေးနိမ့်ကျောက်များကိုသာ ရောင်းချခွင့်ရှိပြီး ကချင်ပြည်နယ်အတွင်း အဖိုးတန် ကျောက်များ ရောင်းဝယ်ခြင်း၊ သယ်ဆောင်ခြင်းကိစ္စများကမူ ဥပဒေမဲ့လုပ်ငန်း အဖြစ် ဆက်လက်ရှိနေပါသေးသည်။

နောက်ထပ်မေးစရာမေးခွန်းက ကျောက်စိမ်းလုပ်ငန်းအသီးသီးက တော ပုံရာပုံရနေသော အမြတ်ငွေတွေ ဘယ်ရောက်သွားသလဲ၊ ကချင်ဒေသအတွက် ဝေစုတွေ ဘယ်ရောက်သွားသလဲ။ ပြီးခဲ့သော ဆယ်စုတစ်စုကျော်ကာလ အတွင်း လိုင်စင်ရကုမ္ပဏီကြီးများက စက်ယန္တရားကြီးတွေနှင့် တရားလက်လွတ် တူးဖော် ခဲ့သဖြင့် ဒေသခံတွေရင်ထဲက နာကျည်းမုန်းတီးမှုတွေ ပိုပြင်းထန်လာသလို 'ကျောက် စိမ်းတောင်ကြီးတွေ တစ်တောင်ပြီးတစ်တောင် မျက်စိရှေ့က ပျောက်သွားသည် ကချင်ပြည်အနာဂတ်မျိုးဆက်တွေအတွက် ဘာမျှကျန်မှာ မဟုတ်တော့ဘူး'ဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



ဗိုးရိမ်စိတ်တွေ မြင့်တက်လာနေသည်။ ဒေသခံခေါင်းဆောင်တစ်ဦးကလည်း သူ့အမြင်ကို ယခုလို ပြောသွားသည်။

'ကျောက်စိမ်းလုပ်ငန်းမှာ ပွင့်လင်းမြင်သာမှု လုံးဝမရှိပါဘူး။ ကျောက်စိမ်းကိစ္စ၊ သဘာဝအရင်းအမြစ်တွေ ခွဲဝေသုံးစွဲရမယ့်ကိစ္စ ဒါတွေကို ဆွေးနွေးတာ တစ်ခုမှမရှိဘူး။ အရင်ဆုံး ပွင့်လင်းမြင်သာမှု လိုအပ်ပါတယ်။ ဒါမှ ကချင်ပြည်နယ်နဲ့ ဗဟိုအစိုးရကြားမှာ ယုံကြည်မှုရပါလိမ့်မည်'။

**ဖားကန့်ဒေသတွင်းလူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်ဆီးမှုများ**

အုပ်ချုပ်ရေးအစွန်အဖျားဒေသမှ ကြီးမားကျယ်ပြန့်သော သဘာဝဥစ္စာဓနတို့ကို စစ်အုပ်ချုပ်ရေးပုံစံ သွင်းလိုက်ခြင်းသည် မြန်မာအစိုးရအတွက် နိုင်ငံရေးအဖြေတစ်ခု ဖြစ်သော်လည်း ဖားကန့်ဒေသကား ကြမ္မာဆိုးတွေနှင့် ကြုံတွေ့နေခဲ့ရပါ၏။ အဆိုပါဒေသကား ပိုက်ဆံနှင့် သေနတ်ရှိသူတွေ လုပ်သမျှ တရားဥပဒေဖြစ်နေသဖြင့် ဒေသပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုတွေ တိမ်ကောလာနေရာ ယင်း၏ သက်ရောက်မှုများကား ဒေသခံပြည်သူတွေအတွက် ဒုက္ခဆိုးကပ်ဆိုးကြီးတစ်ခုလို ဖြစ်လာနေသည်။

ရှမ်းအမျိုးသား အသေးစားကျောက်စိမ်းလုပ်ငန်းရှင်တစ်ယောက်က ယခင်က သူမြင်တွေ့ခဲ့ရသော ဖားကန့်ဒေသအကြောင်းကို ယခုလို ပြောပြခဲ့သည်။

'ဖားကန့်ကို လွန်ခဲ့တဲ့ နှစ် ၄၀ လောက်က ရောက်လာခဲ့တာပါ။ အဲ့ဒီတုန်းက ဘယ်နေရာကြည့်ကြည့် တောအုပ်တွေ အထပ်ထပ်နဲ့ တောနက်ကြီးလိုပါပဲ။ အခုတော့ သဘာဝပတ်ဝန်းကျင်တွေ ပြောင်းသွားပြီ။ အရင်က မြစ်ရေတွေဟာ ကြည်တောက်နေတာပဲ။ ကျားတွေတောင် ရှိတယ်။ အဲ့ဒီအချိန်က 'မဆလ'ခေတ်ပေါ့။ ကျောက်စိမ်းတူးဖို့ဆိုတာ တော်တော်တန်တန် မလွယ်တဲ့ အလုပ်ပါ။ အခုတော့ မြစ်ရေတွေ ခမ်းသွားပြီ၊ သစ်တောတွေ ပြောင်သွားပြီ၊ ကျားတွေလည်း မရှိတော့ဘူး။ မျက်စိရှေ့မှာပဲ ကျောက်စိမ်းတောင်တွေ တစ်တောင်ပြီး တစ်တောင် ပျောက်သွားပြီ။ သစ်ကြီးဝါးကြီးတွေ မရှိတော့တာကြောင့် ငှက်များလည်း မရှိတော့ဘူး'။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်တူးသမားဟောင်းတစ်ဦးကလည်း ပြောင်းလဲသွားသော မြင်ကွင်းတွေကို ရှင်းပြခဲ့သည်။

'ကျောက်စိမ်းတွင်းတွေမှာ ကျနော်အလုပ်လုပ်တုန်းက ဥရုမြစ်ရေဟာ ကြည်လင်နေတာ သောက်လို့ရတယ်။ အခု မရတော့ဘူး။ ဥရုမြစ်ထဲကို စီးဝင်တဲ့ ချောင်းလက်တက်တွေကလည်း ရေခမ်းကုန်ပြီ၊ မိုးတွင်းပဲ ရေရှိတယ်။ ဒါတွေဖြစ်တာ ကျောက်တွင်းတွေကထွက်တဲ့ မြေစာတွေ စည်းမဲ့ကမ်းမဲ့ စွန့်ပစ်လို့ပဲ၊ မြေစာတွေက အကုတ်ပိတ်ဆို့ကုန်တယ်။ အရင်တုန်းက သစ်တောမြေဧရိယာအားလုံးကို ကေအိုင်အိုက ထိမ်းချုပ်ထားပေမဲ့ အခု သစ်တောတွေ မရှိတော့ဘူး။ တောင်တွေက ချိုင့်ဝှမ်းတွေ ဖြစ်၊ ချိုင့်ဝှမ်းတွေက တောင်တွေဖြစ်ကုန်ပြီ'။

ကျောက်စိမ်းတောင်တွေကို ဒိုင်းနမိုင်းတွေနှင့် ခွဲ၊ စက်ယန္တရားကြီးတွေနှင့် မတန်မဆ တူးဖော်နေကြသဖြင့် ဒေသတခွင်လုံး ချိုင့်ကြီးတွေခွက်ကြီးတွေ ဖြစ်ကျန်ခဲ့ပြီး တချို့နေရာတွေမှာ ရေတွေ ပြည့်လျှံနေကာ ပတ်ဝန်းကျင်ညစ်ညမ်းမှုတွေ ဖြစ်လာသည်။ ပြီးခဲ့သည့် လများအတွင်း ကုမ္ပဏီများက မြေစာတွေကို စည်းမဲ့ကမ်းမဲ့ စွန့်ပစ်ခဲ့ကြသဖြင့် မြေစာပုံတွေ ပြိုပြီး အလုပ်သမားတွေ အသက်ဆုံးရှုံးခဲ့သော အလုပ်ခွင်ထိခိုက်မှုတွေ ဖြစ်ခဲ့သည်။ မော်ဇီစာကျောက်တွင်းအနီး ကျေးရွာတစ်ရွာတွင်နေသော ၂၈ နှစ်အရွယ် ကျောင်းဆရာတစ်ယောက်က သူ့နေအိမ်ပေါ် စွန့်ပစ်မြေစာတွေ ပြိုကျခဲ့ရာ ကံကောင်း၍ အသက်ဘေးက လွတ် မြောက်ခဲ့ပုံကို ပြောပြခဲ့သည်။ သို့ပေမဲ့ သူစာသင်နေသောကျောင်းမှာ ကျောက်တွင်း ဧရိယာနှင့် ကပ်နေသဖြင့် အလွန်အန္တရာယ်ကြီး၍ စိုးရိမ်ကြောင်း ပြောသွားသည်။

၂၀၁၅ ခုနှစ် ဧပြီလထဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အထွေထွေအတွင်းရေးမှူးဟောင်း ဦးမောင်မောင်သိမ်းပိုင် မြေယံကုမ္ပဏီက လုပ်ကိုင်နေသော ကာဒေး (၂) ကျောက်တွင်းတွင် အလုပ်ခွင်မတော်မတဖြစ်၍ သေဆုံး ဒဏ်ရာရသူတွေ ရှိခဲ့သည်။ ကျွန်ုပ်တို့ကြည့်ရသော အလုပ်နှင့် ဗီဒီယိုမှတ်တမ်းတွေ ရောမချိုင့်ခွက်ကြီး၏ နှုတ်ခမ်းစွန်းပေါ်မှ ရွှံ့ရေတွေ ဒလဟောစီးကျနေပြီး ဤနေရာမှာပင် စက်ယန္တရားတွေနှင့် အလုပ်သမားတွေ အုံခဲပြီး အလုပ်, လုပ်နေကြသည်။

ဒေသခံများ၏ ပြောစကားအရ အဆိုပါအလုပ်ခွင် မတော်မတဖြစ်မှုတွင် အလုပ်သမား ၁၁ ဦး သေဆုံးကြောင်း ကုမ္ပဏီက သတင်းထုတ်ပြန်ခဲ့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



တကယ့်လက်တွေ့မှာ သေဆုံးသူအရေအတွက် ၃၀ နှင့် ၆၀ ကြားရှိသည်ဟု ဆိုကြသည်။ ကျောက်တွင်းတွေပေါ်က ရွှံ့ရေတွေပေါ်မှာ မြေစာတွေပုံထားသဖြင့် အခြေအနေပို၍ ဆိုးဝါးသွားရသည်ဟုလည်း ဝေဖန်ခဲ့ကြသည်။ သို့ရာတွင် ကျွန်ုပ်တို့ Global Witness အဖွဲ့က လေ့လာစုံစမ်းသလောက် အဆိုပါအဖြစ်အပျက်နှင့် ဆက်စပ်၍ တာဝန်ရှိသော ကုမ္ပဏီကို ဥပဒေအရ အရေးယူတာမျိုးတွေ လုံးဝ မရှိခဲ့ကြောင်း သိရသည်။

အမှန်အားဖြင့် လက်လွတ်စပယ် လုပ်ကိုင်သဖြင့် မြေပြိုမှုများဖြစ်၍ အလုပ်သမားတွေ ထိခိုက်သေဆုံးခဲ့ရသည်မဟုတ်ပါ။ KDNG ၏ မှတ်တမ်းများအရ လိုင်စင်ရကုမ္ပဏီများက ဖားကန့်သို့ တင်သွင်းလာသော စက်တပ်ယာဉ်ကြီးတွေကြောင့်လည်း ထိခိုက်သေဆုံးမှုတချို့ဖြစ်ခဲ့ကြောင်း သိရသည်။ ဆိုခဲ့သလို ဖြစ်ရပ်များထဲတွင် စွန့်ပစ်မြေစာတွေ သယ်နေသော ထရပ်ကားကြီးတစီးက မြစ်ကမ်းတွင် ရေချိုးအဝတ်လျှော်နေသူတွေကို ဝင်တိုက်သဖြင့် အသက် ၂၂ နှင့် ၁၃ နှစ်အရွယ် မိန်းခလေး ၂ ယောက် သေဆုံးခဲ့ရသည်။

နောက်ထပ် အဖြစ်အပျက်တစ်ခုမှာ မြေကြီးသယ်နေသော ထရပ်ကားကစ်စီးက ခရီးသည်တင်ယဉ်ငယ်လေးကို ဝင်တိုက်သဖြင့် ခရီးသည်တစ်ယောက်မှာ ကားထဲက စင်ကျသွားပြီး နောက်က ကပ်ပါလာသော ထရပ်ကားတစ်စီးအောက် ရောက်သွားကာ ပွဲချင်းပြီး သေဆုံးခဲ့ရသည်။ မြေစာသယ် ထရပ်ကားကြီးများကြောင့် မသေမပျောက်သော်လည်း ဒဏ်ရာရခဲ့သော အဖြစ်အပျက်တွေ မနည်းမနော ရှိခဲ့သည်။

ဒေသခံပြည်သူတွေ တင်ပြလာသော ပြဿနာတစ်ခုမှာ ကုမ္ပဏီတွေက ဖောက်ခွဲရေးပစ္စည်းတွေ အသုံးပြုပြီး တောင်တွေကို ဖြိုနေသဖြင့် သူတို့နေအိမ်တွေကို မဖြစ်မနေ ပြောင်းပေးနေရတာပဲဖြစ်သည်။ ပေါက်ကွဲသံတွေကြောင့် အိပ်မွေ့ကြက် မတွေသည်ပင် ဥမဥတော့ဟု ဆိုသည်။ ဖားကန့်ဒေသတခွင်လုံးက သစ်တောတွေကို အပြောင်ရှင်းနေသဖြင့် မိုးခေါင်ပြီး ရာသီဥတုက ပို၍ ခြောက်သွေ့ပူပြင်း လာမနေသည်။

ဖားကန့်ဒေသတွင် အစိုးရလိုင်စင်ရကုမ္ပဏီကြီးများက စက်ယန္တရားကြီးများနှင့် စည်းလွတ်ဝါးလွတ် လုပ်ကိုင်ခဲ့ရာမှ နောက်ဆက်တွဲအားဖြင့် မြေယာဆုံးရှုံးမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် အစဉ်အလာလုပ်ကိုင်ခဲ့သော ဒေသခံတို့၏



www.burmeseclassic.com

www.burmeseclassic.com



လယ်ယာလုပ်ငန်းနှင့် တစ်နိုင်တစ်ပိုင် ကျောက်တူးလုပ်ငန်းတွေ ထိခိုက်ပျက်စီး နေသည်။

မော်ဖီစာငရီယာအနီးတွင် နေထိုင်ခဲ့သော ကလေး ၃ ယောက် မိခင် တစ်ဦးက ကြိုင်အင်တာနေရှင်နယ်ကုမ္ပဏီ၏ လုပ်ငန်းများကြောင့် သူတို့ မိသားစု ဘဝတွေ ကမောက်ကမဖြစ်ခဲ့ရပုံကို ပြောပြခဲ့သည်။

၂၀၀၅ ခုနှစ်အထိ အသေးစားကျောက်လေးတွေ အရောင်းအဝယ် လုပ်ပြီး ကျမတို့မိသားစုဘဝ ရပ်တည် နိုင်ပါသေးတယ်။ ကုမ္ပဏီတွေ ရောက်လာတဲ့အခါ ကျမတို့ကို ကျပ် ၁၀ သိန်းပေးပြီး အိမ်နေရာ ဖယ်ပေးရမယ်လို့ ပြောပါတယ်။ သူတို့ပေးတဲ့ငွေကို ကျမ မယူချင်ပါဘူး။ ဒါပေမဲ့ မရပါဘူး။ နောက်တစ်နေ့မှာပဲ မြေကော်တဲ့ စက်ကြီးတွေ ရောက်လာပြီး ကျမအိမ်ကို ထိုးကော်သွားပါတယ်။ တစ်ချိန်ကလည်း မိုးတွင်းကြီးဆိုတော့ ကျမတို့မှာ အမိုးအကာ မရှိပါဘူး။ အခြား အိမ်ထောင်စုတွေလည်း ကျမတို့လို ကြုံနေကြရပါတယ်။ ဒီလိုနဲ့ ၂၀၁၂ ခုနှစ် ရောက်တော့ သူတို့လုပ်ငန်းတွေ ခဏရပ်သွားပါတယ်။ ဒါကြောင့် ကျောက်တူးသမားတွေက ကုမ္ပဏီတွေ ရထားတဲ့ လုပ်ကွက်ထဲမှာ ကျောက်တူးကြတော့ ကျမတို့လည်း ကျောက်အရောင်းအဝယ်လုပ်ဖို့ အခွင့်အရေးတစ်ခါရပြန်ပါတယ်။ ဒါပေမဲ့ မကြာပါဘူး။ ၂၀၁၄ ခုနှစ်မှာ သူတို့လုပ်ငန်းတွေ ပြန်စတော့ ကျောက်တူးသမားတွေကို ရဲတွေက 'လိုက်ဖမ်းကြတယ်။ ကျမတို့ အရောင်းအဝယ်လုပ်ငန်းလည်း ဒီမှာတင် ပျက်သွားပါတယ်'။

ကျောက်တူးသမားတွေကြားမှာ မူးယစ်ဆေးဝါးသုံးစွဲတာတွေလည်း တဖြည်းဖြည်းများလာနေသည်။ အလားတူ ကျောက်အောင်ခြင်းနှင့်အတူ ပြည့်တန် ဆာလုပ်ငန်းနှင့် လောင်းကစားတွေလည်း မှိုလိုပေါက်လာနေပါသည်။ သို့ပေမဲ့ ဒီကိစ္စတွေကို အာဏာပိုင်တွေက မသိကျိုးနွံပြုနေတာလား။ ပူးပေါင်းကြံစည်နေတာ လားမသိ။ ကုမ္ပဏီတွေက ပေးနေသော အန္တရာယ်တွေကို ဒေသခံတွေက သူတို့ ဘာသာသူတို့ တာဝန်ယူဖြေရှင်းနေရသည်။ ဥပမာ ဘုရားကျောင်းက ဦးစီး၍ ဖွဲ့ထားသော မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကော်မတီက ဖားကန့်ဒေသတွင် ပင်မ မူးယစ်ဆေးဝါးရောင်းဝယ်သူတစ်ဦးကို ၂၀၁၅ ခုနှစ် ဇွန်လတွင် ဖော်ထုတ်နိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါဖမ်းဆီးမှုတွင် အမေရိကန်ဒေါ်လာ ၃ သန်းနှင့် တန်ဖိုးညီသော မူးယစ်ဆေးဝါးတွေနှင့်အတူ ရဲတပ်ဖွဲ့၊ SB နှင့် ဒေသခံအရာရှိတွေကို ဒေါ်လာ ၅ သိန်းနီးပါး လာဘ်ပေးထားသော အထောက်အထားတွေကိုပါ သိမ်းဆည်းမိပါသည်။ ဒေသခံပြည်သူတွေက တာဝန်သိစိတ်နှင့် ယခုလို တက်တက်ကြွကြွ လုပ်ကိုင်နေပါသည်။ သို့ပေမဲ့ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဝန်းကျင်တို့ကို ထိခိုက်ပျက်စီးမှုနည်းပါးပြီး အကျိုးဖြစ်ထွန်းစေမည့် ကျောက်စိမ်းလုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးများကိုကား အာဏာပိုင်တွေက ယခုတိုင် အရေးတယူ မရှိသေးပါ။

**လောပန်းလောင်းတွေလား**

'ဟိုတွင်းမရရင် ဒီတွင်း ကံကောင်းရင် ကျောက်စိမ်းတုံးကြီးတစ်တုံးရလိမ့်မယ်'။ မျှော်လင့်ချက်နှင့် ကချင်ပြည်ကို ရောက်လာကြပြီး ကျောက်တူးသူတွေ ထောင်သောင်းမက ရှိကြသည်။ လွန်ခဲ့သော အနှစ် ၂၀ က ဖားကန့်ကို ရောက်လာပြီး ယခုအသက် ၄၁ နှစ်ရှိသူ ကျောက်တူးသမားတစ်ဦးက သူ့အကြောင်းကို ပြောပြခဲ့သည်။ ကျောက်စိမ်းတူးဖော်ခွင့်လိုင်စင်ရဖို့ သူ့မှာ အဆက်အသွယ် အကာမ်းအလှမ်း လုံးဝ မရှိသဖြင့် 'ရေမဆေး'ကျောက်ကောက်သူဖြစ်လာသည်။ ကုမ္ပဏီတွေက စွန့်ပစ်လိုက်သော မြေစာတွေထဲမှာ မွှေနှောက်ပြီး ကျောက်စိမ်းရှာသူကို ဆိုလိုသည်။ ၂၀၁၂/၂၀၁၄ နှစ်များအတွင်း လိုင်စင်ရကုမ္ပဏီတွေ ဖားကန့်မှ ခေတ္တဆုတ်ခွာသွားချိန်တွင် လုပ်ကွက်ဧရိယာထဲဝင်ပြီး ရှာနိုင်ခဲ့သည်။ မော်စီဇာ ထဲက ချောက်ကမ်းပါးတွေပေါ်မှာ အန္တရာယ်များသော်လည်း ကျောက်ကောင်းတွေ ရနိုင်သည်။

ဤမှာပင် ကျပ်သိန်း ၅၀ နှင့် ၆၀ တန် ကျောက်စိမ်းတုံးလေး ၂ တုံး ရခဲ့ပေမဲ့ သူ့မှာ အဖတ်မတင်၊ မူးယစ်ဆေးဝါးစွဲလာသဖြင့် ငွေမစုမိ၊ ရလိုက်ကုန်လိုက်နှင့် သံသရာလည်နေခဲ့သည်။ နောက်ဆုံး မတတ်သာ၍ အိမ်ပြန်ပြီး ၁ နှစ်ကြီး ဝတ်နေခဲ့သည်။ သို့ပေမဲ့ တစ်နေ့ 'လော်ပန်'ဖြစ်ရမည်ဆိုသော မျှော်လင့်ချက် သူ့မှာ ရှိနေသေးသည်။ ဒီတခါ သိန်းတစ်ရာတန်ကျောက် တွေ့ခဲ့ရင်တော့ တစ်ရှိ တည်း အိမ်ပြန်ပြေးတော့မယ်လို့လည်း သူဆုံးဖြတ်ထားသည်။

သူ့ဘဝသူ့အခြေအနေသည် ဖားကန့်တွင်တွေ့နေရသော ကျောက်တူး သမားတစ်ယောက်၏ ယေဘုယျဘဝပုံစံဖြစ်သည်။ တော်တော်များများ သူ့ပုံကြီးတွေ့



www.burmeseclassic.com

www.burmeseclassic.com



နေကြရသည်။ တရားဝင်ကျောက်တူးလိုင်စင် မရှိသဖြင့် အဖမ်းခံရမည့် ဘေးနှင့် နေ့စဉ် ရင်ဆိုင်ရင်း ရှာဖွေနေရသည်။ ဖမ်းပြီဆိုရင်လည်း ပြေးလို့ လွတ်ရင်လွတ်၊ မလွတ်ရင် ရဲကို ငွေပေးရသည်။ ကုမ္ပဏီပိုင်ဧရိယာထဲ တရားမဝင်ဝင်ရောက် ကျောက်ရှာသည်ဆိုလျှင်တော့ အပြစ်ပိုကြီးနိုင်ပါသည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာတွင် ဖြစ်ခဲ့သောဖြစ်ရပ်မှာ ထိတ်လန့်စရာ ကောင်းသည်။ ရေမဆေးကျောက်ရှာသူ သူငယ်ချင်းသုံးယောက် ကျောက်ရှာထွက်လာကြရာ 'ဂန်ဂျာအောင်'ဆိုသူမှာ အဖော်နှစ်ယောက်နှင့် ကွဲသွားသည်။ တစ်ရက်နှစ်ရက်ကြာပြီးနောက် 'ဂန်ဂျာအောင်'၏ အလောင်းကို 'တောက်ပကြယ်'ကုမ္ပဏီပိုင် လုပ်ကွက်ထဲတွင် တွေ့ခဲ့ပြီး ရုပ်အလောင်းမှာ ရုပ်ပျက်ဆင်းပျက် အပိုင်းပိုင်းဖြတ်နေသဖြင့် သူ့ကို ကုမ္ပဏီစက်ကြီး မောင်းသူက သတ်ခဲ့တာပဲ ဖြစ်သည်။ ဂန်ဂျာအောင်၏ အမျိုးသမီးမှာ အသက် ၂၂ နှစ်အရွယ် ကိုယ်ဝန်နှင့်အတူ ၁ နှစ် သမီးတစ်ယောက် ကျန်ခဲ့သည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးက ယခုလို ဝေဖန်သုံးသပ်ခဲ့သည်။

*"ဒီဒေသမှာ ကျွန်ုပ်တို့ဘဝတွေအတွက် လုံခြုံမှုမရှိပါဘူး။ ကုမ္ပဏီတွေ မကြာသေးခင်က ပြန်ရောက်လာကြတယ်။ မြေတူးစက်ကြီးနဲ့ လူတစ်ယောက်ကို သတ်ပစ်လိုက်တယ်။ ဒီလို စက်ကြီးတွေသုံးပြီး ကျောက်ရှာနေမယ်ဆိုရင် ဒေသခံပြည်သူတွေအတွက် အကျိုးအမြတ် တစ်ခုမှ မရှာဘဲ ဖားကန့်က ပျောက်ကွယ်သွားလိမ့်မယ်။ ကုမ္ပဏီတိုင်းမှာ စစ်ဗိုလ်ချုပ်တွေနဲ့ အဆက်အသွယ်ရှိတယ်။ အင်ဒိုနီးရှားအစိုးရက အာချေးပြည်နယ်က ထွက်တဲ့ သဘာဝသယံဇာတအကျိုးအမြတ်ရဲ့ ၇၀ ရာနှုန်းကို ဒေသအတွက် ပြန်သုံးပေးနေတယ်။ အခု ဒီမှာ ကချင်တွေအတွက် ဘယ်မှာလဲ အကျိုးအမြတ်၊ ဒါကြောင့် ကျွန်ုပ်တို့တွေ ကန့်ကွက်နေတာပဲ"။*



www.burmeseclassic.com

www.burmeseclassic.com





ညအခါ ဓါတ်မီးတွေနှင့် ရေမဆေးကျောက် ကောက်သူတွေ



ဖားကန့်တောင်ဘက် ဂွေခမှ ရေမဆေးကျောက်ကောက်သူတွေ



www.burmeseclassic.com

www.burmeseclassic.com







လွှန်တူးစက်များဖြင့် ကျောက်စိမ်းတူးနေသူများ

www.burmeseclassic.com

www.burmeseclassic.com





ကချင်ပြည်သူတို့၏ နေ့စဉ်ဒုက္ခ
ဖားကန့်ဒေသ ရွှံ့လမ်းမပေါ်မှ နစ်နေသောထရပ်ကားတစ်စီးကို ဆင်နှင့် ဆွဲနေစဉ်



ယန္တယားကြီးတွေနားမှာ ကျောက်တူးသမားကလေးငယ်တစ်ဦး၊

www.burmeseclassic.com

www.burmeseclassic.com





၂၀၁၄ ခုနှစ် ကုမ္ပဏီများ စေတ္တနားခိုက် ဖားကန့် လုံခင်းအနီးတွင် ကျောက်ရှာနေသူများ



လိုင်စင်မဲ့ ကျောက်တူးသမားတွေကို ရဲကဖမ်းပြီး စက်တွေကို သိမ်းသွားကြသည်။
ဒါပေမယ့် လဘ်ထားရင်တော့ ပြဿနာ မရှိ။

www.burmeseclassic.com

www.burmeseclassic.com





မိုးရွာ၍ မြေပြိုပြီး လူ (၁၀) ယောက်သေဆုံးခဲ့သော လုပ်ကွက်တစ်ခု



ကျောက်ရှာရင်း ယန္တယားကြီးကြောင့် သေဆုံးခဲ့သူတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com





သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ၏ နောက်ဆက်တွဲအဖြစ်
ရေကြီးရေလျှံမှုများနှင့် ကြုံနေရသော ဖားကန့်



ကျောက်စိမ်းစီးပွားရေးနောက်ခံထားရိုက်ကူးထားသော ကချင်ရုပ်ရှင်ပွဲတော်

www.burmeseclassic.com



## အခန်း ၄
## ကျောက်စိမ်းနှင့် လက်နက်ကိုင်ပဋိပက္ခ

၁၇ နှစ်ကြာ အပစ်ရပ်စဲပြီးနောက် ၂၀၁၁ ခုနှစ်၊ ဇွန်လတွင် ပြန်စတင်လာခဲ့သော ကချင်ဒေသတွင်း စစ်ပွဲများကြောင့် ထောင်ပေါင်းများစွာ သေဆုံး၍ ပြည်သူတစ်သိန်းနီးပါး အိုးအိမ်၊ လယ်ယာတွေကို စွန့်ခွာခဲ့ရသည်။ သေကျေပျက်စီးဆုံးရှုံးမှုတွေအတွက် တစ်ဘက်နှင့်တစ်ဘက် စွပ်စွဲခဲ့ကြရာ ကချင်လွတ်မြောက်ရေးစစ်တပ်နှင့် အဖွဲ့အစည်း (KIA/KIO) တို့ကို ကလေးစစ်သား စုဆောင်းသည်။ မြေမြှုပ်မိုင်းတွေ အသုံးပြုသည်ဟူ၍ မြန်မာစစ်တပ်ဘက်က စွပ်စွဲခဲ့သည်။ သို့ပေမဲ့ မြန်မာစစ်တပ်ဘက်က ကျူးလွန်ခဲ့သော ရာဇဝတ်မှုတွေကိုလည်း တသီတန်းကြီး ဖော်ပြထားရာ ၎င်းတို့ထဲမှာ တရားဥပဒေမဲ့သတ်ဖြတ်မှုတွေ၊ အတင်းအဓမ္မ အလုပ်ခိုင်းစေ၍ နှိပ်စက်ညှဉ်းပန်းမှုအမျိုးမျိုး ပါဝင်သည်။ ကချင်ပြည်နယ်က အမျိုးသမီးတွေကို မြန်မာ့တပ်မတော်က ပစ်မှတ်ထားပြီး မုဒိမ်းကျင့်တာတွေနှင့် အခြားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ ကျူးလွန်နေကြောင်း ဝေဖန်သူအချို့က ထောက်ပြတာတွေလည်းရှိသည်။

မြန်မာပြည်ကျောက်စိမ်းစီးပွားရေးနှင့်ပတ်သက်၍ ကျွန်ုပ်တို့ Globle Witness အဖွဲ့ကြီးက စုံစမ်းလေ့လာမှုတွေ လုပ်နေချိန်မှာ မြန်မာစစ်တပ်က ရွာသားတွေကို လူသားဒိုင်းအဖြစ် အသုံးပြုခဲ့ကြောင်း ကြားသိခဲ့ရသည်။ နေရာမှာ ဖားကန့်မြောက်ဘက်၊ အောင်ဘာလေ တိုက်ပွဲအတွင်းဖြစ်၍ အချိန်အားဖြင့် ၂၀၁၅ ခုနှစ်၊ နှစ်ဆန်းပိုင်းဖြစ်သည်။

### ကျောက်စိမ်းနှင့်ဘာတွေပတ်သက်နေလဲ

ကချင်ဒေသတွင်း လက်နက်ပဋိပက္ခများ ဖြစ်နေရသော အကြောင်းတရား



www.burmeseclassic.com

www.burmeseclassic.com



မြောက်များစွာရှိသည့်အနက် အများစုကား မြန်မာအစိုးရအဆက်ဆက် ကျင့်သုံးခဲ့သော ပေါ်လစီနှင့် တစ်ဘက်က ကြီးထွားလာနေသော ကချင်အမျိုးသားရေးဝါဒတို့ တိုက်ခိုက်မှုဖြစ်သည်။ မြန်မာအစိုးရအဆက်ဆက်ကလည်း တိုင်းရင်းသားလူနည်းစုတွေအပေါ် ရန်လိုသော ဗဟိုချုပ်ကိုင်မှုကို ကျင့်သုံးလာခဲ့သည်။ သို့ရာတွင် ဆိုခဲ့သလို ပဋိပက္ခတွေထဲမှာ ကျောက်စိမ်းကဏ္ဍကား သီးခြားပြဿနာတစ်ခု ဖြစ်လာသည်။ ပြီးခဲ့သော အခန်းများမှာ ဖော်ပြခဲ့သလို ကချင်ပြည်ထဲက ငါတို့ပိုင်တဲ့ ကျောက်စိမ်းတွေကို စစ်အာဏာရှင်မိသားစုတွေ၊ ကုမ္ပဏီနှင့် ခရိုနီတွေ ခိုးယူနေပါသည်ဆိုသော ခံစားချက်က ကချင်အမျိုးသားရေးအသိစိတ်ကို ပို၍ ပြင်းထန်လာနေသည်။ ကျောက်စိမ်းနှင့် လက်နက်ကိုင်ပဋိပက္ခကြား ဆက်နွှယ်မှုမှာ အနိမ့်ဆုံး အခြားအကြောင်းတရား သုံးခုရှိသည်။

၁။ ညီညွတ်မှုတာသော ငြိမ်းချမ်းရေးသဘောတူညီချက်ရလာလျှင် စစ်တပ်မိသားစုနှင့် ကုမ္ပဏီများ ထိမ်းချုပ်ထားသော ကျောက်တွင်း တော်တော်များများ လက်လွှတ်ဆုံးရှုံးရလိမ့်မည်။ သို့ဖြစ်၍ ဖားကန့်ဒေသကို ဗဟိုအစိုးရက ပိုင်ပိုင်နိုင်နိုင် ထိမ်းချုပ်နိုင်သည်အထိ ၎င်းတို့၏ ငွေကြေးနှင့် နိုင်ငံရေးဩဇာတို့ကို အသုံးချနိုင်သည်။

၂။ ကချင်ပြည်နယ်အတွင်း တာဝန်ထမ်းနေသော တပ်မတော်အစိုးရအရာရှိများအနေနှင့် ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းမှ တစ်ဦးချင်းအကျိုးအမြတ်တွေ ရနေကြသဖြင့် ကချင်ပြည်နယ်မှာ ဘာကြောင့်သူတို့ တပ်စွဲထားရသည်ဆိုသော အကြောင်းပြချက်တွေ ရှိနေသည်။ ကျောက်စိမ်းသည် KIA/KIO တို့အတွက် အဓိက ဝင်ငွေရှာပေးသော စီးပွားရေးဖြစ်သည်။ သို့ဖြစ်၍ ကျောက်စိမ်းမြေအားလုံး ထိမ်းချုပ်နိုင်ရေးသည် နှစ်ဘက်လုံးအတွက် မဟာဗျူဟာမြောက် ဦးစားပေးလုပ်ငန်းဖြစ်သည်။


သို့ဖြစ်၍ ဦးစွာ ကချင်ပြည်ကျောက်စိမ်းမြေမှ ဘယ်သူတွေ အမြတ်ရနေကြသည်ဆိုသော မေးခွန်းကို သေသေချာချာ ကိုင်တွယ်ဖြေရှင်းနိုင်မှသာ ယခုကြိုးစားနေသော ငြိမ်းချမ်းရေးသဘောတူညီမှုသည် ရေရှည်တည်တံ့နိုင်မည် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



**နောက်ခံအကြောင်း**

၁၉၆၀ လွန်နှစ်များမှစ၍ ဖားကန့်ဒေသကို KIA/KIO တို့ ထိမ်းချုပ်၍ ဆယ်စုနှစ်စုကျော်မျှ ကျောက်စိမ်းလုပ်ငန်းမှ အဓိကရန်ပုံငွေတွေ ရှာခဲ့ကြသည်။

၁၉၉၂ ခုနှစ်တွင် အခြားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်ရပ်သဘောတူညီခဲ့ပြီးနောက် တပ်မတော်သည် KIA/KIO လက်နက်ကိုင်တပ်ဖွဲ့တစ်ဖွဲ့တည်းကိုပင် ပစ်မှတ်ထား တိုက်ခိုက်နိုင်ခဲ့ပြီးနောက် ကျောက်စိမ်းတွင်းတွေကိုပါ ထိမ်းချုပ်နိုင်ခဲ့သည်။

ဤအခြေအနေသည် အစိုးရနှင့် အပစ်ရပ်စာချုပ်လက်မှတ်ထိုးဖို့ KIA/KIO ဘက်က ဆုံးဖြတ်လိုက်ရသော အဓိက အလှည့်အပြောင်းလည်းဖြစ်သည်။

ထိမ်းချုပ်လိုက်သော ဖားကန့်ဒေသမှ ကျောက်တူးကွက်များကို စစ်အစိုးရက စစ်ဘက်မှ မိသားစုတွေ၊ ခရိုနီတွေနှင့် UWSA/UWSP ကဲ့သို့ အပစ်ရပ်အဖွဲ့တွေကို ဝေချမ်းပေးခဲ့သည်။

အမှန်အားဖြင့် အပစ်ရပ်သဘောတူညီမှုရခဲ့သော ၁၉၉၄–၂၀၁၁ နှစ်ကာလများကား ကချင်ပြည်နယ် သဘာဝအရင်းအမြစ်တွေကို ဝိုင်းအုံပြီး လုယက်သွားသော အချိန်ဖြစ်သည်။ ကချင်ပြည်နယ်က ကျောက်စိမ်းနှင့် ကျွန်းသစ်တွေကြောင့် မြန်မာစစ်တပ် အရာရှိတချို့သာမက KIA/KIO ခေါင်းဆောင်တချို့ပါ မဟာကံထူးရှင် သူဌေးကြီးတွေ ဖြစ်လာခဲ့ကြသော်လည်း ကချင်ပြည်နယ်ဒေသ တော်တော်များများကား တစပြင်နယ်ဖြစ် သွားသည်။ သစ်တောတွေ ပြောင်သလင်းခါသွားသည်။ မြေတွေ အသိမ်းခံလိုက်ရသည်။ ဗုဒ္ဓဘာသာမြန်မာတွေ ပြောင်းရွှေ့လာကြသည်။ နေရာတိုင်းမှာ မြန်မာစစ်တပ်တွေ ရောက်လာသည်။

**အားလုံးလက်လွတ်ဆုံးရှုံးရတော့မှာလား လိုင်စင်ရကုမ္ပဏီကြီးတွေ**

ဖားကန့်ကို အစိုးရထိမ်းချုပ်မှုလက်လွတ်လိုက်ရသည်ဖြစ်စေ၊ ကချင်ပြည်နယ်ပြည်သူတွေအတွက် အကျိုးရှိမည့် စနစ်တစ်ခု အစပြုခဲ့လျှင်ဖြစ်စေ၊ အကြီးအကျယ် ဆုံးရှုံးမည့်သူများမှာ ယခုစာတမ်းတွင် ဖော်ပြခဲ့သော ကျောက်စိမ်းကုမ္ပဏီကြီးတွေပဲ ဖြစ်သည်။

အဆိုပါကုမ္ပဏီကြီးများနောက်တွင် ရပ်နေသော မိသားစုအချို့မှာ အလွန်တရာ တန်ခိုးထွားသူတွေဖြစ်သည်။ သိသာထင်ရှားသူများမှာ အကြီးစားဗိုလ်ချုပ်များ



www.burmeseclassic.com

www.burmeseclassic.com



ကြီးသန်းရွှေ၊ ဝန်ကြီး ဦးအုန်းမြင့်နှင့် ကြံ့ဖွံ့အတွေထွေအတွင်းရေးမှူးဟောင်း၊ ဦးမောင်မောင်သိမ်းတို့ ဖြစ်သည်။ စစ်တပ်ပိုင် မြန်မာ့ဦးပိုင်လီမိတက်ကား နဝတစစ်အစိုးရနှင့်ပတ်သက်နေသော အငြိမ်းစားစစ်ဘက်အရာရှိကြီးများအတွက် ရင်းနှီးမြုပ်နှံထားသော ယာဉ်တစ်ခုပင်ဖြစ်သည်။ အခြားကုမ္ပဏီအများစုသည်လည်း စစ်ဘက်ထိပ်သီးကြီးများနှင့် အဆက်သွယ်ရှိသည်ဟု ယုံကြည်ရသည်။

သတင်းရပ်ကွက်တော်တော်များများ၏ အဆိုအရ ၂၀၁၁ ခုနှစ်၊ နှစ်ကုန်ပိုင်း (သို့) ၂၀၁၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကျောက်စိမ်းကုမ္ပဏီ အစုအဖွဲ့ကြီးက အစိုးရထံ ချဉ်းကပ်၍ ကျောက်တွင်းဧရိယာများတဝိုက် ခြေကုပ်ယူထားသော KIA တပ်များကို ပြုတ်သွားအောင် တပ်မတော်က ထိုးစစ်ဆင်ဖို့ ပြောဆိုကြောင်း သိရသည်။ ၂၀၁၂ ခုနှစ် နှစ်ဝက်ခန့်တွင် တပ်မတော်က KIA တို့ကို ထိုးစစ်ကြီးဆင်ခဲ့ရာ ယခုအခန်း၏ မြေပုံတွင် ပြထားသည့်အတိုင်း ကုမ္ပဏီများ မျှော်လင့်ထားသည်များ ရရှိခဲ့သည်ဟုဆိုပါသည်။ သို့ဖြစ်လည်း ကျောက်စိမ်းလုပ်ငန်းရှင်တစ်ဦးက သူ့အမြင်ကို ယခုလို ပြောခဲ့သည်။ အပစ်ရပ်စဲသည်ဖြစ်စေ၊ မရပ်သည်ဖြစ်စေ သူတို့က ရသမျှအကုန်ယူမှာပဲ၊ ဒါ . . . . သူတို့ရည်ရွယ်ချက်ပဲ။

## ကျောက်စိမ်းမာဖီးယား

ဒီနေရာမှာ ဥပဒေမရှိဘူး။ တပ်ရင်းမှူးတွေပဲဖြစ်ဖြစ်၊ အရာရှိပေါက်စတွေပဲဖြစ်ဖြစ် အားလုံး ပိုက်ဆံလိုချင်နေကြတယ်။ သူတို့ကိုမပေးရင် သူတို့လူတွေကိုလွှတ်ပြီး ပိုက်ဆံတောင်းခိုင်းတယ်။

## ကျောက်စိမ်းစီးပွားရေးသမားတစ်ဦး

ဖားကန့်တွင် စစ်တပ်၏အဓိကလုပ်ငန်းမှာ ကျောက်စိမ်းစီးပွားရေးသမားတွေဆီက အခွန်ကောက်ဖို့ဖြစ်သော်လည်း ၎င်းရည်ရွယ်ချက်ကို KIA တွေကိုတိုက်ရမည်ဆိုသော အလုပ်နှင့် ဖုံးထားသည်။ ဤတွင် ကျောက်တူးလုပ်ငန်းလုပ်သည်ဖြစ်စေ၊ ကျောက်စိမ်းမှောင်ခိုရောင်းဝယ်ရေး လုပ်သည်ဖြစ်စေ၊ လက်ကြီးလုပ်ငန်းရှင်တွေက စစ်တပ်ကို ငွေပေးနိုင်သော်လည်း လုပ်ငန်းရှင်လေးများနှင့် အရောင်းဝယ်သမားတွေ ခက်ခက်ခဲခဲ လုပ်ကိုင်နေကြရသည်။

ကျောက်တူးသမားလေးတွေ ရှာဖွေရရှိသော ကျောက်စိမ်းတစ်တုံးခန့်ဖိုး၏



www.burmeseclassic.com

www.burmeseclassic.com



၂၀ ရာနှုန်းကို ဆက်ကြေးအဖြစ်ပေးရပြီး ၎င်းငွေကို ကြားပွဲစားတွေ၊ သတင်းပေး တွေ၊ အရပ်ဝတ်ရဲတပ်ဖွဲ့ဝင်တွေက စစ်တပ်အရာရှိတွေဆီ ပို့ပေးရသည်။ ကုမ္ပဏီတွေ လုံခြုံရေးကို တာဝန်ယူပေးခြင်းဖြင့်လည်း စစ်တပ်အနေနှင့် ဝင်ငွေအမြောက်အများ ရသေးသည်။ စစ်တပ်အတွက် နောက်ထပ် ဝင်ငွေရပေါက်ရလမ်းတစ်ခုမှာ တရုတ်ပြည်ဘက် ကျောက်စိမ်းမှောင်ခိုလုပ်နေသော ကုမ္ပဏီနှင့် ကယ်ရီ (အထမ်း သမား)တွေဆီက လာဘ်ငွေပဲဖြစ်သည်။ မှောင်ခိုသမားတွေဘက်ကလည်း စစ်ဘက် အပြင် အခြားဒေသဆိုင်ရာအာဏာပိုင်တွေနှင့် ချိတ်ဆက်ထားရပြီး ငွေကို စနစ်တကျပေးရသည်။

၂၀၁၄/၁၅ ခုနှစ်များအတွင်း ဖားကန့်မှအထွက်လမ်းတစ်လျှောက် စစ်ဆေးရေးဂိတ်များကို မြေပုံတွင် ပြထားပါသည်။

ကျွန်ုပ်တို့ Global Witness အဖွဲ့က ကျောက်စိမ်းအထမ်းသမား တော်တော်များများနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ စစ်ဆေးရေးဂိတ်တွေ အလုပ်လုပ်ပုံကို ယခုလို သိရသည်။

၁။ ဩဇာလည်းရှိ၊ အဆက်အသွယ်လည်းရှိသော ကုမ္ပဏီထရပ်ကားများ ပေါ်မှာ စစ်သားများ (သို့) အရာရှိတစ်ယောက် ပါသဖြင့် စစ်ဆေးရေးဂိတ် က မတား၊ ဖြတ်မောင်းသွားတတ်ကြသည်။

၂။ အလယ်အလတ်အရွယ် ကျောက်စိမ်းသယ်သူတွေက ရှေ့ပြေးမော်တော် ကားတစ်စီးလွှတ်ပြီး ဂိတ်စောင့်တွေကို ငွေပေးနိုင်းလိုက်သည်။ တပါတည်း ကျောက်စိမ်း သယ်လာမည့် မော်တော်ကားနံပါတ်ကိုလည်း ပေးလိုက်သည်။

၃။ ပိုက်ဆံလည်းမရှိ၊ အဆက်အသွယ်လည်းမရှိသော အထမ်းသမားလေး တွေကမူ ကျောက်စိမ်းတုံးကို ခိုးဝှက်ပြီး ဂိတ်ကို ဖြတ်ကျော်ရသည်။ မိသွားရင် ပိုက်ဆံပေးရသည်။ ထိုအခါမျိုးတွင် တောင်းသည့်ပိုက်ဆံ ကလည်း ကျောက်ဖိုးထက် များနေတတ်သည်။ မပေးနိုင်လျှင် ထောင်ကျ ရသည်။

ဖားကန့်ဒေသအခြေအနေအရပ်ရပ်ကို အနီးကပ် စောင့်ကြည့်လေ့လာ သူတစ်ဦး၏ အဆိုအရ ကျောက်စိမ်းလုပ်ငန်းများမှ နှစ်ဦးနှစ်ဘက်လုံး အကျိုး အမြတ် ရဖို့ မြန်မာစစ်တပ်နှင့် KIA/KIO အဖွဲ့ နှစ်ဖွဲ့လုံး ပြောင်ပူးပေါင်းကြသည် ဟု ကြံကြောင်း KIA/KIO တပ်ဖွဲ့တွေ ဘယ်လမ်းကြောင်းက ကျောက်စိမ်းသယ်နေသည်



www.burmeseclassic.com

www.burmeseclassic.com



ကို သိသော်လည်း တပ်မတော်ဘက်က မျက်စိလွဲထားကြောင်း လေ့လာသူတစ်ဦးက ပြောပြ သည်။ အလားတူ အရည်သွေးကောင်းသော ကျောက်စိမ်းတုံးတစ်တုံးပေါ်မှာ တဖွဲ့အတွက် အခွန်ဘယ်လောက်ယူကြမည်ကိုလည်း တပ်မတော်နှင့် KIA တို့ သဘောတူညီမှုရှိထားကြောင်း သိရသည်။

သို့ဖြစ်၍လည်း KIA/KIO ထောက်လှမ်းရေးအရာရှိတစ်ဦးက ယခုလို ပြောခဲ့တာပဲဖြစ်သည်။

*"စစ်တိုက်တာ စစ်တိုက်တာပဲ၊ စီးပွားရေးက စီးပွားရေးပဲ၊ အဲလို ဆက်ဆံရတာ ကောင်းပါတယ်"။*

အသေးစားကျောက်တူးလုပ်ငန်းရှင်တွေဆီက အခွန်ယူဖို့နှင့် အခြား ဆက်သွယ်ရေးကိစ္စတွေအတွက် တပ်မတော်ဗျူဟာမှူးနှင့် KIA တပ်မဟာ ၆ ကြားတွင် ပွဲစားတစ်ယောက်တည်းသာ ထား၍ နိုင်စေကြောင်း သို့မှသာ နားလည်မှု လွဲချော်ပြီး တိုက်ပွဲ ဖြစ်နိုင်မည့်ကိစ္စတွေ နှစ်ဦးနှစ်ဘက်ကြား လျော့နည်းသွားမည်ဖြစ် ကြောင်း သိရသည်။ ၂၀၁၄ ခုနှစ် အောက်တိုဘာလတွင် တပ်မတော်နှင့် KIA ကို တစ်ဘက်နှင့်တစ်ဘက် တင်းမာနေချိန်တွင် ဖားကန့်မှ ဗျူဟာမှူးက KIA ဗျူဟာမှူးထံ ကျောက်ပွဲစားမှတဆင့် စာတစ်စောင် ပေးပို့ခဲ့သည်။ စာတွင် သူ့ ဖာနေနှင့် မတိုက်ချင်သော်လည်း နေပြည်တော်မှ အမိန့်ကို မလွန်ဆန်နိုင်ကြောင်း မဖော်ပြထားသည်။ လက်တွေ့ဖော်ဆောင်နေသော လုပ်ငန်းများအရ သုံးသပ်ကြည့် လျှင် စစ်မှန်သော ငြိမ်းချမ်းရေးနှင့် အသံမတိတ်သေးသော တိုက်ပွဲများမှာ လုံးဝ ဆက်စပ်မရသော ကိစ္စများ ဖြစ်ပါသည်။ ပို၍ဆိုးဝါးသည်မှာ နှစ်ဘက်ကြားတွင် မီးခိုးရောင်နယ်မြေ ရှိနေခြင်းဖြစ်သည်။

တဘက်နှင့်တဘက် ငြိမ်းခြောက်ဖို့ စစ်တပ်တွေ ချထားပေမဲ့ တကယ် မလောက်လောက်လားလား တိုက်ပွဲများကား ဖြစ်စရာအကြောင်း မရှိတော့ပါ။ အစိုးရထဲမှ ဖြစ်စေ၊ ပြင်ပမှဖြစ်စေ၊ ငြိမ်းချမ်းရေးဖော်ဆောင်သူတွေဒ နနှင့် မရရှည်တည်တံ့သော ငြိမ်းချမ်းရေးသဘောတူညီချက်ကို တပ်မတော်က ယောက်ခံ မည့် နည်းလမ်းတစ်ခု တွေ့တော့မည်ဆိုလျှင် အထက်တွင် ဖော်ပြခဲ့သော မက်လုံးများနှင့် အမှုအကျင့်တို့ကို အသိအမှတ်ပြု၍ ရင်ဆိုင်ရမည်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





တပ်မတော်လက်ထဲ ကျသွားသော KIA စစ်ဆေးရေးဂိတ်



ဖားကန့်မှ KIA စစ်ဆေးရေးဂိတ်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



## KIA/KIO ၏ အသက်သွေးကြော

၂၀၁၁ ခုနှစ် ဇွန်လ လက်နက်ကိုင်တိုက်ပွဲတွေ ပြန်စချိန်တွင် KIA/KIO မဟာဗျူဟာမြောက်နေရာမှာ ဖားကန့်ဖြစ်သည်။ အုပ်စုကိုယ်စားလှယ်များက ကျွန်ုပ်တို့ထံပေးစာတစ်စောင်တွင် သူတို့၏ရည်ရွယ်ချက်မှာ ကျောက်စိမ်းစီးပွားရေးကို ပြန်လည်ထိမ်းချုပ်ပြီး စီမံခန့်ခွဲဖို့ဖြစ်ကြောင်း ရေးသားထားသော်လည်း လက်တွေ့တွင်မူ ကျောက်စိမ်းတွင်းလုပ်ငန်းရှင်လေးတွေ အရောင်းအဝယ်သမားတွေဆီက အခွန်ကောက်ဖို့ ဖားကန့်အနီးတဝိုက်တွင် KIA တပ်တွေ ဖြန့်ကျက်ထားခဲ့သည်။

KIA/KIO ဘက်ကကြည့်လျှင် အစိုးရက အပစ်ရပ်စာချုပ်ကို ချိုးဖောက်ခြင်းဖြစ်သည်။ သို့ဖြစ်၍ ဖားကန့်ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်သော အခြားသဘောတူညီချက်အားလုံးလည်း ပျက်ပြယ်သွားပြီဆိုသည့်သဘောဖြစ်သည်။

ခိုင်လုံသော သတင်းရပ်ကွက်တစ်ခု၏ အဆိုအရ KIA/KIO ဌာနချုပ်လိုင်ဆာမှ အရာရှိများက လိုင်စင်ကိုင်ထားသော ကုမ္ပဏီကြီးတွေကို စာရေး၍ အခွန်တောင်းခဲ့ကြောင်း ကုမ္ပဏီကြီးတော်တော်များများက တစ်ဦးလျှင် ဒေါ်လာ ၁ သိန်းမှ ၅ သိန်းအထိ ပေးခဲ့ရကြောင်း သိရသည်။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီတစ်လတည်းမှာပင် KIA/KIO ကုမ္ပဏီများထံမှ ဒေါ်လာ သန်း ၂၀ ကျော်ကောက်ခံသွားရာ ၎င်းသတင်း ကြားသိရသည့်အခါ နေပြည်တော်အာဏာပိုင်တွေ အကြီးအကျယ် ဒေါသထွက်သွားပြီး KIA/KIO တို့၏ လုပ်ရပ်ကို တားဆီးသည့်အနေနှင့် ကုမ္ပဏီများ ကျောက်တူးဖော်ရေးလုပ်ငန်းကို ၂၀၁၂ ခုနှစ် မေမှစ၍ ခေတ္တရပ်ဆိုင်းခဲ့သည်။ သို့ပေမဲ့ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာတွင် ကုမ္ပဏီလုပ်ငန်းတွေပြန်စသည်နှင့် KIA/KIO ကလည်း ကုမ္ပဏီ တွေဆီက အခွန်တွေ ကောက်ပြန်ပါသည်။ KIA/KIO တို့၏ အခွန်စနစ်မှာ အစိုးရပြဋ္ဌာန်းထားသော စံချိန်စံညွှန်းများပေါ်မှာ အခြေခံထားပြီး အဆိုပါအခွန်သတ်မှတ်ချက်ဆိုင်ရာ အချက်အလက်များကို သတ္တုတွင်းဝန်ကြီးဌာနအရာရှိတစ်ဦးထံမှ လျှို့ဝှက်ဝယ်ယူခဲ့ပြီး ၎င်းအချက်အလက်များအရ ကျောက်စိမ်းလုပ်ကွက်တွေဆီက ဒေါ်လာသန်းပေါင်းများစွာကို KIA/KIO တွေ ကောက်ယူနိုင်တာပဲဖြစ်သည်။

KIA/KIO က Global Witness ထံ ပေးပို့သော စာအရ ၎င်းတို့၏ ကူးသန်းရောင်းဝယ်ရေးဌာနသည် ကျောက်စိမ်းတူးဖော်ရေးနှင့် ကျောက်စိမ်းရောင်းဝယ်ရေးတို့တွင် အခွန်ကောက်ဖို့ တာဝန်ရှိကြောင်း အခွန်ကောက်ရာတွင် တန်ဖိုး၏



www.burmeseclassic.com

www.burmeseclassic.com



၁၀–၂၀ ရာနှုန်းမှသည် အမြတ်ငွေ၏ သုံးပုံတစ်ပုံအထိ အမျိုးမျိုးကောက်ခံလေ့ရှိကြောင်း၊ ကုမ္ပဏီများတွင် အလုပ်လုပ်နေသော ကျောက်တူးသမားအရေအတွက် သုံးစွဲသော စက်ယန္တရားအမျိုးအစား၊ လောင်စာဆီတို့ပေါ်လည်း အခွန်ကောက်ခံကြောင်း ကျောက်စိမ်းတူးနေသော ဧရိယာထဲ ဝင်လာသူမှန်သမျှ ဝင်ကြေးပေးဖို့လိုကြောင်း ဖော်ပြထားသည်။

ရေးသားထားသောစာအရ KIA/KIO တို့ ကောက်ခံနေသော အခွန်ပုံစံသည် စနစ်ကျသည်ဟု ထင်ရသော်လည်း လက်တွေ့တွင်မူ ကုမ္ပဏီများ ပေးရသောငွေပမာဏမှာ အတိုးအလျှော့ ရှိကြောင်း ၎င်းတို့ကိုယ်စားလှယ်တစ်ဦး၏ စကားအရ သိခဲ့ရသည်။ အခွန်များ ကောက်ခံရာတွင်လည်း ကြားပွဲစားနှင့် ကောက်ခံကြောင်း၊ ပွဲစားအဖြစ် ဆောင်ရွက်သူမှာ UWSA/UWSP ဥက္ကဋ္ဌ ပေါက်ယုချမ်း၏ သားမက်၊ အိုက်ဖြစ်သည်။ အိုက် (သို့) ကြားပွဲစားနှင့် အခွန်ကောက်နေသည်ဆိုသော အချက်ကို KIA/KIO က ငြင်းပယ်ခဲ့သော်လည်း ၎င်းတို့ရနေသော အခွန်ငွေတော်တော်များများမှာ KIA/KIO ခေါင်းဆောင်တွေအိတ်ကပ်ထဲ ရောက်သွားကြောင်း ကချင်ပြည်သူတွေကြားမှာ ပြောဆိုနေကြသည်။ တပ်မတော်လိုပင် KIA/KIO ကလည်း ကျောက်တွင်းလုပ်ငန်းရှင်လေးတွေကိုပါ အခွန်ကောက်သည်။

တပ်မတော်က ကောက်ခံသော ၂၀ ရာနှုန်းဆိုသည်မှာ တရားမဝင်ပေးရသော်လည်း KIA/KIO ကို ပေးရသောငွေကိုတော့ တရားဝင်အခွန်ပေးနေရတယ်လို့ ကချင်တော်တော်များများက ယုံကြည်နေကြသည်။ KIA/KIO ကလည်း အခွန်လက်ခံရရှိကြောင်း ပြေစာထုတ်ပေးပြီး ၎င်းပြေစာဖြင့် ကျောက်စိမ်းကို တရုတ်ပြည်အထိ သယ်ဆောင်ခွင့်ရှိသည်။

KIA/KIO ၏ ကျောက်စိမ်းရောင်းဝယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဖားကန့်မြောက်ပိုင်းမှ လမ်းကြောင်းကွန်ရက်တွေကို အသုံးလျက်ရှိရာ အချို့ကိစ္စများမှာ ကုန်သည်နှင့် KIA/KIO တို့ စပ်တူလုပ်တာမျိုးလည်းရှိသည်။ ကုန်သည်က မိမိ သယ်ယူလာသော ကျောက်စိမ်းတန်ဖိုးအတွက် အခွန်ပေးလိုကပေးနိုင်သည်၊ သို့တည်းမဟုတ် KIA/KIO တို့နှင့် အရောင်းအဝယ်လုပ်နိုင်သည်။ စပ်တူလုပ်လျှင် ကျောက်စိမ်းကို KIA/KIO က ၎င်းတို့ဌာနချုပ်လိုင်ဇာမှတဆင့် တရုတ်ပြည်သို့ သယ်သွားပြီး ရောင်းပေးရသော်လည်း ခရီးစဉ်လုပ်ငန်းအပြီးအစီး တစ်နှစ်နီးပါး ကြာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အပစ်ရပ်ကာလအတွင်း တရုတ်ပြည်ယူနန်တွင် KIA/KIO ပိုင် 'ရင်ချင်း' ဆိုသော ကုမ္ပဏီတစ်ခု တရားဝင် ဖွင့်၍ ကျောက်စိမ်းအရောင်းအဝယ်လုပ်ငန်း အားလုံး လုပ်ကိုင်နေခဲ့သော်လည်း ၂၀၁၂ ခုနှစ် တိုက်ပွဲတွေ ပြန်စလာပြီးနောက်တွင်မှ 'ရင်ချင်း'ကုမ္ပဏီ ဆက်လက်ရှိသေးသလားဆိုတာ ရှင်းရှင်းလင်းလင်း မသိရတော့ပါ။


မည်သို့ရှိစေ၊ ကချင်ပြည်နယ် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းကြီး၏ လေ့လာစမ်းစစ်မှုအရ နိုင်ငံရေးအဖြေမထုတ်နိုင်မီ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကြီးတွေ စတင်မည်ဆိုလျှင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများကြား၊ အစိုးရနှင့် ဒေသခံတွေကြား ပဋိပက္ခတွေ ပိုကြီးလာမှာဖြစ်၍ စီမံကိန်းသစ်တွေကို ယာယီရပ်ဆိုင်းထားဖို့ လိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com





တရုတ်ပြည်၊ ကျောက်စိမ်း လက်ဝတ်ပစ္စည်းရောင်းဝယ်ရေးဆိုင်တစ်ဆိုင်



ကျောက်စိမ်းတွေကိုကြည့်နေတဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် မော်စီတုံး
ယူနန်ပြည်နယ် ကျောက်စိမ်းရောင်းဝယ်ရေးဆိုင်တစ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com





ကျောက်စိမ်းဈေးကွက်တစ်ခု၊ ဖားကန့်



ဈေးကွက်မပို့မီ ကျောက်တွင်းမှာပင် ကျောက်စိမ်းတွေကို အစိုးရ ဈေးဖြတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



# နိဂုံး

မြန်မာ့ကျောက်စိမ်းလုပ်ငန်းကား ခေတ်သစ်သမိုင်းတွင် အကြီးဆုံးသော သဘာဝအရင်းအမြစ် လုယက်မှုကြီးတစ်ခု ဖြစ်နိုင်ပါသည်။ ကျောက်စိမ်းလုပ်ငန်းမှ ရရှိသော အကျိုးအမြတ်ငွေမှာ အံ့သြလောက်အောင် များပြားလှသော်လည်း၊ တာဝန်ယူမှုအဆင့်ကား လုံးဝ မရှိသလောက်သာ ကျောက်စိမ်းလုပ်ငန်းအားလုံး၏ တန်ဖိုးသည် မြန်မာနိုင်ငံ GDP ၏ ထက်ဝက်နှင့် တန်ဖိုးညီမျှလျက်ရှိရာ အဆိုပါ လုပ်ငန်းကို စစ်အစိုးရက သူနှင့်ပတ်သက်သူတွေကို ထိမ်းချုပ်ခွင့်ပြုထားသမျှ ကာလပတ်လုံး ကချင်ပြည်နယ် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းဖို့ လမ်းစ မမြင်နိုင်ပါ။

မြန်မာနိုင်ငံအပါအဝင် သယံဇာတကျိမ်စာသင့်နေသော နိုင်ငံများမှ လေ့လာတွေ့ရှိခဲ့သော သင်ခန်းစာများအရ နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုတွေ တဖြည်းဖြည်း ပျက်ပြားလာနေသည်မှာ လုံးဝ မငြင်းနိုင်သော အကြောင်းအရာဖြစ် ပါသည်။

ကျွန်ုပ်တို့ မျက်နှာဖုံးချွတ်ခွာပြခဲ့သော ပလေယာများမှာ ထုတ်ဖော်ပြထိုက် ရုံမက ကျောက်စိမ်းနှင့် ချမ်းသာကြွယ်ဝလာသူတွေထဲမှာ အန္တရာယ်အကြီးဆုံးလူတွေ လည်း ဖြစ်ပါသည်။ သို့ရာတွင် ၎င်းတို့နှင့်ပတ်သက်၍ အပေါ်ယံမျှသာ ကောက် ကြောင်းဆွဲပြခဲ့သဖြင့် စိုးရိမ်မှုတွေ ပို၍ ရှိလာပါသည်။ ဧရာမကျောက်စိမ်းကုမ္ပဏီ ကြီးတွေအားလုံးကို စစ်ဗိုလ်ချုပ်ကြီးအချို့၏ မိသားစုတွေက ထိမ်းချုပ်ထားသည် ဆိုရင် ဘာတွေဖြစ်လာမလဲ။ တရုတ်ပြည်မှာ ကျောက်စိမ်းကတဆင့် အကျိုးအမြတ် တွေ ရနေတာ ဘယ်သူတွေလဲ၊ ကန့်လန့်ကာနောက်ကွယ်မှာ ဘယ်လိုသြဇာအာဏာ တွေရှိနေလဲ၊ အဆိုပါမေးခွန်းတွေက ကျွန်ုပ်တို့အဖြေမပေးခဲ့သော်လည်း ကျောက်စိမ်း



www.burmeseclassic.com

www.burmeseclassic.com



မှရနေသော ငွေပုံကြီးကား တရုတ်နယ်စပ်နှင့် မြန်မာပြည်ထဲမှာ တောင်လိုပုံလာနေသည်မှာ သေချာပါသည်။ သို့ရာတွင် နေပြည်တော်မှ ပြုပြင်ပြောင်းလဲရေးသမားများအနေနှင့် လက်တွေ့အခြေအနေများကို မျက်နှာချင်းဆိုင်ဖို့ ဘာကြောင့် တွန့်ဆုတ်နေသည်ကို အလွယ်တကူ သိနိုင်ပါသည်။

လက်နက်ကိုင်ပဋိပက္ခများ (သို့မဟုတ်) အာဏာရှင်စနစ်များမှ ထွက်ပေါ်လာသော နိုင်ငံများမှ အစိုးရတော်တော်များများသည်လည်း သဘာဝအရင်းအမြစ်တွေကို အကြောင်းပြုပြီး ဘယ်သူတွေ သူဌေးဖြစ်နေသလဲဆိုသောမေးခွန်းကို ဖြေဖို့ ကြိုးစားကြမှာ မဟုတ်ပါ။ အာဏာရှင်တွေဖြစ်စေ၊ သူပုန်သူကန်တွေဖြစ်စေ၊ တပ်မှူးကြီးတွေဖြစ်စေ သူတို့အားလုံး တိုင်းပြည်သယံဇာတများမှ ဝေစုကြီးတွေနှင့် ဝမ်းကျသွားကြပြီး သူတို့ကိုယ်သူတို့ သူခိုးမဖြစ်တွေမဟုတ်ကြောင်း သဘောတူကြလိမ့်မည်ဆိုသော အယူအဆများ ရှိသော်လည်း လက်တွေ့အလုပ်ဖြစ်သော နည်းလမ်းမဟုတ်ပါ။

အလုအယက်ခံလိုက်ရသော အရင်းအမြစ်ဥစ္စာဓနများကား ဒေသခံပြည်သူတို့ ခံစားရမည့် ဘဝဖွံ့ဖြိုးတိုးတက်မှုတွေကို ပြေတိုက်ရုံမျှသာမဟုတ်ဘဲ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးကို ဆန့်ကျင်သူတွေကို ဩဇာအာဏာအမြောက်အမြား ပေးနေပါသည်။ သူတို့မှာ လူထုထောက်ခံမှု မရှိသော်လည်း ငွေတိုက်သေတ္တာသော့ကို သူတို့ကို ပေးလိုက်လျှင် တခေတ်ပြန်ထဖို့ အားထုတ်နိုင်ပါသည်။

ဤသို့သော ကံကြမ္မာမျိုးကို ရှောင်နိုင်ဖို့ရာ မြန်မာမှာ အခွင့်ရေးကောင်း တစ်ခု ရှိပါသည်။ ဦးသိန်းစိန်အစိုးရအနေနှင့် သဘာဝသယံဇာတများ စီမံခန့်ခွဲမှုနှင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆောင်ရွက်မှု နှစ်ခုလုံးတွင် လမ်းခုလတ်ရောက်နေပြီ ဖြစ်ပါသည်။ လုပ်ငန်းစဉ်နှစ်ရပ်လုံးသည် ခက်ခဲသော်လည်း မဖြစ်နိုင်စရာ အကြောင်း မရှိပါ။

နောင်ဆက်ခံမည့် အစိုးရအနေနှင့်လည်း ယခုအခါ မြန်မာကို ကမ္ဘာက ဖောရုံစိုက်နေသဖြင့် နောက်ဆုတ်စရာအကြောင်းမရှိပါ။ နောင်တက်လာမည့် အစိုးရအဖွဲ့ကို မည်သူဦးဆောင်သည်ဖြစ်စေ၊ လတ်တလောကြုံတွေ့နေရသော သယံဇာတကျိမ်စာမှ ကချင်နှင့် မြန်မာပြည်သူပြည်သားအားလုံးအတွက် အကျိုးဖြစ်ထွန်းမည့် အခြေအနေသို့ ပြောင်းလဲဖို့ အခွင့်အရေးရှိပါသည်။

တကယ်လည်း တိုင်းပြည်ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီရေးနှင့် ငြိမ်းချမ်းရေးဆီ



www.burmeseclassic.com

www.burmeseclassic.com



ဦးတည်ကြမည်ဆိုလျှင် ပြုပြင်ပြောင်းလဲရေးတွေလုပ်ဖို့ အမှန်လိုနေပါသည်။ နိုးရာပါ တိုက်ရာပါပစ္စည်းတွေ စုပုံလာလေလေ၊ သူတို့ဘက်က အမြန်ဆုံးဆောင်ရွက်ရပါလိမ့်မည်။

အစိုးရသစ်အနေနှင့် ဦးစားပေးလုပ်ရမည့်အလုပ်မှာ ကျောက်စိမ်းလုပ်ငန်းနှင့် ပတ်သက်သော ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတွေကို တည်ဆောက်ဖို့နှင့် သယံဇာတစီမံခန့်ခွဲရေးကိစ္စကို ငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ ထည့်ပေးဖို့ ဖြစ်သင့်ပါသည်။

အဆိုပါလုပ်ငန်းစဉ်တွေအောင်မြင်ဖို့ နိုင်ငံတကာမှ ထောက်ခံမှုတွေလည်း လိုအပ်ပါလိမ့်မည်။ သို့ဖြစ်ပါ၍ နိုင်ငံခြားအစိုးရအဖွဲ့များ၊ နိုင်ငံတကာအဖွဲ့အစည်းများသာမက ပြီးခဲ့သော ရွေးကောက်ပွဲတွင် အနိုင်ရခဲ့သူတို့အတွက် လုပ်သင့်လုပ်ထိုက်သည်တို့ကို ဤစာတမ်းဖြင့် ကျွန်ုပ်တို့ Golbal Witness အဖွဲ့ကြီးက အကြံပြုလိုက်ပါကြောင်း။



www.burmeseclassic.com